# ကြေးမုံ

*The Mirror Daily*

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)


၁၃၈၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက်၊ တနင်္လာနေ့။ Monday, 27 September 2021 ၁၀၅၀၉


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဝယ်ယူသည့် Sinopharm အမှတ်တံဆိပ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အကြိမ်ရေ လေးသန်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ထပ်မံရောက်ရှိ

## ယနေ့အထိ ကျန်းမာရေးဝန်ကြီးဌာနက ဝယ်ယူထားသော COVISHIELD နှစ်သန်း၊ Sinopharm ၁၀ သန်း၊ Sinovac နှစ်သန်း စုစုပေါင်း ၁၄ သန်း doses ရောက်ရှိပြီးဖြစ်




**နေပြည်တော် စက်တင်ဘာ ၂၆**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ဦးတည်အုပ်စုများ သတ်မှတ်၍ ထိုးနှံပေးလျက်ရှိသည်။ ထိုသို့ထိုးနှံပေးရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ Sinopharm အမှတ်တံဆိပ် ကာကွယ်ဆေး အကြိမ်ရေ ၂၄ သန်း စာချုပ်ချုပ်ဆို ဝယ်ယူထားသည့်အနက် ကာကွယ်ဆေးအကြိမ်ရေ လေးသန်းသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ယနေ့ ညနေ ၅ နာရီခွဲတွင် ထပ်မံရောက်ရှိလာခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး ကုသရေး/ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဦးဆောင်သည့်အဖွဲ့က လက်ခံရယူခဲ့သည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍


တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဝယ်ယူသည့် Sinopharm အမှတ်တံဆိပ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အကြိမ်ရေ လေးသန်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိစဉ်။


**သက်သာသောဈေးနှုန်းဖြင့် စက်သုံးဆီဖြန့်ဖြူးရောင်းချမှုအစီအစဉ် ဆောင်ရွက်လျက်ရှိ** စာမျက်နှာ » ၈

**စင်ကာပူနိုင်ငံက ဖွံ့ဖြိုးဆဲနိုင်ငံများအား ဒစ်ဂျစ်တယ်စနစ်ကူးပြောင်းရေးနှင့် ကိုဗစ်-၁၉ ရောဂါကြောင့် ထိခိုက်သွားသည့် စီးပွားရေးအခြေအနေ ပြန်လည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီမည်** စာမျက်နှာ » ၁၁

**ဂျပန်နိုင်ငံက ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အရေးပေါ်အခြေအနေ ရုပ်သိမ်းမည်** စာမျက်နှာ » ၁၃

**ကိုဗစ်ကာလအလွန် ခရီးစဉ်ဒေသသစ်ဖော်ဆောင်ထားသည့် ကျောက်ပန်းတောင်းမြို့နယ် လဲဂွရွာ၊ လက်ပံအိုင့်ရွာမှသည် ပုပ္ပားတောင်ပတ်လည်ခရီးစဉ်တစ်ခွင်သို့** စာမျက်နှာ » ၂၄




**ပါဝင်ဆင်နွှဲ ကမ္ဘာ့ကုန်စည်ပြပွဲ - Expo 2020 Dubai**


ဆောင်းပါး စာမျက်နှာ » ၆

ကြေးမုံ

# အကျိုးမရှိသည့်နိုင်ငံရေးတလွဲကောက်ချက် ပယ်ချ

ဂျီနီဗာမြို့တွင် ကျင်းပခဲ့သည့် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ (၄၈) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကာလအတွင်း မြန်မာနိုင်ငံအပေါ် ဆန့်ကျင်သည့် ဆွေးနွေးမှု (၃) ခုကို သက်ဆိုင်သည့် မြန်မာနိုင်ငံမပါဘဲ တင်သွင်းဆွေးနွေးခဲ့သည်ကို တွေ့ရသည်။ ထိုအစည်းအဝေးတွင် မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာတင်သွင်းသူက စက်တင်ဘာ ၂၂ ရက်တွင် နှုတ်ဖြင့်တင်သွင်းခဲ့ပြီး စက်တင်ဘာ၂၃ ရက်တွင် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးက တင်ပြခဲ့မှုများမှာ တရားနည်းလမ်းမကျသည့် တစ်ဖက်သတ်တလွဲကောက်ချက်စွပ်စွဲမှုများဖြစ်သည်။

အစီရင်ခံစာတွင် ယခုနှစ် ဧပြီ ၉ ရက်က မြန်မာနိုင်ငံ ပဲခူးတိုင်းဒေသကြီး ဖြစ်စဉ်၌ လူပေါင်း ၈၀ ကျော် သေဆုံးခဲ့ကြောင်း စွပ်စွဲထားသည်။ ဖြစ်စဉ်အမှန်မှာ ဧပြီ ၉ ရက်က အကြမ်းဖက်လက်နက်ကိုင်များက ပဲခူးတိုင်းဒေသကြီးရှိ နယ်မြေအချို့ကို ထိန်းချုပ်ရန်ရည်ရွယ်ချက်ဖြင့် လမ်းအချို့ကို စီးနင်းထားခဲ့သည်။ လုံခြုံရေးတာဝန်ရှိသူများက အတားအဆီးများကိုဖယ်ရှားစဉ် လက်နက်ကိုင်တစ်ဦး သေဆုံးခဲ့ပြီး ရဲတပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရရှိခဲ့သည့်ဖြစ်စဉ်အမှန်များကို မြန်မာနိုင်ငံအစိုးရက သတင်းထုတ်ပြန်ထားပြီးဖြစ်သည်။ သို့သော် အစီရင်ခံစာတင်သွင်းသူ၏ ရည်ရွယ်ချက်ရှိရှိဖြင့် ချဲ့ကားထားသည့်ကိန်းဂဏန်းအရင်းအမြစ်များတွင် သေဆုံးသူများကို "အမည်မသိ ၅၄ ဦး"ဟုသာ ဖော်ပြလျက် ကျန်ထိခိုက်သည်ဆိုသူများနှင့် ပတ်သက်၍လည်း စိစစ်နိုင်သောအချက်အလက်များ မပါဝင်ကြောင်းတွေ့ရသည်။

ထို့အပြင် မြန်မာနိုင်ငံ၌ လက်ရှိနိုင်ငံရေးအခြေအနေ ဖြစ်ပေါ်ရသည့်အကြောင်းရင်းဖြစ်သော ၂၀၂၀ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများကို သိသာစွာလျစ်လျူရှုထားသည်။ NUG၊ CRPHနှင့် PDF တို့၏ ကျူးလွန်ထားသည့်အကြမ်းဖက်မှုများကို လျှော့ပေါ့ဖော်ပြထားသည်။ ဥပဒေနှင့်အညီတည်ရှိနေသော နိုင်ငံရေးပါတီများမှ ပါတီဝင်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် အပြစ်မဲ့ပြည်သူစုစုပေါင်း ၇၉၉ ဦးအား CDM လှုပ်ရှားမှုတွင် မပါဝင်မှုနှင့် သတင်းပေးဟု စွပ်စွဲခံရမှုတို့ကြောင့် သတ်ဖြတ်ခံရသည့် ကြောက်မက်ဖွယ်ရာကိန်းဂဏန်းများကို ယင်းအစီရင်ခံစာတွင် ဖုံးကွယ်လျစ်လျူရှုထားသည်။ ကိုဗစ်-၁၉ ရောဂါကာကွယ်တားဆီးရေးဆိုင်ရာနေရာများတွင် အကြမ်းဖက်အဖွဲ့များ၏တိုက်ခိုက်မှုများကြောင့် ကျန်းမာရေးဝန်ထမ်းများနှင့် အရပ်သားပြည်သူများ သေကျေဒဏ်ရာရမှုများကို မျက်ကွယ်ပြုထားသည်။

အထူးအစီရင်ခံစာတင်သွင်းသူတို့၏ လိုက်နာရမည့်ကျင့်ဝတ်တွင် ၎င်းတို့၏ ကောက်ချက်များကို သက်ဆိုင်ရာအစိုးရတာဝန်ရှိသူများထံ ပထမဆုံးပေးပို့ရန်နှင့် လူ့အခွင့်အရေးဆိုင်ရာ စွပ်စွဲချက်များအပေါ် အများပြည်သူသို့ ထုတ်ဖော်ပြောကြားရာတွင် သက်ဆိုင်ရာနိုင်ငံ၏ တုံ့ပြန်ချက်များအား ထည့်သွင်းဖော်ပြရန်ပါရှိသည်ကို ချိုးဖောက်ထားကြောင်း တွေ့ရသည်။ အထူးအစီရင်ခံစာတင်သွင်းသူက ၎င်း၏ ကျင့်ဝတ်ကို လိုက်နာရန် ပျက်ကွက်ခဲ့ခြင်းကြောင့် တစ်ဖက်သတ်အစီရင်ခံမှုများ ဖြစ်ပေါ်စေကာ နိုင်ငံတကာအသိုက်အဝန်းကြားတွင် မြန်မာနိုင်ငံအပေါ် အထင်အမြင်လွဲမှားမှု ဖြစ်ပေါ်စေခဲ့သည်။ ထို့အပြင် NUG အမည်ရှိ အကြမ်းဖက်အဖွဲ့က လက်နက်ကိုင်အကြမ်းဖက်မှုများ အရှိန်မြှင့်တိုက်ခိုက်ရန် စက်တင်ဘာ ၇ ရက်တွင် ထုတ်ပြန်ခဲ့သည့်ကြေညာချက်နှင့်ပတ်သက်၍ အများပြည်သူတို့က စိုးရိမ်ပူပန်မှုဖြစ်နေကြစဉ်တွင် အထူးအစီရင်ခံစာတင်သွင်းသူက ယင်းအဖွဲ့များ၏အကြမ်းဖက်လုပ်ရပ်များအား အမွှမ်းတင်ထားသည်ကို တွေ့ရသည်။

အမှန်တကယ်တွင် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၌ မြန်မာနိုင်ငံနှင့် ပတ်သက်သော လုပ်ဆောင်မှုများသည် မထူးဆန်းသော မရိုးနိုင်သည့် ထပ်တလဲလဲလုပ်ဆောင်မှုများဖြစ်သည်။ မြန်မာနိုင်ငံပျက်စီးရာပျက်စီးကြောင်းလုပ်ရပ်များကို လုပ်ဆောင်နေသည့် အဖျက်သမားများဘက်သို့လိုက်သည့် လုပ်ဆောင်မှုများကိုသာ တစိုက်မတ်မတ်လုပ်ဆောင်လျက်ရှိသည်။ ယခုဆုံးဖြတ်ချက်သည် အပြန်အလှန်ဆွေးနွေးမှုများ၏ အနှစ်သာရကို လျစ်လျူရှုကာ နိုင်ငံတစ်နိုင်ငံ၏မျက်ကွယ်တွင် တစ်ဖက်သတ်ပြုလုပ်သောကိစ္စဖြစ်ခြင်းကြောင့် လူ့အခွင့်အရေးကောင်စီတွင် အန္တရာယ်ရှိသောအစဉ်အလာကို ဖြစ်ပေါ်စေခဲ့သည်။ ယင်းအပြုအမူသည် လူ့အခွင့်အရေးကောင်စီကဲ့သို့ မူဝါဒကိုစောင့်ထိန်းသည့်ယန္တရားကိုယ်တိုင်က ၎င်းချမှတ်ထားသည့် မူဝါဒနှင့်ဦးတည်ချက်များကို လေးစားလိုက်နာခြင်း ရှိ/ မရှိ မေးခွန်းထုတ်စရာဖြစ်နေသည်။ မြန်မာနိုင်ငံအရေးကိစ္စများတွင် အကြောင်းအရာများ တိကျမှန်ကန်ခိုင်လုံမှုမရှိဘဲ လိုရာစွဲယူစွပ်စွဲချက်များသာဖြစ်သည်ကို တွေ့ရသည်။

သို့ဖြစ်ရာ လူ့အခွင့်အရေးကို ယိုးမယ်ဖွဲ့၍ နိုင်ငံရေးသွတ်သွင်းမှု၊ နိုင်ငံရေးရည်ရွယ်ချက်ဖြင့် ချမှတ်ထားသည့် လူ့အခွင့်အရေးကောင်စီ၏ ဆုံးဖြတ်ချက်များနှင့် မမျှတသောလုပ်ဆောင်မှုများသည် နိုင်ငံအတွင်း စိတ်ဝမ်းကွဲပြားမှုများနှင့် အကျိုးမရှိသောလုပ်ဆောင်ချက်များသာဖြစ်၍ ကန့်ကွက်ပယ်ချပါကြောင်း။ ။

အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့

INTERNATIONAL DAY OF OLDER PERSON

" သာတူညီမျှ ဒစ်ဂျစ်တယ်ကဏ္ဍ သက်ရွယ်မရွေး ပါဝင်ကြ "

" Digital Equity for All Ages "

၁.၁၀.၂၀၂၁

နေပြည်တော်

## ဒိုက်ဦးမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများသို့ ဆန်၊ ဆီ၊ ဆား၊ ကုလားပဲတို့ ပေးပို့လှူဒါန်း



ဒိုက်ဦး စက်တင်ဘာ ၂၆

ကိုဗစ် ၁၉ ရောဂါ ကာလ ဒိုက်ဦးမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများသို့ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က လှူဒါန်းသော ဆန်၊ ဆီ၊ ဆား၊ ကုလားပဲတို့ကို စက်တင်ဘာ ၂၅ ရက်က ပေးပို့လှူဒါန်းသည်။

**လှူဒါန်း**

ထိုသို့လှူဒါန်းရာတွင် ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ဇော်လတ်၊ ဒိုက်ဦးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့်အဖွဲ့ဝင်များ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများက ကိုဗစ် ၁၉ ရောဂါကာလအတွင်း ဆွမ်း၊ ကွမ်း အခက်အခဲမရှိစေရန် စာသင်တိုက်ပေါင်း ၂၁ ကျောင်းမှ ရဟန်း၊ သံဃာ၊ သာမဏေနှင့် သီလရှင် စုစုပေါင်း ၆၃၅ ပါးအတွက် တစ်ပါးလျှင် ဆန် ငါးပြည်၊ ဆီ တစ်ပိဿာ၊ ပဲ တစ်ထုပ်၊ ဆားတစ်ထုပ်နှုန်းဖြင့် စုစုပေါင်း ဆန် ၁၂၇ အိတ်၊ ဆီ ၆၃ ပုံး၊ ပဲ ၂၁ အိတ်၊ ဆား ၁၂ အိတ်တို့ကို ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများကိုယ်စား မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဦးဝိဇ္ဇောဘာသနှင့် မြို့နယ်သံဃနာယကအဖွဲ့ဝင် ဆရာတော်များမှတစ်ဆင့် လွှဲပြောင်းလှူဒါန်းခဲ့ကြောင်း သိရသည်။

ကျော်ကျော်(ပြန်/ဆက်)

## ခေါ်ပုတ်ချောင်းကူး ပေ ၁၅၀ နှစ်လွှာ တစ်ထပ်ဘေလီတံတား တည်ဆောက်ပြီးစီး

ဗန်းမော် စက်တင်ဘာ ၂၆

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမော်မြို့နယ် ညောင်ခြေထောက် - ဥမင် - ပန်းတော - ပါသက် - သရက်ကုန်း - ဘူးတောင်းလမ်း အဝင် လေးသီကျေးရွာအနီး ခေါ်ပုတ် ချောင်းကူး ပေ ၁၅၀ နှစ်လွှာ တစ်ထပ် ဘေလီတံတားအား နယ်စပ်ရေးရာဝန်ကြီးဌာန၏ ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေကျပ် ၃၄၂ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ခေါ်ပုတ်ချောင်းကူးနေရာ၌ ယခင်က ဆိုင်ကယ်ကူးတံတားသာရှိ၍ ဒေသခံပြည်သူများမှ ခက်ခဲစွာဖြတ်သန်းသွားခဲ့ရပြီး နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဘေလီတံတား တည်ဆောက်ပေးခဲ့မှုကြောင့် ဗန်းမော်မြို့နယ်အတွင်း လမ်းပန်းဆက်သွယ်မှု ပိုမိုကောင်းမွန်လာကာ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုလျက် ရှိသဖြင့် ဒေသခံပြည်သူများအနေဖြင့် ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

ငွေကြယ်

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးစိုးစိုးနိုင် | **အငယ်တန်း သတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| **စာတည်းမှူး** | - ဦးဝင်းနိုင် | | |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| | | **စာပြင်** | - ဒေါ်ခင်နှင်းယု၊ ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့ |
| **ဘာသာပြန် စာတည်းများ** | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဦးခိုင်ဝင်း၊ ဦးကျော်သူရနှင့်အဖွဲ့ |
| **အကြီးတန်း သတင်းထောက်များ** | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဉ၊ ဒေါ်နေဇာဇာထွန်း | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစည်သူလွင် |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com

www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁

ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂

မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၃၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံမှုနှင့်ပတ်သက်ပြီး မည်သူတစ်ဦးတစ်ယောက်ကိုမျှ မကျန်စေလို

**ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုနှင့်စပ်လျဉ်း၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနေထိုင်သည့်ဒေသများတွင်လည်း ထိုးနှံပေးနိုင်ရန် ဆက်သွယ်ဆောင်ရွက်လျက်ရှိကြောင်း၊ ငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအချို့အနေဖြင့် အကြောင်းအမျိုးမျိုးပြကာ NCA သဘောတူညီချက်များကို ချိုးဖောက်မှုများရှိသော်လည်း မိမိတို့အနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအား နိုင်ငံသားများ၏ရပိုင်ခွင့်များနှင့်အညီ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးနိုင်ရေး ဆက်သွယ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုနှင့်ပတ်သက်ပြီး မည်သူတစ်ဦးတစ်ယောက်ကိုမျှ မကျန်စေလိုကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်ဒေသများအပြင် ရခိုင်ပြည်နယ်ရှိ အကျုံးဝင်သူများကိုလည်း ကာကွယ်ဆေးထိုးနှံပေးနိုင်ရေး စီစဉ်လျက်ရှိကြောင်း၊ မိမိအနေဖြင့် နိုင်ငံရေးအရ ဆောင်ရွက်ပေးနေခြင်းမဟုတ်ဘဲ နိုင်ငံ့အရေး၊ အမျိုးသားအရေးနှင့် နိုင်ငံ့အတွက် ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ ပါတီစွဲ၊ လူပုဂ္ဂိုလ် အစွဲမထားဘဲ လူသားတစ်ယောက်အနေဖြင့် တာဝန်သိသိဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ တိုင်းပြည်သာယာဝပြောရေးဆောင်ရွက်ရာတွင် အားလုံးပါဝင်နိုင်ရေး ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း။**

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၇-၉-၂၀၂၁ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အိမ်စောင့်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၂/၂၀၂၁)၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

# ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ပဲ၊ ဆားတို့ ဆက်ကပ်လှူဒါန်း

နေပြည်တော် စက်တင်ဘာ ၂၆

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများသို့ နေပြည်တော်ကောင်စီ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီနှင့် ဌာနဆိုင်ရာများမှ ဆွမ်းဆန်တော်၊ ဆီ၊ ပဲ၊ ဆားတို့ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားများ ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌လည်းကောင်း၊ နံနက် ၉ နာရီတွင် ဇမ္ဗူသီရိမြို့နယ် အတွင်းရှိ သာသနပါလ ဓမ္မရိပ်သာ (မြိတ်)ကျောင်း၌လည်းကောင်း၊ နံနက် ၁၀ နာရီတွင် ပုဗ္ဗသီရိမြို့နယ် အတွင်းရှိ သတ္တသတ္တာဟ “ပွင့်” စေတီဓမ္မာရုံ၌လည်းကောင်း အသီးသီးကျင်းပခဲ့သည်။



**ဆက်ကပ်လှူဒါန်း**

နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည့် လှူဒါန်းပွဲအခမ်းအနားတွင် ပုဗ္ဗသီရိမြို့နယ် အောင်စည်သာကျောင်းတိုက် ပဓာနနာယက နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိစက္ခဏအမှူးပြုသောဆရာတော်သံဃာတော်များ ကြွရောက်ချီးမြှင့်ပြီး နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်နှင့် ဧည့်ပရိသတ်များက ဆရာတော်သံဃာတော်များနှင့် သီလရှင်ဆရာကြီးတို့အား လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် ဆွမ်းဆန်တော်၊ ဆီ၊ ပဲ၊ ဆားတို့ ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

အလားတူ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ သာသနပါလ ဓမ္မရိပ်သာ (မြိတ်)ကျောင်းတွင် ဆရာတော်သံဃာတော်များနှင့် သီလရှင်ဆရာကြီးတို့အား လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် ဆွမ်းဆန်တော်၊ ဆီ၊ ပဲ၊ ဆားတို့ကိုလည်းကောင်း၊ သတ္တသတ္တာဟ “ပွင့်” စေတီဓမ္မာရုံ၌ နေပြည်တော် တပ်ကုန်းမြို့ ရွှေအင်းရိပ်သာကျောင်းတိုက် ပဓာနနာယက နေပြည်တော် တိုင်းသံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တပညာသာမိအမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်ချီးမြှင့်ရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဧည့်ပရိသတ်များက ဆရာတော်၊ သံဃာတော်များနှင့် သီလရှင်ဆရာကြီးတို့အား လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် ဆွမ်းဆန်တော်၊ ဆီ၊ ပဲ၊ ဆားတို့ကိုလည်းကောင်း ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

**လှူဒါန်းခဲ့**

ယနေ့လှူဒါန်းရာတွင် နေပြည်တော်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ၂၆၉ ကျောင်း၊ သီလရှင်ကျောင်း ၁၁ ကျောင်းတို့တွင် သီတင်းသုံးနေထိုင်တော်မူကြသော သာမဏေ ၁၁၀၃ ပါး၊ သီလရှင် ၂၆၆ ပါး တို့အတွက် ဆွမ်းဆန်တော် ၄၈၄ အိတ်၊ ဆီပိဿာ ၁၃၉၀၊ ပဲ ၇၂၅ ပိဿာ၊ ဆား ၇၂၅ ပိဿာတို့ကို လှူဒါန်းခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❍ ရှေ့ဖုံးမှ

အဆိုပါကာကွယ်ဆေးများကို တိုင်းဒေသကြီး/ပြည်နယ်များသို့ လိုအပ်ချက်အရ မြေပြင်ခရီးလမ်းကြောင်းမှလည်းကောင်း၊ တပ်မတော်(လေ)နှင့် မြန်မာ့လေကြောင်းတို့၏အကူအညီဖြင့် လေကြောင်းခရီးမှလည်းကောင်း အအေးလမ်းကြောင်းမပျက် ဆက်လက်ဖြန့်ဝေသွားမည်ဖြစ်သည်။

ယခုရောက်ရှိလာသော ကာကွယ်ဆေးများကို မူလဦးတည်အုပ်စုများနှင့် ထပ်မံတိုးချဲ့ထားသော ဦးတည်အုပ်စုများအား ဦးစားပေးအစီအစဉ်များ အလိုက်ထည့်သွင်းထိုးနှံပေးသွားမည်ဖြစ်သည်။

**စုစုပေါင်း ၁၄ သန်း doses ရောက်ရှိပြီးဖြစ်**

ယနေ့အထိ ကာကွယ်ဆေးများရောက်ရှိလာမှုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနက ဝယ်ယူထားသော COVISHIELD နှစ်သန်း၊ Sinopharm ၁၀ သန်း၊ Sinovac နှစ်သန်း စုစုပေါင်း ၁၄ သန်း doses ရောက်ရှိပြီးဖြစ်သည်။

မိဘပြည်သူများအနေဖြင့် မိမိအတွက် ရရှိလာသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို မပျက်မကွက် အကြိမ်ပြည့် ထိုးနှံမှုခံယူခြင်း၊ ပထမအကြိမ် ကာကွယ်ဆေး ထိုးနှံမှုရရှိထားသူများအနေဖြင့်လည်း ဒုတိယအကြိမ် ကာကွယ်ဆေးထိုးနှံမှုကို သတ်မှတ်ရက်တွင် (သို့မဟုတ်) အနီးဆုံးသတ်မှတ်ကာလအတွင်းတွင် နီးစပ်ရာ ကာကွယ်ဆေးထိုးစုရပ်များသို့ သွားရောက်၍ ထိုးနှံမှုခံယူခြင်းနှင့် ကာကွယ်ဆေးထိုးလုပ်ငန်းများတွင် တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် ကျန်းမာရေးဝန်ကြီးဌာနက တိုက်တွန်းနှိုးဆော်ထားသည်။

**သတင်းစဉ်**



တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဝယ်ယူသည့် Sinopharm အမှတ်တံဆိပ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အကြိမ်ရေ လေးသန်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိစဉ်။

# ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်စာသင်တိုက်များအတွက် ဆွမ်းဆန်နှင့် စားသုံးကုန်များ ဆက်ကပ်လှူဒါန်း



**တောင်ငူ စက်တင်ဘာ ၂၆**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ထိန်ဝင်းတို့သည် ယမန်နေ့ နံနက်ပိုင်းက တောင်ငူမြို့ ကြာနီကန် ၁၈ ရပ်ကွက် ကြာနီကန် ပရိယတ္တိစာသင်တိုက်ကျောင်းသို့ သွားရောက်၍ ဆန်နှင့် စားသုံးကုန်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် တောင်ငူမြို့ရှိ ပရိယတ္တိစာသင်တိုက်လေးကျောင်း၊ သီလရှင်စာသင်တိုက် တစ်ကျောင်းတို့အတွက် ဆွမ်းဆန် ၆၃ အိတ်၊ ဆီ ၁၅၇ ပိဿာ၊ ပဲ ၁၅၇ ပိဿာ၊ ဆား ၁၅၇ ပိဿာ၊ ကျန်းမာရေးသုံး အထောက်အကူပြုပစ္စည်းများနှင့် နဝကမ္မအလှူငွေကျပ် ငါးသိန်းတို့အား ဆက်ကပ်လှူဒါန်းသည်။

**ထောက်ပံ့ပေးအပ်**

ဆက်လက်၍ တောင်ငူမြို့ မိုင်ဒါကွင်း၌ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ အစီအစဉ်ဖြင့် တည်ဆောက်ပေးထားသည့် Oxygen Plant အား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး စေတနာ့ဝန်ထမ်းများအား ထောက်ပံ့ငွေကျပ် ငါးသိန်း၊ ကိုဗစ် – ၁၉ ရောဂါကာကွယ်ရေး အသိပညာပေးတီရှပ်အထည် ၂၀နှင့် ကျန်းမာရေးသုံးအထောက် အကူပြုပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် နှစ်ခြင်းခရစ်ယာန်ဘုရားရှိခိုးကျောင်း၌ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံနေမှုကို သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအတွက် ထောက်ပံ့ငွေကျပ် ၁၀ သိန်းနှင့်ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တောင်ငူမြို့တွင်းလမ်းများ ပြင်ဆင်နေမှုနှင့် တောင်ငူကျုံးဟောင်း ပြန်လည်ပြုပြင်မွမ်းမံနေမှုကိုလည်းကောင်း၊ တောင်ငူမြို့ရှောင်လမ်းဖောက်လုပ်ရန် မြေနေရာလျာထားမှု အခြေအနေကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# ထီးချိုင့်မြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**မုံရွာ စက်တင်ဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်သည် ယမန်နေ့ မွန်းလွဲပိုင်းတွင် ထီးချိုင့်မြို့ ရွှေပြည်သာခန်းမ၌ ကျင်းပသော မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံပွဲအခမ်း အနားသို့ တက်ရောက်ပြီး အမှာစကားပြောကြားသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တာဝန်ရှိသူများက ထောက်ပံ့ငွေနှင့် လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုးများ၊ Concentrator များ၊ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးပစ္စည်းများ၊ စားသောက်ဖွယ်ရာများ၊ အားကစားပစ္စည်းများနှင့် ဒေသခံတောင်သူများအတွက် ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများကို တာဝန်ရှိသူများထံ အသီးသီးပေးအပ်ခဲ့ကြပြီး အခမ်းအနားသို့ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးခဲ့ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တာဝန်ရှိသူများသည် ညနေပိုင်းတွင် ထီးချိုင့်မြို့ ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိရာ ထီးချိုင့်မြို့ ပြည်သူ့ဆေးရုံကြီးတွင် တာဝန်ထမ်းဆောင်နေကြသော ဆရာဝန်များ၊ သူနာပြုများနှင့် ဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးကာ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ပြီး ကျန်းမာရေးဆောင်ရွက်မှုလုပ်ငန်းများနှင့် ပတ်သက်၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ဖြည့်ဆည်းပေးခဲ့သည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**





# ငွေဆောင်၌ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးနေမှု ကြည့်ရှုအားပေး

**ငွေဆောင် စက်တင်ဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ငွေဆောင်မြို့တွင် အသက် ၅၅ နှစ်အထက်ပြည်သူများအား ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တာဝန်ရှိသူများက ကာကွယ်ဆေး ထိုးနှံပေးနေမှုများကို ကွင်းဆင်းကြည့်ရှု အားပေးခဲ့သည်။

**ပေါင်းစပ်ဆောင်ရွက်ပေး**

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကာကွယ်ဆေး လာရောက်ထိုးနှံကြသည့် ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးခဲ့ပြီး လိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

ငွေဆောင်မြို့တွင် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးကို အသက် ၅၅ နှစ်မှ ၆၄ နှစ်အကြား ပြည်သူများအား စတုတ္ထအသုတ် (ပထမအကြိမ်)ကာကွယ်ဆေး ထိုးနှံခြင်းကို စက်တင်ဘာ ၂၂ ရက်မှစတင်၍ ထိုးနှံပေး လျက်ရှိကြောင်း သိရသည်။

**မူမူ( ငွေဆောင်)**

# မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ကြီးအုံကြီးဝတမံရေပိုလွှဲမှရေကျော်

**ပွင့်ဖြူ စက်တင်ဘာ ၂၆**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ယခုရက်ပိုင်း မိုးအဆက်မပြတ်ရွာသွန်းနေမှုကြောင့် ကြီးအုံကြီးဝတမံတွင် မိုးရေဝင်ရောက်မှုများရှိနေပြီး တမံရေပိုလွှဲမှ ရေကျော်ကျလျက်ရှိရာ ယနေ့မွန်းတည့် ၁၂ နာရီတိုင်းတာချက်အရ တမံရေပိုလွှဲမှ ၄ ဒသမ ၇ ပေခန့် ဆက်လက် ရေကျော်ကျလျက်ရှိနေကြောင်း အဆိုပါ ကြီးအုံကြီးဝတမံမှ တာဝန်ခံ (AE) ဦးစိုးတင့်ထံမှ သိရသည်။

ပွင့်ဖြူမြို့နယ် ကြီးအုံကြီးဝတမံသည် စက်တင်ဘာ ၂၃ ရက် ညနေပိုင်းကစပြီး ယနေ့အထိ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တမံအတွင်း မိုးရေဝင်ရောက်မှုများရှိခဲ့ပြီး တမံရေပြည့်မှတ်အထက် ရေပိုလွှဲမှ ရေကျော်ကျမှုရှိနေကာ ယနေ့မွန်းတည့် ၁၂ နာရီတိုင်းတာချိန်၌ တမံရေပြည့်မှတ်ဖြစ်သည့် ပေ ၃၄၀ အထက် တမံရေပိုလွှဲမှ ၄ ဒသမ ၇ ပေခန့် ဆက်လက် ရေကျော်ကျနေကြောင်း သိရသည်။

အဆိုပါ တမံရေပိုလွှဲမှ ရေကျော်မှုအခြေအနေကို တမံအောက်ဘက်ရှိ ဒေသခံပြည်သူများ ကြိုတင်သိရှိနိုင်ရန် အစိမ်းရောင်အလံများ စိုက်ထူ၍ အသိပေးနှိုးဆော်ခြင်းများ ဆောင်ရွက်ထားရှိကြောင်းနှင့် တမံရေပိုလွှဲမှရေကျော်ကျမှုမှာ စိုးရိမ်ဖွယ်ရာ အခြေအနေမရှိကြောင်း (AE) ဦးစိုးတင့်က ပြောကြားသည်။

ပြည်သူများ သဘာဝဘေးအန္တရာယ်ကင်းဝေးစေရေးအတွက် တမံအခြေအနေနှင့် တမံအတွင်းရေဝင်ရောက်မှုများကို ဝန်ထမ်းများက အလှည့်ကျ ရေကင်းချထား၍ စောင့်ကြည့်လျက်ရှိပြီး ထူးခြားမှုအခြေအနေရှိပါက ဒေသခံပြည်သူများအား အချိန်နှင့်တစ်ပြေးညီ အသိပေးနှိုးဆော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**



# မန္တလေးမြို့မ တူရိယာအသင်းအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ချီးမြှင့်သည့် တူရိယာပစ္စည်းများ လွှဲပြောင်းပေးအပ်ခြင်းနှင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်ပွဲပြုလုပ်

**နေပြည်တော် စက်တင်ဘာ ၂၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က မန္တလေးမြို့မ တူရိယာအသင်းအတွက် ပေးအပ်ချီးမြှင့်သည့် တူရိယာပစ္စည်းများ လွှဲပြောင်းပေးအပ်ခြင်းနှင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်ခြင်းကို ယမန်နေ့မွန်းလွဲပိုင်းက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမ၌ ပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မန္တလေးမြို့မ တူရိယာအသင်းမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ချီးမြှင့်ထောက်ပံ့ခြင်းနှင့်ပတ်သက်၍ အမှာစကား ပြောကြားသည်။ ထို့နောက် မန္တလေးမြို့မ တူရိယာအသင်းအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်(ကိုယ်စား) တိုင်းမှူးက တူရိယာပစ္စည်းများဖြစ်သည့် Drum Set မျိုးစုံ၊ Percussion(LPUSA)မျိုးစုံ၊ Violin ငါးလက်၊ Flute တစ်လက်၊ Clarinet တစ်လက်၊ Trumpet တစ်လက်၊ Saxophone တစ်လက်နှင့် Cello & Stand တစ်စုံတို့ကို ပေးအပ်ရာ အသင်းနာယကက လက်ခံရယူသည်။

ဆက်လက်၍ ဝန်ကြီးချုပ်က မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ထောက်ပံ့ပေးအပ်သည့် ဆန်အိတ် ၄၀၊ ဆီပိဿာ ၂၀၊ ကုလားပဲပိဿာ ၄၀၊ ကြက်သွန်နီပိဿာ ၄၀ နှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ရာ အသင်းတာဝန်ရှိသူများက လက်ခံရယူကြပြီး တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# ပြည်နယ်အတွင်းရှိ တောင်သူများအတွက် ဓာတ်မြေသြဇာလိုအပ်ချက် ပြည့်မီစွာ ဖြည့်ဆည်းပေးနိုင်ရေး ညှိနှိုင်းဆွေးနွေး

**မြစ်ကြီးနား စက်တင်ဘာ ၂၆**

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ တောင်သူများ စိုက်ပျိုးရေးကဏ္ဍ ပြည့်မီစွာ ဆောင်ရွက်နိုင်ရေးနှင့် ဓာတ်မြေသြဇာဈေးနှုန်းကြီးမြင့်လာမှုအပေါ် တောင်သူများ ဝန်ထုပ်ဝန်ပိုးမဖြစ်စေရေးတို့အတွက် လိုအပ်သည့် ဓာတ်မြေသြဇာကို ပြည့်မီစွာ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၂၅ ရက်တွင် ပြုလုပ်ခဲ့သည်။

**ညှိနှိုင်းဆွေးနွေး**

ညှိနှိုင်းအစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး၊ ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ပြည်နယ်ဦးစီးမှူးတို့က ပြည်နယ်အတွင်း စိုက်ပျိုးလျက်ရှိသည့်




မိုးစပါး၊ နွေစပါး စိုက်ဧက ငါးသိန်းကျော်အတွက် ဓာတ်မြေသြဇာ လိုအပ်ချက်ရှိသည့် အခြေအနေများ၊ တောင်သူများ ပြင်ပမှ ဈေးနှုန်းကြီးမြင့်စွာ ဝယ်ယူသုံးစွဲနေရမှုအခြေအနေများ၊ နိုင်ငံတော်မှ ထုတ်လုပ်သည့် ဓာတ်မြေသြဇာများကို ဖြန့်ဖြူးပေးသွားမည့် အစီအစဉ်များ၊ နိုင်ငံတော်မှ သတ်မှတ်သင့်သည့် နှုန်းထားနှင့် ပြည်နယ်၏ ဓာတ်မြေသြဇာလိုအပ်ချက်အပေါ်အခြေခံ၍ ဝယ်ယူဖြန့်ဖြူးပေးနိုင်သည့် ပဏာမသတ်မှတ်ရန် ကိစ္စရပ်များ၊ ရေကြီးနစ်မြုပ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့သည့် စိုက်ပျိုးမြေဧကများအတွက် နိုင်ငံတော်မှ ဓာတ်မြေသြဇာအခမဲ့ ထောက်ပံ့ပေးနိုင်ရေးအတွက် စာရင်းကောက်ယူထားရှိမှုနှင့် ဓာတ်မြေသြဇာ လိုအပ်ချက် ပြည့်မီစွာဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး မှာယူတင်သွင်းရန်ကိစ္စရပ်များအပေါ် ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ညှိနှိုင်းဆွေးနွေးမှုများအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်၏ ဓာတ်မြေသြဇာ လိုအပ်သည့် ပဏာမအပေါ် အခြေခံ၍ နိုင်ငံတော်မှ ထုတ်လုပ်သည့် ပုလဲဓာတ်မြေသြဇာများ မှာယူပြီး အနိမ့်ဆုံးဈေးဖြင့် တောင်သူများထံ ဖြန့်ဖြူးနိုင်ရေး၊ လိုအပ်သည့် ပဏာမအပေါ် တောင်သူများ ဝန်ထုပ်ဝန်ပိုးမဖြစ်စေရေးအတွက် စနစ်တကျမှာယူ ဖြန့်ဖြူးပေးနိုင်ရေး ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

**ပြည်နယ်(ပြန်/ဆက်)**



## ကျောက်ဖြူမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ လိုက်နာရမည့် အချက်များ အသိပေးနှိုးဆော်

**ကျောက်ဖြူ စက်တင်ဘာ ၂၆**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှုမှ ကာကွယ်ထိန်းချုပ်နိုင်ရန်အတွက် ပြည်သူများ သိရှိလိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များအား အသံချဲ့စက်ဖြင့် လှည့်လည်အသိပေးနှိုးဆော်ခြင်းကို ယနေ့မွန်းလွဲ ၁ နာရီက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများက မြို့ပေါ်ရပ်ကွက်များရှိ ဈေးများနှင့် လမ်းဆုံလမ်းခွ နေရာများသို့ သွားရောက်၍ အသိပေးနှိုးဆော်ခြင်းများ ဆောင်ရွက်ခဲ့သည်။

**တင်ထွန်းဦး(ပြန်/ဆက်)**

## မြောက်ဦးခရိုင်အတွင်းရှိ မြို့နယ်များ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အသိပညာပေး

**မြောက်ဦး စက်တင်ဘာ ၂၆**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင်အတွင်းရှိ မြို့နယ်များ၌ ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးအတွက် ပြည်သူများ သိရှိလိုက်နာသင့်သည့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးအသိပညာပေးဆော်သြခြင်းကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များပူးပေါင်း၍ ယနေ့နံနက် ၉ နာရီက မြို့တွင်းလှည့်လည်ဆော်သြခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခင်မောင်ထွန်း(ပြန်/ဆက်)**





## မတ္တရာမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အသိပညာပေး နှိုးဆော်

**မတ္တရာ စက်တင်ဘာ ၂၆**

ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု လျော့နည်းစေရန်အတွက် အသိပညာပေးနှိုးဆော်ခြင်းကို ယနေ့နံနက် ၁၀ နာရီက မြို့ပေါ်ရပ်ကွက်များတွင် ဆောင်ရွက်ခဲ့သည်။

**မြို့နယ်**
**(ပြန်/ဆက်)**

# ပါဝင်ဆင်နွှဲ ကမ္ဘာ့ကုန်စည်ပြပွဲ - Expo 2020 Dubai

ဒေါ်တာသက်လွင်ဦး
(Myantrade)

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့က မြန်မာနိုင်ငံကို ကိုယ်စားပြုကာ ကမ္ဘာ့နိုင်ငံနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်း ၂၀၀ ကျော်နှင့်အတူ အောက်တိုဘာ ၁ ရက်မှစတင်၍ ၆ လကြာကျင်းပမည့် ကမ္ဘာ့ကုန်စည်ပြပွဲ (Expo 2020 Dubai) ကို ပါဝင်ဆင်နွှဲသွားမှာဖြစ်ပါတယ်။**



ကမ္ဘာ့ကုန်စည်ပြပွဲ (Expo 2020 Dubai) ကျင်းပမည့် Expo Park ကို မြင်တွေ့ရစဉ်။

### ကမ္ဘာ့ကုန်စည်ပြပွဲသမိုင်း

ကမ္ဘာ့ကုန်စည်ပြပွဲများကို ကမ္ဘာလုံးဆိုင်ရာ ပေါင်းစည်းဆက်နွှယ်မှုနှင့် ခေတ်အလိုက် ဖွံ့ဖြိုးတိုးတက်မှု၏ အမှတ်လက္ခဏာအဖြစ်ကျင်းပရန် ရည်ရွယ်ချက်ဖြင့် အပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲဗျူရို (Bureau of International Exposition – BIE) ကို ၁၉၂၈ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းဆောင်ရွက်မှုများအား ၁၉၃၁ ခုနှစ်တွင် စတင်ခဲ့ပါတယ်။ ပထမအကြိမ် ကမ္ဘာ့ကုန်စည်ပြပွဲကို အင်္ဂလန်နိုင်ငံ လန်ဒန်မြို့၌ ၁၈၅၁ ခုနှစ်တွင် ကျင်းပခဲ့ပြီး ငါးနှစ်တစ်ကြိမ် ကျင်းပခဲ့ရာ လက်ရှိအချိန်အထိ ကမ္ဘာ့နိုင်ငံများတွင် အကြိမ် ၅၀ ကျင်းပခဲ့ပြီးဖြစ်ပါတယ်။

### မြန်မာနိုင်ငံမှ ပါဝင်ပြသ

မြန်မာနိုင်ငံသည် ၁၉၆၇ ခုနှစ်တွင် ကနေဒါနိုင်ငံ၌ ကျင်းပသော Montreal World's Fair Expo 67 သို့ ပထမဆုံးအကြိမ် ပါဝင်ခဲ့ပြီး မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတော်ပြခန်းဆောင်ကြီး တစ်ဆောင်ကို တည်ဆောက်ကာ မြန်မာတို့၏ ယဉ်ကျေးမှု၊ အနုပညာလက်ရာများနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို မိတ်ဆက်ပြသခဲ့ပါတယ်။ Montreal World's Fair Expo 67 ဖွင့်ပွဲ အခမ်းအနားနဲ့ ပြပွဲကာလအတွင်း ကျင်းပတဲ့ မြန်မာ(ဗမာ)နေ့ Myanmar(Burma) Day အခမ်းအနားများသို့ ကုန်သွယ်ရေးဝန်ကြီး ဗိုလ်မှူးချုပ်တင်ဖေက မြန်မာကိုယ်စားလှယ်အဖွဲ့ကို ဦးဆောင်တက်ရောက်ခဲ့ပါတယ်။ EXPO 67 သို့ ကမ္ဘာအနှံ့မှ လူဦးရေသန်း ၅၀ ကျော် တက်ရောက်ခဲ့ကြောင်း မှတ်တမ်းများအရ သိရပါတယ်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ ကမ္ဘာ့ကုန်စည်ပြပွဲများကို ၂၀၁၀ ပြည့်နှစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟိုင်းမြို့တွင် ကျင်းပသော Shanghai Expo 2010 နှင့် ၂၀၁၅ ခုနှစ် အီတလီနိုင်ငံ မီလန်မြို့တွင် ကျင်းပသော Milan Expo 2015 တို့သို့ Focal Ministry အဖြစ် တာဝန်ယူ၍ ပါဝင်တက်ရောက်ခဲ့ပါတယ်။

### ကမ္ဘာ့ကုန်စည်ပြပွဲ ၂၀၂၀ (Expo 2020 Dubai)

ကမ္ဘာ့ကုန်စည်ပြပွဲ ၂၀၂၀ ကို အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံ(UAE)၌ Expo 2020 Dubai အမည်ဖြင့် ဒူဘိုင်းမြို့တွင် ၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၂၀ ရက်မှ ၂၀၂၁ ခုနှစ် ဧပြီ ၁၀ ရက်အထိ ၆ လကြာ ကျင်းပရန် စီစဉ်ခဲ့သော်လည်း ကမ္ဘာတစ်ဝန်း ကိုဗစ် – ၁၉ ရောဂါ ဖြစ်ပွားမှုကြောင့် ပြပွဲကျင်းပမည့် အချိန်ကို ၂၀၂၁ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၂၀၂၂ ခုနှစ် မတ် ၃၁ ရက်အထိ ပြောင်းလဲကျင်းပသွားမှာဖြစ်ပါတယ်။ Expo 2020 Dubai ပြပွဲသို့ မြန်မာနိုင်ငံမှ ပါဝင်ပြသရန် ဒူဘိုင်းကုန်စည်ပြပွဲကျင်းပရေးကော်မတီမှ ဖိတ်ကြားလာသည့်အတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့က မြန်မာနိုင်ငံကို ကိုယ်စားပြု၍ ပါဝင်ပြသသွားမှာ ဖြစ်ပါတယ်။

Expo 2020 Dubai ရဲ့ Theme က "Connecting Minds, Creating Future" ဖြစ်ပြီး Sub–theme များက Opportunity, Mobility, Sustainability တို့ဖြစ်ပါတယ်။ အဆိုပါ Sub–themes (၃) ခုအနက် မြန်မာနိုင်ငံအနေနဲ့ Opportunity Theme အောက်တွင် ပါဝင်ပြသသွားမှာ ဖြစ်ပါတယ်။

Expo 2020 Dubai တွင် မြန်မာနိုင်ငံက ပါဝင်ပြသခြင်းဖြင့် နိုင်ငံ၏ စီးပွားရေး၊ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ယဉ်ကျေးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မှု အခွင့်အလမ်းများနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို မိတ်ဆက်ပြသနိုင်ရန်နှင့် မြန်မာ့ထုတ်ကုန်များကို အရှေ့အလယ်ပိုင်းဈေးကွက်သာမက ကမ္ဘာ့ဈေးကွက်အထိ တိုးမြှင့်မိတ်ဆက်နိုင်ရန် ရည်ရွယ်ပါတယ်။

**Expo 2020 Dubai တွင် မြန်မာနိုင်ငံက ပါဝင်ပြသခြင်းဖြင့် နိုင်ငံ၏ စီးပွားရေး၊ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ယဉ်ကျေးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မှု အခွင့်အလမ်းများနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို မိတ်ဆက်ပြသနိုင်ရန်နှင့် မြန်မာ့ထုတ်ကုန်များကို အရှေ့အလယ်ပိုင်းဈေးကွက်သာမက ကမ္ဘာ့ဈေးကွက်အထိ တိုးမြှင့်မိတ်ဆက်နိုင်ရန်ရည်ရွယ်**

### မြန်မာပြခန်းဆောင်

မြန်မာပြခန်းဆောင်ကို Expo 2020 Dubai ၏ Opportunity Theme ရှိ အကွက်အမှတ် OA 16–A တွင် ပါဝင်ပြသမှာ ဖြစ်ပါတယ်။ မြန်မာပြခန်းဆောင်က Assisted Pavilion တစ်ခုဖြစ်ပြီး စတုရန်းမီတာ ၂၀၀ ကျယ်ဝန်းပါတယ်။ မြန်မာပြခန်းဆောင်ကို People of Myanmar, Traditional Arts, Spirituality and Special Exhibits & Retail Area အဖြစ် ဧရိယာများပိုင်းခြား ခင်းကျင်းပြသသွားမှာ ဖြစ်ပါတယ်။ ပြခန်းဆောင်ဒီဇိုင်းကို ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်ကျောင်းသူမကေသွယ်ဖြိုးကရေးဆွဲခဲ့ပြီး ပြခန်းဆောင်တွင် ယဉ်ကျေးမှုအနုပညာပစ္စည်းများ၊ အမှတ်တရလက်ဆောင်ပစ္စည်းများ၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာအချက်အလက်များ၊ ခရီးသွားလုပ်ငန်းမြှင့်တင်ရေးဆိုင်ရာ ဓာတ်ပုံမှတ်တမ်းများ၊ အသင်းအဖွဲ့နှင့် ကုမ္ပဏီများ၏ ထုတ်ကုန်ပစ္စည်းနမူနာများ လက်ကမ်းစာစောင်များကို ခင်းကျင်းပြသသွားမှာ ဖြစ်ပါတယ်။ ပြပွဲကာလအတွင်း မြန်မာပြခန်းသို့ လာရောက်လည်ပတ်သူများအား မြန်မာမှုပစ္စည်းများနှင့် Post Card များ အမှတ်တရလက်ဆောင်ပေးခြင်းနှင့် မြန်မာ့စားသောက်ကုန်များဖြင့် တည်ခင်းဧည့်ခံခြင်းတို့ကို ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

### Myanmar Day အခမ်းအနားနှင့် Activity များကျင်းပခြင်း

ပြပွဲကာလအတွင်း နိုင်ငံတကာအဖွဲ့အစည်းများ၏ International Day များ၊ နိုင်ငံများ၏ National Day များကို အသီးသီးကျင်းပကြမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ မြန်မာနေ့ (Myanmar Day) အခမ်းအနားနှင့် ဧည့်ခံပွဲ (Reception) ကို Expo Park ရှိ Jubilee Stage တွင် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်မှာ ကျင်းပရန် အတည်ပြုချက်ရရှိထားပြီး မြန်မာနေ့အခမ်းအနားသို့ အစိုးရဧည့်သည်တော်များ၊ မြန်မာနိုင်ငံမှ ကုန်သည်လုပ်ငန်းရှင်ကြီးများ၊ ဖျော်ဖြေတင်ဆက်မည့် အနုပညာရှင်များနှင့် သတင်းမီဒီယာများ **စာမျက်နှာ ၇ သို့** ❂







Montreal World's Fair Expo 67 ၏ မြန်မာပြခန်းဆောင်နှင့် မြန်မာနေ့အခမ်းအနားကျင်းပခဲ့စဉ်။

# ကျောက်ကြီးမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများအား တိုင်းဒေသကြီးအစိုးရက ဆွမ်းဆန်၊ ဆီ၊ ဆားနှင့် ပဲတို့ လှူဒါန်း



ကျောက်ကြီး စက်တင်ဘာ ၂၆

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ်အတွင်းရှိ စာသင်တိုက်များနှင့် ဘုန်းတော်ကြီးကျောင်းများအား ယမန်နေ့နံနက်ပိုင်းက တိုင်းဒေသကြီး အစိုးရအဖွဲ့က လှူဒါန်းသည့် ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် ပဲ စုစုပေါင်း တန်ဖိုးငွေကျပ် ၁၀၃၅၈၀၀ တန်ဖိုးရှိ လှူဖွယ်ဝတ္ထုများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က ဆက်ကပ်လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

## ဆက်ကပ်လှူဒါန်း

တိုင်းဒေသကြီး အစိုးရအဖွဲ့က ကျောက်ကြီးမြို့နယ် အတွင်းရှိ စာသင်တိုက်များနှင့် ဘုန်းတော်ကြီးကျောင်းများတွင် ဝါတွင်းကာလနှင့် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေစဉ် ကာလအတွင်း ဆွမ်းကွမ်း ခက်ခဲမှုမရှိ အဆင်ပြေစေရန်အတွက် မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တစန္ဒိမာထံမှ ဩဝါဒကို ခံယူကာ ကျောက်ကြီးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဆောင်ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့်အတူ ကုန်းကျောင်း ပရိယတ္တိစာသင်တိုက် ဘုန်းတော်ကြီးကျောင်း၊ ရှင်သီဝလိခြေတော်ရာ ဘုန်းတော်ကြီးကျောင်းတိုက်နှင့် အေးမြသုခရေတွင်းကုန်းကြီး ဘုန်းတော်ကြီးကျောင်းများတွင် ဆက်ကပ်လှူဒါန်းမှုပြုခဲ့ကြသည်။

**ကိုသားကြီး(ကျောက်ကြီး)**



(၅၇)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယာဉ်ထိန်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီး စိုးမြင့်ဦး၏ ကြီးကြပ်မှုဖြင့် အမှတ်(၁) ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက စက်တင်ဘာ ၂၆ ရက် နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် သမိုင်းဝင် ရန်အောင်မြင်ရွှေလက်လှစေတီတော်မြတ်ကြီး ရင်ပြင်တော်၌ သန့်ရှင်းရေး စုပေါင်းဆောင်ရွက်စဉ်။

သတင်းစဉ်

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် စက်တင်ဘာ ၂၆**

မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။

**မိုး/ဇလ**

# ကိုဗစ်- ၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၂၆-၉-၂၀၂၁)ညနေ ၆ နာရီအချိန်ထိဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| Supportive | | | | |
| 1 | P.O – Pantocid | 10X10's / Box | 7000 | PL |
| 2 | P.O Omeprazole | 10X10's / Box | 1650 | Shwe Htay Min |
| 3 | Injection Pantocid | 1g/Vial | 1500 | Aorta |
| 4 | Injection Omeprazole | 1g/Vial | 1050 | Aorta |
| Antibiotics | | | | |
| 5 | PO – Azithromycin 500 mg | 5x3's | 4000 | Rammawaddy |
| 6 | P.O – Cefalexin 500 mg | Box of 10x10's | 6100 | Aorta |
| 7 | P.O – Levofloxacin 500 mg | Box of 10x10's | 7000 | Shwe Htay Min |
| 8 | P.O.Cefixime | Box of 3x10's | 3600 | Aorta |
| 9 | P.O Amoxicillin+ Clavulanic Acid | Box of 1x6's | 1800 | Aorta |
| 10 | Injection – Levofloxacin 500 mg | 1x1 | 3000 | Yadanar |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org)နှင့် Facebook Page https://www.facebook.com/ 32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။



အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကချင်ပြည်နယ် မိုးမောက်မြို့နယ်ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များက စက်တင်ဘာ ၂၆ ရက်တွင် ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် မိုးမောက်မြို့ မန္တလေးပရိယတ္တိစာသင်တိုက် ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း သန့်ရှင်းသာယာလှပရေးအတွက် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)

❂ စာမျက်နှာ ၆ မှ

ပါဝင်တက်ရောက်ကြမှာ ဖြစ်ပါတယ်။

မြန်မာ့ပို့ကုန်မြှင့်တင်ရေးဆွေးနွေးပွဲကို Expo Park ရှိ Terra Auditorium တွင် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၂၁ ရက် မွန်းလွဲပိုင်းမှာ ကျင်းပသွားမှာဖြစ်ပါတယ်။ ပြပွဲကာလအတွင်း အခြား Activity များဖြစ်သည့် တန်ဆောင်တိုင်မီးထွန်းပွဲတော်၊ မြန်မာ့ရုပ်သေးဖျော်ဖြေပွဲ၊ မြန်မာ့စောင်းဖျော်ဖြေပွဲနှင့် မြန်မာ့ရိုးရာ performances များကို ထည့်သွင်းကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

## အကျိုးကျေးဇူးများ

မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ကုန်စည်ပြပွဲ Expo 2020 Dubai တွင် ပါဝင်ပြသခြင်းဖြင့် ရရှိမည့်အကျိုးကျေးဇူးများက တရုတ်၊ အိန္ဒိယနှင့် အရှေ့တောင်အာရှဈေးကွက်သာမက အရှေ့အလယ်ပိုင်း ဈေးကွက်အထိ မြန်မာ့ထုတ်ကုန်များကို ဈေးကွက်အသစ်များရှာဖွေချဲ့ထွင်နိုင်မည့် အခွင့်အလမ်းများရရှိခြင်း၊ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးအခြေခံ နိုင်ငံတစ်ခုဖြစ်သည်နှင့်အညီ အရှေ့အလယ်ပိုင်းဒေသမှ လိုအပ်လျက်ရှိသော လယ်ယာထွက်ကုန်များ (ဆန်၊ ပဲ၊ သစ်သီးဝလံ) နှင့် ရေထွက်ပစ္စည်းများဖြစ်သည့် (ငါး၊ ပုစွန်၊ အခြားရေထွက်ကုန်) များအတွက် ဈေးကွက်သစ်များ အခွင့်အလမ်းများ ပိုမိုရရှိလာနိုင်ခြင်း၊ မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုအနုပညာနှင့် ခရီးသွားလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်နိုင်ခြင်း၊ မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့အသိုက်အဝန်းအတွင်းတည်ရှိမှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို ပြသနိုင်ခြင်းနှင့် မြန်မာကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်အသစ်များနှင့် အခွင့်အလမ်းသစ်များရရှိနိုင်ခြင်းနှင့် နိုင်ငံတကာစီးပွားရေးလုပ်ငန်းရှင်များနှင့် ထိတွေ့ဆက်သွယ်မှုများ ရရှိနိုင်ခြင်းစသည့် အကျိုးကျေးဇူးများကို ရရှိမှာဖြစ်ပါတယ်။



Expo 2020 Dubai ရှိ မြန်မာပြခန်းဆောင်ကို မြင်တွေ့ရစဉ်။

မြန်မာနိုင်ငံအနေဖြင့် Expo 2020 Dubai တွင် ပါဝင်ခွင့်ရရှိခြင်းကြောင့် မြန်မာနိုင်ငံ၏ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းများကို နိုင်ငံတကာသို့ မိတ်ဆက်မြှင့်တင်နိုင်သလို ကမ္ဘာ့နိုင်ငံများအကြား မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုပုံရိပ်ကို ဖော်ပြနိုင်မည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

# သက်သာသောဈေးနှုန်းဖြင့် စက်သုံးဆီဖြန့်ဖြူးရောင်းချမှုအစီအစဉ် ဆောင်ရွက်လျက်ရှိ

နေပြည်တော် စက်တင်ဘာ ၂၆

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံစက်သုံးဆီ တင်သွင်းဖြန့်ဖြူးရောင်းချရေးအသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် ပြည်သူများ သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူရရှိနိုင်ရန် ရည်ရွယ်၍ ဗဟိုဘဏ်မှ ရည်ညွှန်းငွေလဲနှုန်းဖြင့် တိုက်ရိုက်ရောင်းချပေးသည့် နိုင်ငံခြားငွေဖြင့် မှာယူတင်သွင်းခဲ့သည့် စက်သုံးဆီများကို စက်တင်ဘာ ၂၂ ရက်မှစတင်၍ ဖြန့်ဖြူးရောင်းချပေးလျက်ရှိပြီး ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် နေပြည်တော်တို့တွင် သတ်မှတ်ဈေးနှုန်းဖြင့် ရောင်းချပေးနေသည့် အရောင်းဆိုင်များစာရင်းနှင့် ဈေးနှုန်းများကို စက်တင်ဘာ ၂၆ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြခဲ့ပြီးဖြစ်သည်။

ထပ်မံ၍ ကျန်တိုင်းဒေသကြီး/ပြည်နယ်များတွင် သတ်မှတ်ဈေးနှုန်းဖြင့် ရောင်းချပေးနေသည့် စက်သုံးဆီဈေးနှုန်းနှင့် အရောင်းဆိုင်လိပ်စာတို့ကို ပြည်သူများ သိရှိဝယ်ယူနိုင်ရန် ထပ်မံဖော်ပြထားသည်။

စားသုံးသူပြည်သူများအနေဖြင့် စက်သုံးဆီများကို တိုင်းဒေသကြီး/ပြည်နယ်အလိုက် သတ်မှတ်စက်သုံးဆီအရောင်းဆိုင်များတွင် ဖော်ပြပါဈေးနှုန်းများအတိုင်း ဝယ်ယူရရှိခြင်းမရှိပါက ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးလုပ်ငန်းကော်မတီ ဖုန်း ၀၉-၆၆၄၀၇၅၆၈၃၊ ၀၉-၆၆၄၅၉၆၃၂၇၊ ၀၉-၆၈၇၆၃၅၉၄၃၊ ၀၉-၆၇၆၃၂၀၈၂၆၊ စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဖုန်း ၀၁-၂၅၀၂၇၀၊ မြန်မာနိုင်ငံ စက်သုံးဆီတင်သွင်းဖြန့်ဖြူးရောင်းချရေးအသင်း ဖုန်း ၀၉-၄၂၀၀၆၇၉၄ တို့ကို ဆက်သွယ်တိုင်ကြားနိုင်ကြောင်း သိရသည်။

သတင်းစဉ်

## မကွေးတိုင်းဒေသကြီးတွင် သက်သာသောဈေးနှုန်းဖြင့် စက်သုံးဆီရောင်းချပေးသွားမည့် အရောင်းဆိုင်များ

| စဉ် | အရောင်းဆိုင်အမည် | တစ်လီတာဈေးနှုန်း | | | အရောင်းဆိုင်လိပ်စာ |
|---|---|---|---|---|---|
| | | Ron 92 | ရိုးရိုးဒီဇယ် | Premium ဒီဇယ် | |
| ၁ | Khine Khine Phyo | ၁၁၆၂ | ၁၁၅၂ | ၁၁၅၉ | ကံပြားရွာ၊ မကွေး-နတ်မောက်လမ်း၊ မကွေးတိုင်းဒေသကြီး |
| ၂ | Khine Khine Phyo | ၁၁၆၂ | ၁၁၅၂ | ၁၁၅၉ | ကြာကန်ရွာ၊ မင်းဘူးမြို့နယ်၊ မကွေးတိုင်းဒေသကြီး |
| ၃ | Kyaw San & Myae Gae | ၁၁၆၂ | ၁၁၅၂ | ၁၁၅၉ | KS (024) မင်းဘူးဆိုင် |
| ၄ | Kyaw San & Myae Gae | ၁၁၆၂ | ၁၁၅၂ | ၁၁၅၉ | KS (009) ကိုးပင်ဆိုင် |
| ၅ | Kyaw San & Myae Gae | ၁၁၆၂ | ၁၁၅၂ | ၁၁၅၉ | KS (025) အောင်လံဆိုင်(ကသစ်ကန်) |
| ၆ | Regency | ၁၁၆၂ | ၁၁၅၂ | ၁၁၅၉ | မကွေး-နတ်မောက်လမ်း၊ ဖန်းခါးမြေဂေါက်ကွင်းရှေ့၊ မကွေးမြို့။ |

## တနင်္သာရီတိုင်းဒေသကြီးတွင် သက်သာသောဈေးနှုန်းဖြင့် စက်သုံးဆီရောင်းချပေးသွားမည့် အရောင်းဆိုင်များ

| စဉ် | အရောင်းဆိုင်အမည် | တစ်လီတာဈေးနှုန်း | | | အရောင်းဆိုင်လိပ်စာ |
|---|---|---|---|---|---|
| | | Ron 92 | ရိုးရိုးဒီဇယ် | Premium ဒီဇယ် | |
| ၁ | Shwe Myan Aung | ၁၁၇၇ | ၁၁၅၇ | ၁၁၆၄ | နံပါတ် (၇၅/၂,၇၈/၂)ဆန္ဒဝတ်ရွာ။ကော့ကူလမ်း၊ မြိတ်မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး |
| ၂ | Shwe Myan Aung | ၁၁၇၇ | ၁၁၅၇ | ၁၁၆၄ | ကုန်းပေါက်ရွာ၊ မြိတ်တောင်ရွာအစု၊ မြိတ်မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး |

## ရှမ်းပြည်နယ်တွင် သက်သာသောဈေးနှုန်းဖြင့် စက်သုံးဆီရောင်းချပေးသွားမည့် အရောင်းဆိုင်များ

| စဉ် | အရောင်းဆိုင်အမည် | တစ်လီတာဈေးနှုန်း | | | အရောင်းဆိုင်လိပ်စာ |
|---|---|---|---|---|---|
| | | Ron 92 | ရိုးရိုးဒီဇယ် | Premium ဒီဇယ် | |
| ၁ | Kyaw San & Myae Gae | ၁၁၇၇ | ၁၁၆၇ | ၁၁၇၄ | KS(029) နောင်ချိုမြို့နယ်(လွန်းကျော်) |
| ၂ | Kyaw San & Myae Gae | ၁၁၈၇ | ၁၁၇၇ | ၁၁၈၄ | KS(010) ကျောက်မဲဆိုင် |
| ၃ | Kyaw San & Myae Gae | ၁၁၈၇ | ၁၁၇၇ | ၁၁၈၄ | KS(011) သီပေါဆိုင် |
| ၄ | Kyaw San & Myae Gae | ၁၁၉၇ | ၁၁၈၇ | ၁၁၉၄ | KS(003) လားရှိုးဆိုင် |
| ၅ | Kyaw San & Myae Gae | ၁၂၀၇ | ၁၁၉၇ | ၁၂၀၄ | KS(005) မူဆယ်ဆိုင် |
| ၆ | Kyaw San & Myae Gae | ၁၁၇၂ | ၁၁၅၇ | ၁၁၆၄ | KS(007) အောင်ပန်းဆိုင် |
| ၇ | Kyaw San & Myae Gae | ၁၁၇၂ | ၁၁၅၇ | ၁၁၆၄ | KS(018) ပင်းတယဆိုင် |
| ၈ | Kyaw San & Myae Gae | ၁၁၇၂ | ၁၁၅၇ | ၁၁၆၄ | KS(004) တောင်ကြီးဆိုင် |
| ၉ | Regency | ၁၁၈၇ | ၁၁၇၇ | ၁၁၈၄ | မန္တလေး-လားရှိုးလမ်းနှင့် ပင်လုံလမ်းထောင့်၊ ကျောက်မဲမြို့။ |
| ၁၀ | Regency | ၁၁၉၇ | ၁၁၈၇ | ၁၁၉၄ | ရပ်ကွက်(၁၂)၊ သန္ဓီလမ်း၊ လားရှိုးမြို့။ |
| ၁၁ | OK Petroleum | ၁၁၆၇ | ၁၁၅၇ | ၁၁၆၄ | တောင်ကြီး-ကလော ပြည်ထောင်စုလမ်းမကြီးဘေး |

## စစ်ကိုင်းတိုင်းဒေသကြီးတွင် သက်သာသောဈေးနှုန်းဖြင့် စက်သုံးဆီရောင်းချပေးသွားမည့် အရောင်းဆိုင်များ

| စဉ် | အရောင်းဆိုင်အမည် | တစ်လီတာဈေးနှုန်း | | | အရောင်းဆိုင်လိပ်စာ |
|---|---|---|---|---|---|
| | | Ron 92 | ရိုးရိုးဒီဇယ် | Premium ဒီဇယ် | |
| ၁ | Best Oil | ၁၁၇၂ | ၁၁၅၂ | ၁၁၅၉ | စစ်ကိုင်း-မုံရွာကားလမ်းမကြီးဘေး၊ ကံတလူတိုးဂိတ်အနီး |
| ၂ | Shwe Byain Phyu | ၁၁၇၂ | ၁၁၅၂ | ၁၁၅၉ | ဦးပိုင် နံပါတ်(၇)-၇၂ F122/513, စစ်ကိုင်း-မုံရွာ မိန်းလမ်းမကြီး၊ ကျောက်စစ်ကွင်း၊ စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းမြို့ |

## ရခိုင်ပြည်နယ်တွင် သက်သာသောဈေးနှုန်းဖြင့် စက်သုံးဆီရောင်းချပေးသွားမည့် အရောင်းဆိုင်များ

| စဉ် | အရောင်းဆိုင်အမည် | တစ်လီတာဈေးနှုန်း | | | အရောင်းဆိုင်လိပ်စာ |
|---|---|---|---|---|---|
| | | Ron 92 | ရိုးရိုးဒီဇယ် | Premium ဒီဇယ် | |
| ၁ | Kyaw San & Myae Gae | ၁၁၈၂ | ၁၁၇၂ | ၁၁၇၉ | KS(012) ဂွဆိုင် |
| ၂ | Kyaw San & Myae Gae | ၁၁၈၇ | ၁၁၇၇ | ၁၁၈၄ | KS(002) သံတွဲဆိုင် |
| ၃ | Kyaw San & Myae Gae | ၁၁၈၇ | ၁၁၇၇ | ၁၁၈၄ | KS(022) လင်းမူတောင်ဆိုင် |
| ၄ | Kyaw San & Myae Gae | ၁၁၈၇ | ၁၁၇၇ | ၁၁၈၄ | KS(021) တောင်ကုတ်ဆိုင် |
| ၅ | Kyaw San & Myae Gae | ၁၁၉၇ | ၁၁၈၇ | ၁၁၉၄ | KS(017) အမ်းဆိုင် |
| ၆ | Kyaw San & Myae Gae | ၁၂၁၂ | ၁၂၀၂ | ၁၂၀၉ | KS(006) စစ်တွေဆိုင် |

## မွန်ပြည်နယ်တွင် သက်သာသောဈေးနှုန်းဖြင့် စက်သုံးဆီရောင်းချပေးသွားမည့် အရောင်းဆိုင်များ

| စဉ် | အရောင်းဆိုင်အမည် | တစ်လီတာဈေးနှုန်း | | | အရောင်းဆိုင်လိပ်စာ |
|---|---|---|---|---|---|
| | | Ron 92 | ရိုးရိုးဒီဇယ် | Premium ဒီဇယ် | |
| ၁ | Khine Khine Phyo | ၁၁၇၂ | ၁၁၆၂ | ၁၁၆၉ | တူးမြောင်းရွာ၊ ရေးမြို့နယ်၊ မွန်ပြည်နယ် |
| ၂ | Kyaw San & Myae Gae | ၁၁၅၇ | ၁၁၄၇ | ၁၁၅၄ | KS(015) သထုံဆိုင် |
| ၃ | Kyaw San & Myae Gae | ၁၁၅၇ | ၁၁၄၇ | ၁၁၅၄ | KS(014) ပေါင်(ကျုခတ်ငူဆိုင်) |
| ၄ | Kyaw San & Myae Gae | ၁၁၆၂ | ၁၁၅၂ | ၁၁၅၉ | KS(013) မုဒုံ(တာပသွန်ဆိုင်) |
| ၅ | Kyaw San & Myae Gae | ၁၁၇၂ | ၁၁၆၂ | ၁၁၆၉ | KS(028) ရေးဆိုင် |

## ပဲခူးတိုင်းဒေသကြီးတွင် သက်သာသောဈေးနှုန်းဖြင့် စက်သုံးဆီရောင်းချပေးသွားမည့် အရောင်းဆိုင်များ

| စဉ် | အရောင်းဆိုင်အမည် | တစ်လီတာဈေးနှုန်း | | | အရောင်းဆိုင်လိပ်စာ |
|---|---|---|---|---|---|
| | | Ron 92 | ရိုးရိုးဒီဇယ် | Premium ဒီဇယ် | |
| ၁ | Khine Khine Phyo | ၁၁၄၂ | ၁၁၃၇ | ၁၁၄၄ | ရန်ကုန်-ပဲခူးလမ်းမကြီး၊ အင်းတကော်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး |
| ၂ | Shwe Byain Phyu | ၁၁၅၂ | ၁၁၄၇ | ၁၁၅၄ | ပြည်-ပေါက်ခေါင်းလမ်းမကြီး၊ ပေါင်းတလည်မြို့နယ်၊ ပေါင်းတလည် |
| ၃ | Shwe Byain Phyu | ၁၁၄၇ | ၁၁၄၂ | ၁၁၄၉ | သရက်ပင်တာဆုံ၊ မင်းလှမြို့နယ်၊ မင်းလှ |
| ၄ | Shwe Byain Phyu | ၁၁၄၇ | ၁၁၄၂ | ၁၁၄၉ | နံပါတ်-(၁၀)၊ ပန်တင်းရွာအုပ်စု၊ အုတ်ဖိုမြို့နယ်၊ အုတ်ဖိုမြို့ |
| ၅ | Shwe Byain Phyu | ၁၁၄၇ | ၁၁၄၂ | ၁၁၄၉ | မဟော်အင်းမိန်းလမ်းမကြီး၊ ကျွန်းကလေးအုပ်စု၊ လက်ပံတန်းမြို့နယ်၊ လက်ပံတန်းမြို့ |
| ၆ | Shwe Byain Phyu | ၁၁၅၂ | ၁၁၄၇ | ၁၁၅၄ | နော်ဝတီအုပ်စု၊ ပြည်မြို့နယ်၊ ပြည်မြို့ |
| ၇ | Kyaw San & Myae Gae | ၁၁၅၂ | ၁၁၄၇ | ၁၁၅၄ | KS(008) ရေတာရှည်မြို့နယ် |

## ဧရာဝတီတိုင်းဒေသကြီးတွင် သက်သာသောဈေးနှုန်းဖြင့် စက်သုံးဆီရောင်းချပေးသွားမည့် အရောင်းဆိုင်များ

| စဉ် | အရောင်းဆိုင်အမည် | တစ်လီတာဈေးနှုန်း | | | အရောင်းဆိုင်လိပ်စာ |
|---|---|---|---|---|---|
| | | Ron 92 | ရိုးရိုးဒီဇယ် | Premium ဒီဇယ် | |
| ၁ | Petro King | ၁၁၃၇ | ၁၁၃၂ | ၁၁၃၉ | ရန်ကုန်-ပုသိမ် လမ်းမဘေး |
| ၂ | OK Petroleum | ၁၁၄၂ | ၁၁၃၇ | ၁၁၄၄ | ရန်ကုန်-ပုသိမ်လမ်းမကြီးဘေး |
| ၃ | Kyaw San & Myae Gae | ၁၁၃၇ | ၁၁၃၂ | ၁၁၃၉ | KS(020) ရန်ကုန်တိုင်း မိုင်တိုင်(၂၃)မိုင် |
| ၄ | Kyaw San & Myae Gae | ၁၁၃၇ | ၁၁၃၂ | ၁၁၃၉ | KS(023) ရန်ကုန်တိုင်း မိုင်တိုင်(၃၉)မိုင် |
| ၅ | Kyaw San & Myae Gae | ၁၁၃၇ | ၁၁၃၂ | ၁၁၃၉ | KS(016) ရန်ကုန်တိုင်း မိုင်တိုင်(၄၂)မိုင် |
| ၆ | Kyaw San & Myae Gae | ၁၁၃၇ | ၁၁၃၂ | ၁၁၃၉ | KS(032) ပဲခူးမြို့ရှောင်လမ်း |
| ၇ | OK Petroleum | ၁၁၄၂ | ၁၁၃၇ | ၁၁၄၄ | ပုသိမ်-မုံရွာလမ်းမကြီးဘေး |









## ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းများ ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ စစ်ဆေးမှုအား ကြည့်ရှုအားပေး

**နေပြည်တော် စက်တင်ဘာ ၂၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ဝန်ထမ်းအိမ်ရာနှင့် အဆောင်များတွင် ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲစစ်ဆေးမှုများကို တိုးမြှင့်ဆောင်ရွက်ခြင်း၊ Fever surveillance ပြုလုပ်ခြင်းတို့ကို ယနေ့တွင် ကျန်းမာရေးဝန်ထမ်းများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီအဖွဲ့တို့က ပူးပေါင်းဆောင်ရွက်ကြသည်။

**နှာခေါင်းစည်းများ ဖြန့်ဝေ**

ထိုသို့ဆောင်ရွက်ရာသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်နှင့်အဖွဲ့သည် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ဝန်ထမ်းအိမ်ရာနှင့် အဆောင်များတွင် နေထိုင်ကြသော ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်း ၂၀၁၀ ကို ကိုဗစ်–၁၉ ရောဂါပိုး ရှိ၊ မရှိ စစ်ဆေးပေးနေမှုကို သွားရောက်ကြည့်ရှုအားပေးပြီး ကိုဗစ်– ၁၉ ရောဂါပိုး ရှိ၊ မရှိ လာရောက်စစ်ဆေးကြသည့် ဝန်ထမ်းများအား နှာခေါင်းစည်းများ ဖြန့်ဝေပေးကာ ရင်းရင်းနှီးနှီး အားပေးစကားပြောကြားသည်။

**သတင်းစဉ်**

## ကျိုက်လတ်မြို့နယ်၌ အစိမ်းရောင် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

**ကျိုက်လတ် စက်တင်ဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ်တွင် မြို့နယ်တွင်းရှိ ကျေးရွာပေါင်း ၁၁ ရွာ၌ ကျေးရွာခေါင်းဆောင်မှုနှင့် အစိမ်းရောင်ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျေးရွာများအနေဖြင့် ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်ရေးအတွက် အစိမ်းရောင်ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို လိုက်နာဆောင်ရွက်မှုအားကောင်းစေရန် အသိပညာပေးခြင်း၊ အမှိုက်ကင်းစင်၍ သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေမှုရှိပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်သော ကျေးရွာများ ပေါ်ပေါက်လာစေခြင်း၊ စုပေါင်းဆောင်ရွက်မှု အလေ့အကျင့်ကောင်းများရရှိပြီဆိုလျှင် ကျေးလက်နေသူများ လူမှုဘဝမြင့်မားတိုးတက်နိုင်မည့် အစိမ်းရောင်ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ရာ ကျိုက်လတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ချမ်းမြေ့အောင်နှင့် ဝန်ထမ်းများက ယမန်နေ့ နံနက်ပိုင်းက ငပိချောင်းကျေးရွာသို့ ကွင်းဆင်းကြည့်ရှုခဲ့ပြီး ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

**ကိုလွင်**



## ကျောက်မဲခရိုင်အတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**လားရှိုး စက်တင်ဘာ ၂၆**

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာ ကျော်ထွန်းသည် စက်တင်ဘာ ၂၄ ရက်တွင် ကျောက်မဲမြို့ပေါ်၌ Clean & Green Cities ရန်ပုံငွေများဖြင့် ဆောင်ရွက်နေသည့် ကတ္တရာလမ်းခင်းခြင်း၊ ရေမြောင်းတူးဖော်ခြင်း၊ ပလက်ဖောင်းတည်ဆောက်ခြင်းနှင့် မြို့အဝင်မုခ်ဦးတည်ဆောက်ခြင်း လုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးကျော်နှင့် မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦးတို့က Clean & Green Cities ရန်ပုံငွေကျပ်သန်း ၄၈၀ ဖြင့် စဝ်စံထွန်းလမ်း အရှည် ၁၈၉၂ ပေရှိ ရေမြောင်းနှင့် ပလက်ဖောင်း ပြုလုပ်ခြင်း၊ စဝ်စံထွန်းလမ်း အရှည် ၂၈၄ ပေ၊ အကျယ် ပေ ၄၀ ရှိ ကတ္တရာလမ်းခင်းခြင်း၊ မြို့အဝင် မုခ်ဦးတည်ဆောက်ခြင်း၊ အောင်ဆန်းလမ်း အရှည်



ပေ ၃၅၀၀ ရှိ ကွန်ကရစ်ရေမြောင်းပြုလုပ်ခြင်း လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့သည်။

**ရှင်းလင်းပြောကြား**

ယင်းနောက် ရှမ်းပြည်နယ် ဝန်ကြီးချုပ်သည် နောင်ချိုမြို့တွင် ဆောင်ရွက်လျက်ရှိသော မန္တလေး – လားရှိုး – မူဆယ် ပြည်ထောင်စုလမ်းမကြီးရှိ ရေမြောင်းများ ရေစီးရေလာ ကောင်းမွန်စေရေး ရေနုတ်မြောင်းတူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးရာ စီမံကိန်းမန်နေဂျာ ဦးသက်ဆွေက လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ နောင်ချိုမြို့ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန ရုံးရှေ့တွင် ဆောင်ရွက်လျက်ရှိသော မြို့ဥပမိရုပ်ကောင်းမွန်စေရေး၊ လျှပ်စစ်ဓာတ်အားကြိုးများနှင့် မလွတ်ကင်းသော သစ်ပင်များအား ခုတ်ထွင်ရှင်းလင်းခြင်း လုပ်ငန်းများကို ကြည့်ရှုအားပေးကာ လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

**သက်ရှိကမ္ဘာ ရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**



## ထိုင်းနိုင်ငံမှလွှဲပြောင်းလာသည့် နေရပ်ပြန်ပြည်သူ ၁၉၇ ဦးအား နွေးထွေးစွာကြိုဆို

**တာချီလိတ် စက်တင်ဘာ ၂၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ရှိ မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတားအမှတ်(၂) မှ တစ်ဆင့် ထိုင်းနိုင်ငံမှ လွှဲပြောင်းလာသည့် မြန်မာနိုင်ငံသား နေရပ်ပြန်ပြည်သူ အမျိုးသား ၁၂၃ ဦးနှင့် အမျိုးသမီး ၇၄ ဦး စုစုပေါင်း ၁၉၇ ဦးတို့အား ယမန်နေ့ မွန်းလွဲပိုင်းက မြန်မာနိုင်ငံမှ တာဝန်ရှိသူများက စိစစ်၍ နွေးထွေးစွာ ကြိုဆိုလက်ခံခဲ့ကြသည်။

ယင်းသို့ စိစစ်လက်ခံရာတွင် တာချီလိတ်မြို့ ပြည်ပရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများ စိစစ်လက်ခံရေးနှင့် နေရပ်ပြန်လည်ပို့ဆောင်ရေး ကော်မတီဥက္ကဋ္ဌ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်နိုင်နှင့် ကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်ဦးကျော်၊ မြို့ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု အဖွဲ့ဝင်များက ကြိုဆိုလက်ခံခဲ့ကြပြီး နေရပ်ပြန်ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းကော်မတီက ကျန်းမာရေးဝန်ကြီးဌာန၏ သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ကိုဗစ်-၁၉ ရောဂါပိုး ရှိ-မရှိ RDT Rapid Test Kit စနစ်ဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ဆေးချက်အဖြေအရ ရောဂါပိုးတွေ့ရှိသူများအား ကုသရေးစင်တာသို့ ပို့ဆောင်ပေး၍ ကျန်းမာရေးစောင့်ရှောက်မှုပေးသွားမည်ဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါပိုး မတွေ့ရှိသည့် နေရပ်ပြန်ပြည်သူ ၁၇၃ ဦးတို့အား ဝမ်လုံး အသွားအလာကန့်သတ်စောင့်ကြည့်ရေးစင်တာ၌ ခေတ္တထားရှိပြီး တတိယမြောက်နေ့တွင် ဒုတိယအကြိမ် ထပ်မံစစ်ဆေး၍ ပိုးကင်းစင်မှသာ သက်ဆိုင်ရာ နေရပ်အသီးသီးသို့ပြန်လည်ပို့ဆောင်ပေးသွားမည်ဖြစ်သည်။

ထိုင်းနိုင်ငံမှ လွှဲပြောင်းလာသည့် မြန်မာနေရပ်ပြန်ပြည်သူများကို ဇူလိုင် ၃၀ ရက်မှစတင်၍ စိစစ်လက်ခံခဲ့ကြရာ ယနေ့အချိန်ထိ (၆) ကြိမ်မြောက်ရှိပြီး စုစုပေါင်း ၁၀၁၄ ဦးရှိပြီဖြစ်ကြောင်းနှင့် ၎င်းတို့အား သက်ဆိုင်ရာ နေရပ်ဒေသအသီးသီးသို့ ရောက်ရှိနိုင်ရေးအတွက် တာချီလိတ်မြို့မှ တာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးပြီး ယာဉ်များကို အခမဲ့စီစဉ်ပေးကာ သက်ဆိုင်ရာနေရပ်များသို့ ပြန်လည်ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**ယာဆေး(ပြန်/ဆက်)**

## ဖျာပုံမြို့နယ်၌ ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ်သင်တန်း ဖွင့်လှစ်

**ဖျာပုံ စက်တင်ဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်စီစဉ်မှုဖြင့် ငါးမွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန် ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေး ကျင့်စဉ်(GAqP)နည်းစနစ်ဖြင့် မွေးမြူတတ်စေရန်၊ အစားအသောက်ဘေးဥပဒ်ကင်းရှင်းသည့် မွေးမြူရေး ရေထွက်ကုန် ငါးရိက္ခာများ ထုတ်လုပ်နိုင်စေရန် ရည်ရွယ်၍ ယနေ့နံနက်ပိုင်းက ဖျာပုံမြို့ရှိ ငါးလုပ်ငန်းသင်တန်းကျောင်း (ဖျာပုံ)တွင် ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ် (GAqP)သင်တန်းကို စက်တင်ဘာ ၂၃ ရက်က ဖွင့်လှစ်ခဲ့သည်။

အဆိုပါသင်တန်းတွင် ဧရာဝတီတိုင်းဒေသကြီး ဒုတိယတိုင်းဦးစီးဌာနမှူး ဦးသော်ထွန်းဦးက အဖွင့်အမှာစကားနှင့် သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး သင်တန်းကျောင်းမှ ဆရာများက GAqP ကျင့်စဉ်အတိုင်း ငါးမွေးမြူရာတွင် လိုက်နာရမည့်အခြေခံမူ (၄) ရပ်တို့ကို သိရှိလိုက်နာဆောင်ရွက်နိုင်ရေး စသည့် အချက်အလက်များကို ရှင်းလင်းပို့ချပေးခဲ့သည်။ သင်တန်းသို့ ဒေးဒရဲ၊ ဖျာပုံ၊ ကျိုက်လတ်၊ ဘိုကလေးမြို့နယ်တို့မှ သင်တန်းသား ၃၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ဖျာပုံ ငါးလုပ်ငန်းသင်တန်းကျောင်း၌ ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ် (GAqP) သင်တန်းပို့ချစဉ်။

## ရမည်းသင်းမြို့နယ် ကန်ဆွယ်ရွာ၌ သန့်ရှင်းသောသောက်သုံးရေရရှိရေး ဆောင်ရွက်

**ရမည်းသင်း စက်တင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ကန်ဆွယ်ကျေးရွာသစ် လှုပ်ရှားမှုစီမံကိန်းတွင် သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ဆောင်ရွက်ရာတွင် မန္တလေးတိုင်းဒေသကြီး အစိုးရဘတ်ဂျက်ဖြင့် စိုက်ပျိုးရေးဦးစီးဌာနက လမ်းညွှန်ဆောင်ရွက်ခြင်းဖြစ်သည်။ ယခုအခါ ရေတွင်းတူးဖော်ခြင်းလုပ်ငန်း (တွင်းနက်) ပေ ၅၂၀ ကို တူးဖော်ပြီးဖြစ်ကာ ရေစင်တည်ဆောက်ခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ ရေစင်မှာ အမြင့် ၁၅ ပေဖြစ်ပြီး အပေါ်တွင် ဂါလန် ၂၅၀၀ ဆံ့ အုတ်ကန်တည်ဆောက်သွားမည်ဖြစ်သည်။ ရေစင်ပြီးစီးပါက လီတာ ၂၀၀၀ ဆံ့ ရေသန့်စက်တပ်ဆင်ပြီး ကန်ဆွယ်ကျေးရွာအတွင်း ဖြန့်ဖြူးပေးသွားမည်ဖြစ်သည်။

ယခုနှစ် ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်း ဒုတိယစက်ဝန်းတွင် ကန်ဆွယ်ကျေးရွာ၌ ရေတွင်းတူးဖော်ခြင်း၊ (တွင်းနက်) ရေစင်တည်ဆောက်ခြင်း၊ ရေသန့်စက် တပ်ဆင်ခြင်းနှင့် ရုံးခန်းတည်ဆောက်ခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါကန်ဆွယ်ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်းတွင် အိမ်ခြေ ၂၅၄ အိမ်၊ လူဦးရေ ၉၃၀ နေထိုင်လျက်ရှိပြီး ယခုကဲ့သို့ သန့်ရှင်းသော သောက်သုံးရေရရှိရေး နိုင်ငံတော်မှ ဆောင်ရွက်ပေးသည့်အတွက် ဒေသခံပြည်သူများ ဝမ်းမြောက်ကြကြောင်း သိရသည်။

**လှိုင်သန်းတင့်(ရမည်းသင်း)**

# ပြည်သူအားလုံးကျန်းမာရေး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေး




### မြို့သစ်

စစ်ကိုင်းတိုင်းဒေသကြီး မြို့သစ်မြို့တွင် အသက် ၁၈ နှစ်နှင့်အထက် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး မထိုးနှံရသေးသူများအား ကာကွယ်ဆေးထိုးနှံပေးခြင်းကို မြို့သစ်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၂၆ ရက်ကစ၍ ထိုးနှံပေးလျက်ရှိသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံမှုကို မြို့သစ်မြို့ အုပ်ချုပ်ရေးမှူး ဦးရဲဇော်မင်းနှင့် ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုက်လံကြည့်ရှုပြီး လိုအပ်သည်များ စီမံဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ထွန်းမင်းအောင်(ကဘော်မြေ)**

### မောင်တော

ရခိုင်ပြည်နယ် မောင်တောမြို့ရှိ ကာကွယ်ဆေးမထိုးနှံရသေးသည့် နိုင်ငံ့ဝန်ထမ်းများ၊ အသက် ၅၅ နှစ်နှင့်အထက် ပြည်သူများအား ပထမအကြိမ်အဖြစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ထုတ်လုပ်သော ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ယနေ့နံနက် ၉ နာရီတွင် သတ်မှတ်စုရပ်အသီးသီး၌ ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံမှုများကို စက်တင်ဘာ ၂၆ ရက်တွင် ရပ်ကွက်၊ ကျေးရွာအုပ်စုများရှိ စုရပ် ၁၃ နေရာ၌ နိုင်ငံ့ဝန်ထမ်းများ၊ အသက် ၅၅ နှစ်နှင့်အထက် ပြည်သူများနှင့် ဦးစားပေးအစီအစဉ်တွင် ပါဝင်သူများအား ပထမအကြိမ်အဖြစ် ကာကွယ်ဆေး ဆက်လက်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

**သက်လွင်စိုး (ပြန်/ဆက်)**

### ကျောက်တံခါး

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်တွင် အသက် ၆၅ နှစ်နှင့်အထက် အဘိုးအဘွားများ၊ မသန်စွမ်းသူများ၊ ရောဂါအခံရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပညာရေးဝန်ထမ်းများအား ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းကို ယမန်နေ့က မြို့နယ်စည်ပင်သာယာခန်းမနှင့် မြို့နယ်ပညာရေးမှူးရုံးတို့၌ ပထမအကြိမ် ထိုးနှံပေးလျက်ရှိသည်။

အသက် ၆၅ နှစ်နှင့်အထက် အဘိုးအဘွားများ၊ မသန်စွမ်းသူများ၊ ရောဂါအခံရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများစုစုပေါင်း ၂၁၅ ဦးနှင့် ပညာရေးဝန်ထမ်း ၃၅၃ ဦး စုစုပေါင်း ၅၆၈ ဦးအား ဆေးတစ်လုံးလျှင် လူတစ်ဦး ထိုးနှံပေးလျက်ရှိကြောင်းနှင့် အဆိုပါဆေးထိုးခြင်းလုပ်ငန်းများကို ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်စီမံခန့်ခွဲရေးကော်မတီအဖွဲ့ဝင်များ၊ မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေးကော်မတီအဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စန်းစန်း**

### ရန်ကုန်

ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးမထိုးနှံရသေးသည့် အသက် ၅၅ နှစ်နှင့်အထက် ပြည်သူများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များ၊ စေတနာ့ဝန်ထမ်းများအား ကာကွယ်ဆေးထိုးနှံပေးခြင်းကို ယနေ့နံနက် ၉ နာရီက ဗဟန်းမြို့နယ် ရွှေတောင်ကြား(၁)ရပ်ကွက် ကမ္ဘောဇလမ်းရှိ အမက(၃) မူလွန်ကျောင်း၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဆက်လက်ထိုးနှံပေးသည်။

ယင်းသို့ ကာကွယ်ဆေးထိုးနှံပေးရာနေရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်ထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ပရဟိတအသင်းများ ပူးပေါင်း၍ ကာကွယ်ဆေးထိုးနှံရန် လာရောက်ကြသူများအား အဆင်ပြေချောမွေ့စွာ ကာကွယ်ဆေးထိုးနှံနိုင်ရန် ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**



# အစ္စရေးဝန်ကြီးချုပ်က အမေရိကန်နိုင်ငံ၌ ပင်လယ်ကွေ့ဒေသဝန်ကြီးများနှင့် တွေ့ဆုံမည်

**ဂျေရုဆလင် စက်တင်ဘာ ၂၆**

အစ္စရေးနိုင်ငံ ဝန်ကြီးချုပ် နက်ဖ်တာလီဘန်နက်သည် အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ ပင်လယ်ကွေ့ဒေသထိပ်တန်းဝန်ကြီးများနှင့် ပထမဆုံးအကြိမ် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် နက်ဖ်တာလီဘန်နက်က ယမန်နေ့တွင် ပြောကြားသည်။

အစ္စရေးဝန်ကြီးချုပ် နက်ဖ်တာလီဘန်နက်သည် စက်တင်ဘာ ၂၇ ရက်တွင် ကျင်းပမည့် ကုလသမဂ္ဂအထွေထွေညီလာခံသို့ တက်ရောက်ရန် ယမန်နေ့ ညပိုင်းတွင် အမေရိကန်ပြည်ထောင်စုသို့ ထွက်ခွာသွားကြောင်း အစ္စရေးဝန်ကြီးချုပ်ရုံးက ကြေညာချက်တစ်စောင်ထုတ်ပြန်ခဲ့သည်။

အဆိုပါ ထုတ်ပြန်ကြေညာချက်အရ အစ္စရေးဝန်ကြီးချုပ် နက်ဖ်တာလီဘန်နက်သည် ဘာရိန်းနိုင်ငံခြားရေးဝန်ကြီး အဗ္ဗဒူလာတစ်ဘင်ရာရှစ် အယ်လ်ဇာယာနီ၊ အာရပ်စော်ဘွားများ ပြည်ထောင်စုဝန်ကြီး ခါလီဖာရှာဟီး အယ်လ်မာရာတို့နှင့် တွေ့ဆုံဆွေးနွေးရန် မျှော်လင့်ထားကြောင်း သိရသည်။

ထို့ပြင် အစ္စရေးဝန်ကြီးချုပ် နက်ဖ်တာလီဘန်နက်သည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဂူတာရက်စ်နှင့်လည်း တွေ့ဆုံမည်ဖြစ်ကြောင်း သိရသည်။ အစ္စရေးဝန်ကြီးချုပ်နှင့် ပင်လယ်ကွေ့ဒေသမှ ဝန်ကြီးများနှင့် တွေ့ဆုံမှုသည် အာရပ်နိုင်ငံများနှင့် ဆက်ဆံရေးတောင့်တင်းခိုင်မာစေရန် အစ္စရေးနိုင်ငံက ကြိုးပမ်းလျက်ရှိစဉ် ထွက်ပေါ်လာခဲ့ခြင်း ဖြစ်သည်။ ဘာရိန်း၊ အာရပ်စော်ဘွားများပြည်ထောင်စုနှင့် အစ္စရေးနိုင်ငံတို့၏ ဆက်ဆံရေးသည် ၂၀၂၀ ပြည့်နှစ်တွင် ပုံမှန်ပြန်ဖြစ်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အလင်းသစ်**





# စင်ကာပူနိုင်ငံက ဖွံ့ဖြိုးဆဲနိုင်ငံများအား ဒစ်ဂျစ်တယ်စနစ်ကူးပြောင်းရေးနှင့် ကိုဗစ်-၁၉ ရောဂါကြောင့် ထိခိုက်သွားသည့် စီးပွားရေးအခြေအနေ ပြန်လည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီမည်

**စင်ကာပူ စက်တင်ဘာ ၂၆**

စင်ကာပူနိုင်ငံက ဖွံ့ဖြိုးဆဲနိုင်ငံများအား ဒစ်ဂျစ်တယ်စနစ် ကူးပြောင်းရေးနှင့် ကိုဗစ်–၁၉ ရောဂါကြောင့် ထိခိုက်သွားသည့် စီးပွားရေးအခြေအနေ ပြန်လည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီထောက်ပံ့ပေးမည်ဖြစ်ကြောင်း စင်ကာပူနိုင်ငံခြားရေးဝန်ကြီး ဒေါက်တာ ဗီဗီယန်ဘာလာကာရစ်နန်က ပြောကြားသည်။

နယူးယောက်မြို့၌ ကျင်းပသည့် ကုလသမဂ္ဂ အထွေထွေညီလာခံတွင် စင်ကာပူနိုင်ငံခြားရေးဝန်ကြီး ဒေါက်တာ ဗီဗီယန် ဘာလာကာရစ်နန်က ယမန်နေ့တွင် မိန့်ခွန်းပြောကြားရာ၌ အထက်ပါအတိုင်းပြောကြားခြင်းဖြစ်သည်။ အဆိုပါ ကူညီထောက်ပံ့ရေး အစီအစဉ်များကို ၂၀၂၂ ခုနှစ်မှ ၂၀၂၃ ခုနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်သည်။

ယင်းအစီအစဉ်များတွင် ဒစ်ဂျစ်တယ်စနစ်ကူးပြောင်းရေး၊ ဒစ်ဂျစ်တယ်စီးပွားရေးစနစ်နှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ ပါဝင်သည်။ ထို့ပြင် ကပ်ရောဂါကြိုတင်ပြင်ဆင်သည့်လုပ်ငန်းစဉ်များနှင့် ပညာရေးကဏ္ဍတိုးတက်ရေးတို့အတွက် ကူညီထောက်ပံ့ပေးမည်ဖြစ်သည်။

အဆိုပါအစီအစဉ်များကို ဖွံ့ဖြိုးဆဲနိုင်ငံများဖိုရမ်(FOSS)၏ လုပ်ငန်းစဉ်အောက်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများ ရင်ဆိုင်ကြုံတွေ့ရသည့် အခက်အခဲများကို ဖြေရှင်းရန် စင်ကာပူနိုင်ငံက ဖွံ့ဖြိုးဆဲနိုင်ငံများဖိုရမ်ကို ၁၉၉၂ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သည်။ ကုလသမဂ္ဂအဖွဲ့တွင် FOSS အဖွဲ့ဝင်နိုင်ငံ ၁၀၈ နိုင်ငံ ပါဝင်သည်။

**ကိုးကား – စီအင်န်အေ**

**ဘာသာပြန် – အောင်ကျော်ကျော်**

# အိန္ဒိယနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူ ၂၈၃၂၆ ဦးရှိ

**နယူးဒေလီ စက်တင်ဘာ ၂၆**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူ ၂၈၃၂၆ ဦး ရှိခြင်းကြောင့် ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၃၃၆၅၂၇၄၅ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးအချက်အလက်များအရ သိရသည်။

ထို့ပြင် အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်–၁၉ ရောဂါကြောင့်သေဆုံးသူ ၂၆၀ ထပ်တိုးလာခြင်းကြောင့် ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူ စုစုပေါင်း ၄၄၆၉၁၈ ဦးရှိလာကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါကူးစက်မှုနှင့် ကိုဗစ်–၁၉ ရောဂါကြောင့်သေဆုံးမှုအများဆုံးမှာ ကီရာလာပြည်နယ်တောင်ပိုင်းဖြစ်ကြောင်းနှင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်–၁၉ ရောဂါပိုးတွေ့ရှိဆဲ လူနာစုစုပေါင်း ၃၀၃၄၇၆ ဦးရှိကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်–၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူ ၂၆၀၃၂ ဦးရှိခြင်းကြောင့် ကိုဗစ်–၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူစုစုပေါင်း ၃၂၉၀၂၃၅၁ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အလင်းသစ်**



# စင်ကာပူနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၄၄၃ ဦး ထပ်မံတွေ့ရှိ

**စင်ကာပူ စက်တင်ဘာ ၂၆**

စင်ကာပူနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူ ၁၄၄၃ ဦး ထပ်မံတွေ့ရှိခဲ့ရာ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၈၅၉၅၃ ဦးရှိပြီဖြစ်သည်။

နေ့စဉ်ကူးစက်မှုအရေအတွက် ၁၀၀၀ ကျော် တွေ့ရှိခဲ့သည်မှာ ငါးရက်ဆက်တိုက်ရှိပြီဖြစ်သည်။

ရောဂါထပ်မံကူးစက်ခံရသူများအနက် ၁၄၂၄ ဦးသည် ဒေသတွင်းကူးစက်ခံရသူများဖြစ်ပြီး ကျန် ၁၉ ဦးသည် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများ ဖြစ်သည်။ အဆိုပါဒေသတွင်းကူးစက်ခံရသူများအနက် ၂၈၀ သည် အသက် ၆၀ အထက် အရွယ်များဖြစ်သည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်–၁၉ ရောဂါကူးစက်မှုကြောင့် သုံးဦးထပ်မံသေဆုံးခဲ့ရာ နိုင်ငံအတွင်း ဗိုင်းရပ်စ်ကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၇၆ ဦးရှိပြီဖြစ်သည်။

သေဆုံးသူသုံးဦးအနက် တစ်ဦးသည် အသက် ၆၂ နှစ်အရွယ်အမျိုးသားဖြစ်ပြီး သွေးတိုးနှင့်ဆီးချိုရောဂါခံစားနေရသူဖြစ်သည်။ ၎င်းသည် စက်တင်ဘာ ၆ ရက်တွင် ဗိုင်းရပ်စ်ကူးစက်ခံရပြီး ယမန်နေ့တွင် အဆိုပါရောဂါကြောင့် သေဆုံးသွားခဲ့သည်။ ကာကွယ်ဆေးတစ်ကြိမ်သာထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

ဒုတိယမြောက်သေဆုံးသူသည် အသက် ၇၁ နှစ်အရွယ် အမျိုးသားတစ်ဦးဖြစ်ပြီး ကိုဗစ်–၁၉ ရောဂါကို စက်တင်ဘာ ၈ ရက်တွင် ကူးစက်ခံခဲ့ရသည်။ ၎င်းသည် ကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံမှုခံယူပြီးဖြစ်သော်လည်း ကိုဗစ်–၁၉ ရောဂါ၏ ပြင်းထန်သောဝေဒနာခံစားရမှုကြောင့် ယမန်နေ့တွင် သေဆုံးခဲ့သည်။

တတိယမြောက်သေဆုံးသူသည် အသက် ၇၁ နှစ်အရွယ်အမျိုးသမီးတစ်ဦးဖြစ်ပြီး ကိုဗစ်–၁၉ ရောဂါကို စက်တင်ဘာ ၁၄ ရက်တွင် ကူးစက်ခံခဲ့ရသည်။ ၎င်းသည် သွေးတိုးရောဂါနှင့် ဆီးချိုရောဂါအခံရှိသူဖြစ်သည်။ ၎င်းသည် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုခံယူခြင်းမရှိသေးကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

**ကိုးကား – စီအင်န်အေ**

**ဘာသာပြန် – အောင်ကျော်ကျော်**

# မလေးရှားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၃၈၉၉ ဦး တွေ့ရှိပြီး ၂၂၈ ဦးထပ်မံသေဆုံး

**ကွာလာလမ်ပူ စက်တင်ဘာ ၂၆**

မလေးရှားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်–၁၉ ရောဂါ ခံတက်ခွဲအတည်ပြုလူနာ ၁၃၈၉၉ ဦး ထပ်မံတွေ့ရှိခဲ့ပြီးနောက် ရောဂါကူးစက်ခံရသူပေါင်း ၂၁၈၅၁၃၁ ဦးရှိကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာနက ယနေ့ပြောကြားသည်။

ရောဂါကူးစက်ခံရသူ ၁၃၈၉၉ ဦးအနက် ခြောက်ဦးသည် ပြည်ပနိုင်ငံများမှ ပြန်လာသူများဖြစ်ပြီး ကျန် ၁၃၈၉၃ ဦးသည် ပြည်တွင်း၌ ရောဂါကူးစက်ခံရခြင်းဖြစ်သည်။

ထို့အပြင် မလေးရှားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်–၁၉ ရောဂါဖြင့် ၂၂၈ ဦး ထပ်မံသေဆုံးခဲ့သဖြင့် လက်ရှိအချိန်အထိ ထိုရောဂါဖြင့် သေဆုံးသူပေါင်း ၂၅၁၅၉ ဦးရှိလာသည်။ သို့သော် တစ်ရက်အတွင်း လူနာ ၁၈၀၇၄ ဦးခန့် ရောဂါကင်းစင်ပြီး ဆေးရုံများမှ ပြန်ဆင်းခဲ့ကြသဖြင့် ကိုဗစ်–၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၁၉၆၈၅၃၈ ဦး ရှိလာသည်။

လူနာ ၁၀၇၀ သည် အထူးကြပ်မတ်ကုဌာနတွင် ဆေးဝါးကုသမှုခံယူလျက်ရှိပြီး ၅၉၈ ဦးသည် အသက်ရှူအထောက်အကူပြုကိရိယာ တပ်ဆင်ထားရသည်။

လက်ရှိအချိန်အထိ နိုင်ငံ၏ လူဦးရေ ၆၉ ဒသမ ၆ ရာခိုင်နှုန်းခန့်သည် ပထမအကြိမ် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုခံယူခဲ့ပြီး လူဦးရေ၏ ၅၉ ဒသမ ၇ ရာခိုင်နှုန်းခန့်သည် ဒုတိယအကြိမ် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုခံယူခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**

**ဘာသာပြန် – ဂျေတီ**

# အမေရိကန်နိုင်ငံ မွန်တာနာပြည်နယ်၌ ရထားတစ်စင်း ပြေးလမ်းချော်မှုဖြစ်ပွား၊ အနည်းဆုံး သုံးဦးသေဆုံး

**ဝါရှင်တန် စက်တင်ဘာ ၂၆**

အမေရိကန်နိုင်ငံ မွန်တာနာပြည်နယ်၌ ရထားတစ်စင်း ပြေးလမ်းချော်မှု ဖြစ်ပွားခဲ့ရာ အနည်းဆုံး သုံးဦး သေဆုံးပြီး ၅၀ ကျော် ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ချီကာဂိုမြို့မှ ထွက်ခွာလာသည့် Amtrak ခရီးသည်တင်ရထားသည် ယမန်နေ့ ညနေ ၄ နာရီဝန်းကျင်တွင် ဂျော်လင်းမြို့အနီး၌ ပြေးလမ်းချော်သွားခဲ့သည်။ အဆိုပါရထားပေါ်တွင် ခရီးသည် ၁၆၀ နှင့် ရထားဝန်ထမ်းများ စီးနင်းလိုက်ပါလာခဲ့သည်။

အဆိုပါရထား ပြေးလမ်းချော်မှုကြောင့် သုံးဦး အနည်းဆုံးသေဆုံးပြီး ၅၀ ကျော် ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း ဒေသန္တရမီဒီယာများက သတင်းဖော်ပြသည်။

အဆိုပါရထားတွင် မီးရထားစက်ခေါင်းနှစ်ခုနှင့် အတွဲ ၁၀ တွဲတပ်ဆင်ထားသည်။ ယင်းအတွဲ ၁၀ တွဲအနက် ရှစ်တွဲပြေးလမ်းချော်ခဲ့ကြောင်း သိရသည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**





# တူရကီနိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ခုနစ်သန်းကျော် ရှိလာ

**အန်ကာရာ စက်တင်ဘာ ၂၆**

တူရကီနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူ ၂၆၁၄၅ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၇၀၁၃၆၃၉ ဦးရှိလာကြောင်း တူရကီကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ထို့ပြင် တူရကီနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူ ၁၉၃ ဦးရှိခြင်းကြောင့် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူစုစုပေါင်း ၆၂၉၃၈ ဦးရှိလာကြောင်းနှင့် လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်–၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၁၉၁၉၉ ဦးရှိကြောင်း သိရသည်။

တူရကီနိုင်ငံသည် တရုတ်နိုင်ငံထုတ် Sinovac ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးကို နိုင်ငံအတွင်း အရေးပေါ်အသုံးပြုရန် တူရကီကျန်းမာရေး အာဏာပိုင်များက အတည်ပြုပေးခဲ့ပြီးနောက် နိုင်ငံတစ်ဝန်း ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ဇန်နဝါရီ ၁၄ ရက်တွင် စတင်ခဲ့သည်။

လက်ရှိတွင် တူရကီနိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးတစ်ကြိမ် ထိုးနှံပြီးသူစုစုပေါင်း ၅၃ ဒသမ ၃၉ သန်းကျော်ရှိကြောင်း၊ ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံပြီးသူစုစုပေါင်း ၄၃ ဒသမ ၄၃ သန်းကျော်ရှိကြောင်းနှင့် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးအလုံးရေစုစုပေါင်း ၁၀၇ ဒသမ ၆၄ သန်းကျော် အသုံးပြုပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အလင်းသစ်**

# ရုရှားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၂၄၉၈ ဦးရှိ

**မော်စကို စက်တင်ဘာ ၂၆**

ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူ ၂၂၄၉၈ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူ စုစုပေါင်း ၇၄၂၀၉၃၃ ဦးရှိလာကြောင်း ရုရှားနိုင်ငံ၏ ကိုဗစ်–၁၉ ရောဂါစောင့်ကြည့်ရေးနှင့် တုံ့ပြန်ရေးစင်တာ၏ ပြောကြားချက်အရ သိရသည်။

**သေဆုံးသူစုစုပေါင်း ၂၀၃၉၀၀ ရှိလာ**

ထို့ပြင် ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူ ၈၀၅ ဦးရှိသဖြင့် ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၂၀၃၉၀၀ ရှိလာကြောင်းနှင့် ကိုဗစ်–၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူ ၁၃၆၇၁ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် ကိုဗစ်–၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူစုစုပေါင်း ၆၆၀၄၆၀၄ ဦးရှိလာကြောင်း သိရသည်။

မြို့တော်မော်စကိုသည် ရုရှားနိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါကူးစက်ခံရမှု အများဆုံးဒေသဖြစ်ပြီး လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူ ၃၂၇၅ ဦးရှိခြင်းကြောင့် မြို့တော်တစ်ဝန်း၌ ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူ စုစုပေါင်း ၁၆၂၀၉၉၀ ရှိလာကြောင်း သိရသည်။

ရုရှားနိုင်ငံ မီဒီယာများ၏ သတင်းထုတ်ပြန်ချက်အရ လက်ရှိတွင် ရုရှားနိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံပြီးသူစုစုပေါင်း ၄၁ ဒသမ ၇ သန်းကျော်ရှိကြောင်း သိရသည်။

**ကိုးကား–ဆင်ဟွာ**
**ဘာသာပြန်–အလင်းသစ်**





# ဖိလစ်ပိုင်နိုင်ငံ၌ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၂၀၇၅၅ ဦး ထပ်မံတွေ့ရှိ

**မနီလာ စက်တင်ဘာ ၂၆**

ဖိလစ်ပိုင်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူ ၂၀၇၅၅ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၂၄၉၀၈၅၈ ဦးရှိကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

**စံချိန်တင်တွေ့ရှိ**

ကိုဗစ်–၁၉ ရောဂါ ကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၃၇၄၀၅ ဦး ရှိလာသည်။ စက်တင်ဘာ ၁၁ ရက်တွင် နေ့စဉ်ကူးစက်မှု အရေအတွက် ၂၆၃၀၃ ဦးအား စံချိန်တင်တွေ့ရှိသည်။

လူဦးရေ သန်း ၁၁၀ ရှိသည့် ဖိလစ်ပိုင်နိုင်ငံ၌ ယမန်နှစ် ဇန်နဝါရီလမှစပြီး လက်ရှိအချိန်အထိ ပြည်သူ ၁၉ သန်းကျော်အား ရောဂါ ရှိ၊ မရှိ စစ်ဆေးမှုပြုလုပ်ပြီးဖြစ်သည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အောင်ကျော်ကျော်**

■

# တရုတ်နိုင်ငံက ဖိလစ်ပိုင်နိုင်ငံသို့ Sinovac ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထပ်မံပေးပို့

**မနီလာ စက်တင်ဘာ ၂၆**
တရုတ်နိုင်ငံသည် ဖိလစ်ပိုင်နိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှု အစီအစဉ်ကို အထောက်အပံ့ဖြစ်စေရန် ယနေ့တွင် ဖိလစ်ပိုင်နိုင်ငံသို့ Sinovac ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထပ်မံပေးပို့ခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံသည် ဖေဖော်ဝါရီ ၂၈ ရက်ကတည်းက ဖိလစ်ပိုင်နိုင်ငံသို့ Sinovac ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ပေးပို့ခဲ့ခြင်းဖြစ်သည်။ ဖေဖော်ဝါရီ ၂၈ ရက်က ပေးပို့ခဲ့သည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးသည် ဖိလစ်ပိုင်နိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု အစီအစဉ်စတင်ခဲ့သည့် မတ် ၁ ရက်နောက်ပိုင်း တရုတ်နိုင်ငံက ပထမဆုံးအကြိမ်ပေးပို့ခဲ့သည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးဖြစ်သည်။

**၄၃ ဒသမ ၈ သန်းကျော် အသုံးပြုခဲ့**

ဖိလစ်ပိုင်နိုင်ငံသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အလုံးရေစုစုပေါင်း ၄၃ ဒသမ ၈ သန်းကျော် အသုံးပြုခဲ့ပြီးဖြစ်ကြောင်းနှင့် လူဦးရေသန်း ၂၀ ကျော်သည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံအစိုးရသည် ယခုနှစ်အတွင်း လူဦးရေသန်း ၇၀ အထိ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးရန် ရည်ရွယ်လျက်ရှိသည်။ ဖိလစ်ပိုင်နိုင်ငံသည် ယနေ့အထိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထုတ်လုပ်သည့်နိုင်ငံများထံမှ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အလုံးရေ သန်း ၇၀ နီးပါး လက်ခံရရှိထားပြီး တရုတ်နိုင်ငံသည် ဖိလစ်ပိုင်နိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအများဆုံး ထောက်ပံ့သည့် နိုင်ငံဖြစ်ကြောင်း သိရသည်။



လက်ရှိတွင် ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၂ ဒသမ ၅ သန်းနီးပါးရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၃၇၄၀၅ ဦးရှိကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**



# အီရန်နိုင်ငံ၌ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၃၇၉၂ ဦး ထပ်မံတွေ့ရှိ

**တီဟီရန် စက်တင်ဘာ ၂၆**
အီရန်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၃၇၉၂ ဦးအား ထပ်မံတွေ့ရှိခဲ့ရာ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၅၅၃၃၅၂၀ ရှိလာသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ၂၈၈ ဦးထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၁၁၉၃၆၀ ရှိလာကြောင်း အီရန်ကျန်းမာရေးနှင့် ဆေးပညာဝန်ကြီးဌာန၏ ကိန်းဂဏန်းများအရ သိရသည်။

သို့သော် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၄၉၄၄၀၈၇ ဦးရှိသည်။

လူနာ ၆၃၂၀ သည် အထူးကြပ်မတ်ကုသဆောင်များတွင် ကျန်းမာရေးစောင့်ရှောက်မှုခံယူလျက်ရှိသည်။

လက်ရှိအချိန်အထိ ပြည်သူ ၃၅၄၉၁၇၂၇ ဦးသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး တစ်ကြိမ်ထိုးနှံမှုခံယူပြီးဖြစ်ပြီး ပြည်သူ ၁၅၄၆၇၂၅၅ ဦးသည် ကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံမှုခံယူပြီးဖြစ်သည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**

# ဂျပန်နိုင်ငံက ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အရေးပေါ်အခြေအနေ ရုပ်သိမ်းမည်

**တိုကျို စက်တင်ဘာ ၂၆**
ဂျပန်နိုင်ငံအစိုးရသည် နေ့စဉ် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူအရေအတွက် လျော့ကျလာသည့်အတွက် ယခုလကုန်ပိုင်းတွင် ခရိုင်အချို့၌ ချမှတ်ထားသည့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာအရေးပေါ်အခြေအနေများကို ရုပ်သိမ်းမည်ဖြစ်ကြောင်း ဂျပန်အစိုးရတာဝန်ရှိသူများက ပြောကြားသည်။

တိုကျိုမြို့၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၉၉ ဦးရှိခြင်းကြောင့် တိုကျို၏ နေ့စဉ်ကိုဗစ်-၁၉ ရောဂါကူးစက်မှု ၁၀၀၀ အောက် လျော့ကျခဲ့သည်မှာ ၁၁ ရက်ဆက်တိုက် ရှိသွားပြီဖြစ်ကြောင်းနှင့် လက်ရှိတွင် တိုကျိုနှင့် အခြားခရိုင် ၁၈ ခုသည် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အရေးပေါ်အခြေအနေအောက်တွင် ရှိနေဆဲဖြစ်ကြောင်း သိရသည်။

ဂျပန်နိုင်ငံတစ်ဝန်းတွင်မူ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၁၀၀ ကျော် ထပ်မံတွေ့ရှိခဲ့ကြောင်း သိရသည်။ ထို့ကြောင့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များကို တဖြည်းဖြည်းဖြေလျှော့ပေးသွားမည်ဖြစ်ကြောင်း ဂျပန်နိုင်ငံကျန်းမာရေးဝန်ကြီး နိုရီဟီဆာက ပြောကြားသည်။

ဂျပန်ဝန်ကြီးချုပ် ဆူဂါကလည်း ကျွမ်းကျင်သူများနှင့် တိုင်ပင်ပြီးပါက ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အရေးပေါ်အခြေအနေ ရုပ်သိမ်းမည့်ဆုံးဖြတ်ချက်ကို စက်တင်ဘာ ၂၈ ရက်အစောဆုံးထား၍ ဆုံးဖြတ်မည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အလင်းသစ်**



| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | | |
|---|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၂၃၂၃၉၇၇၅၀ | ဦး |
| သေဆုံးသူ | ၄၇၅၉၃၅၉ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၂၀၉၀၂၄၅၃၀ | ဦး |



# ဗီယက်နမ်နိုင်ငံ၌ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၀၀၁၁ ဦး တွေ့ရှိ

**ဟနွိုင်း စက်တင်ဘာ ၂၆**
ဗီယက်နမ်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၀၀၁၁ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ လက်ရှိအချိန်အထိ နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၇၅၆၆၈၉ ဦးရှိပြီး သေဆုံးသူပေါင်း ၁၈၅၈၄ ဦးရှိကြောင်း ဗီယက်နမ်ကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

အဆိုပါရောဂါထပ်မံကူးစက်ခံရသူအားလုံးသည် ပြည်တွင်းကူးစက်ခံရသူများဖြစ်သည်။

**အများဆုံးစစ်ဆေးတွေ့ရှိ**

ထို့ပြင် ယင်းကူးစက်ခံရသူအများစုကို နိုင်ငံ၏တောင်ဘက်ပိုင်းမှ အများဆုံးစစ်ဆေးတွေ့ရှိရသည်။ ဟိုချီမင်းစီးတီး၌ ၅၁၂၁ ဦး၊ ဘင်ဒေါင်ခရိုင်၌ ၃၃၃၂ ဦး နှင့် ဒေါင်နန်ခရိုင်၌ ၇၄၆ ဦးတို့ကို အသီးသီးတွေ့ရှိသည်။

သို့သော် လွန်ခဲ့သော ၂၄ နာရီအတွင်း ၁၁၄၇၇ ဦး ရောဂါမှ ပြန်လည် ကျန်းမာလာခဲ့သည့်အတွက် ဆေးရုံများမှဆင်းသွားခဲ့ရာ ကျန်းမာရေးအခြေအနေပြန်လည်ကောင်းမွန်လာသူပေါင်း ၅၂၇၉၂၆ ဦး ရှိလာသည်။

လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၃၈ ဒသမ ၄ သန်းကျော်အား ထိုးနှံပေးပြီးဖြစ်သည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**

■

# လုံခြုံရေးတပ်ဖွဲ့ဝင်များ အယောင်ဆောင်လျက် ငွေကြေးလိမ်လည်တောင်းခံရာတွင်ပါဝင်ပတ်သက်သူများ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၂၆**

လုံခြုံရေးတပ်ဖွဲ့ဝင်များအဖြစ် အယောင်ဆောင်လျက် ငွေကြေးတောင်းခံ၍ အမြတ်ထုတ်ကာ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ဂုဏ်သိက္ခာကို ထင်ယောင်ထင်မှားဖြစ်အောင် ဆောင်ရွက်သူများအား ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် (စ)ရပ်ကွက် မနော်ဟရီလမ်း ၆၇ x ၆၈ လမ်းကြားတွင် KKY စတီးလ်လုပ်ငန်းလုပ်ကိုင်သူ မျိုးညွန့်(ခ) ကရင်လေးသည် PDF အဖွဲ့ဝင်များကို ငွေကြေးထောက်ပံ့မှုများရှိနေကြောင်း သိရသဖြင့် စက်တင်ဘာ ၁၁ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များဖြင့် နေအိမ်သို့ သွားရောက်ခေါ်ယူထိန်းသိမ်းကာ လိုအပ်သည့် စစ်ဆေးမေးမြန်းမှုများ ဆောင်ရွက်ခဲ့ပြီး PDF အဖွဲ့ဝင်များနှင့် ပတ်သက်မှုမရှိကြောင်း သိရှိရသဖြင့် စက်တင်ဘာ ၁၈ ရက်တွင် ပြန်လည်စေလွှတ်ပေးခဲ့သည်။

အဆိုပါ မျိုးညွန့်(ခ)ကရင်လေးကို စစ်ဆေးနေစဉ်ကာလ စက်တင်ဘာ ၁၃ ရက်တွင် ၎င်း၏ဇနီးဖြစ်သူ မဝေဝေလင်းထံ အမျိုးသားတစ်ဦးက ဖုန်းဆက်သွယ်၍ ၎င်းမှာ နန်းတွင်းမှ အရာရှိတစ်ဦးဖြစ်ကြောင်း၊ မျိုးညွန့်(ခ)ကရင်လေး ပြန်လည်လွတ်မြောက်ရန်အတွက် ငွေကျပ်သိန်း ၂၀၀ ပေးရမည်ဖြစ်ကြောင်း တောင်းခံလာသဖြင့် မဝေဝေလင်းက ငွေကျပ်သိန်း ၁၆၀ သာ ပေးနိုင်မည်ဖြစ်ကြောင်း ပြန်လည်ပြောဆိုခဲ့ပြီး ယင်းသို့ ငွေတောင်းခံမှုကို စက်တင်ဘာ ၁၄ ရက်တွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တာဝန်ရှိသူများထံသို့ အကြောင်းကြားတင်ပြခဲ့သည်။

တိုင်းစစ်ဌာနချုပ်က စိစစ်ဖော်ထုတ်ချက်အရ လိမ်လည်ငွေတောင်းခံမှုနှင့် ဆက်နွယ်သူများဖြစ်သည့် ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၂)နေ ပိုင်ဖြိုးဟိန်း(ဘ) ဦးသန်းဝင်း အသက် (၂၀)နှစ်နှင့် ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၂) မြမာလာရပ်နေ သန်းထိုက်အောင်(ဘ) ဦးသန်းဝင်း အသက်(၃၂)နှစ်တို့ကို စက်တင်ဘာ ၁၅ ရက်တွင် ဖမ်းဆီးရမိခဲ့သည်။ ဖမ်းဆီးရမိ တရားခံနှစ်ဦး၏ ထွက်ဆိုချက်အရ ၎င်းတို့အား ဇင်မင်းခန့်ဆိုသူက ငွေလွှဲထုတ်ရန် စေလွှတ်ခဲ့ကြောင်း သိရှိရသဖြင့် ပြင်ဦးလွင်မြို့နယ် ပင်လိမ်ကျေးရွာရှိ ဇင်မင်းခန့် နေအိမ်သို့ သွားရောက်ဖမ်းဆီးရာ ဇင်မင်းခန့်မှာ နေအိမ်မှ ထွက်ပြေးတိမ်းရှောင်သွားခဲ့ပြီး ဇနီးဖြစ်သူ ဝေဝေခိုင်ကိုတွေ့ရှိရကာ ဝေဝေခိုင်အား စစ်ဆေးချက်အရ



ပိုင်ဖြိုးဟိန်း



သန်းထိုက်အောင်

ဇင်မင်းခန့်မှာ မျိုးညွန့်(ခ)ကရင်လေးနှင့် မယားညီအစ်ကိုတော်စပ်သူဖြစ်ကြောင်း၊ ဝေဝေလင်းနှင့်ဝေဝေခိုင်မှာ ညီအစ်မတော်စပ်သူဖြစ်ကြောင်း၊ ဇင်မင်းခန့်အနေဖြင့် မျိုးညွန့်နှင့်ပတ်သက်ပြီး သတင်းမှားများပေး၍ မျိုးညွန့် ဖမ်းဆီးခံရကာ စစ်ဆေးနေစဉ် မဝေဝေလင်းထံသို့ ဖုန်းဆက်သွယ်ရယူ၍ နန်းတွင်းမှ အရာရှိအနေဖြင့် ငွေကြေးတောင်းခံခဲ့ကြောင်း သိရသည်။ သို့ဖြစ်၍ တရားခံ ဇင်မင်းခန့်ကို ဖမ်းဆီးရမိရေးအတွက် ပြင်ဦးလွင်သို့ ငွေလွှဲပို့နိုင်ရေး စီစဉ်ဆောင်ရွက်ခဲ့ရာ ငွေလွှဲထုတ်ယူရန် လာရောက်သူ ပိုင်ဖြိုးဟိန်းနှင့် သန်းထိုက်အောင်ကို ဖမ်းဆီးရမိခဲ့ပြီး တရားဥပဒေနှင့်အညီ အရေးယူနိုင်ရေး ပြင်ဦးလွင်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံး၌ အမှုဖွင့်လှစ် ဆောင်ရွက်ထားရှိကြောင်းနှင့် တရားခံဇင်မင်းခန့်အား ဖမ်းဆီးရမိရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အလားတူ လုံခြုံရေးတပ်ဖွဲ့ဝင် တပ်မတော်သား၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အခြားလုံခြုံရေးတပ်ဖွဲ့ဝင်များ အယောင်ဆောင်လျက် ငွေကြေးတောင်းခံ၍ အမြတ်ထုတ်ခြင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ဂုဏ်သိက္ခာအား ထင်ယောင်ထင်မှား သံသယဖြစ်စေခြင်းတို့ မကြာခဏဖြစ်ပေါ်ဖြေရှင်းရလျက်ရှိပါသဖြင့် ပြည်သူတစ်ရပ်လုံးအနေဖြင့် ကိုယ်တိုင်ဖြစ်စေ၊ ဆွေမျိုးအသိုက်အဝန်းမှဖြစ်စေ၊ မိမိပတ်ဝန်းကျင်၌ဖြစ်စေ အမှုကိစ္စနှင့်ပတ်သက်၍ ငွေကြေးတောင်းခံမှုအပါအဝင် ဥပဒေမဲ့လုပ်ရပ်များရှိလာပါက နီးစပ်ရာ လုံခြုံရေးစခန်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲစခန်း၊ ဌာနချုပ်များသို့ အသိပေးတိုင်ကြားနိုင်ပါကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။

**သတင်းစဉ်**

# ကျောက်ဆည်မြို့နယ်နှင့် တာချီလိတ်မြို့နယ်တို့၌ စိတ်ကြွရူးသွပ်ဆေးပြား ၂၈၀၀၀၀ ခန့် သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၂၆**

မန္တလေး တိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ်တို့တွင် ငွေကျပ်သိန်း ၂၃၉၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

**သိမ်းဆည်းရမိ**

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၂၅ ရက် နံနက် ၁၀ နာရီခန့်တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ဆန်ဆိုင်း(ခ)ရပ်ကွက်၊ မြို့ရှောင်လမ်း၌ သတင်းအရ အားဖာ မော်တော်ဆိုင်ကယ်ဖြင့် သယ်ဆောင်လာသည့် ဒေသကာလတန်ဖိုး ငွေကျပ် သိန်း ၈၉၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၈၀၀၀ သိမ်းဆည်း ရမိခဲ့သည်။ အလားတူ ည ၈ နာရီခွဲခန့်တွင် မန္တလေးတိုင်းဒေသကြီး



ပြစ်မှုကျူးလွန်သူများအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

ကျောက်ဆည်မြို့နယ် ကင်းကျေးရွာအနီးတွင် မြတ်သူရ(ခ) မတ်စအွတ် မောင်းနှင်လာသည့် Toyota Crown မော်တော်ယာဉ်ကို သတင်းအရ ရှာဖွေရာ ဒေသကာလတန်ဖိုး ငွေကျပ်သိန်း ၁၅၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀၀ သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ည ၉ နာရီတွင် ကင်းကျေးရွာအနီး ဇော်ဂျီမြစ်ကမ်းရေချိုးဆိပ်တွင် မူးယစ်ဆေးဝါး သယ်ဆောင်ရာတွင် ပူးပေါင်းပါဝင်သူ စိုင်းဆိုင်လင်းအား ဆိုင်ကယ်တစ်စီးနှင့်အတူ ထပ်မံ ဖမ်းဆီးရမိခဲ့သည်။ ထို့ကြောင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက် ပြစ်မှုကျူးလွန်သူများအား ဆက်လက် စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ဥပဒေဘောင်အတွင်းနေထိုင်ခြင်း ဘေးကင်းရန်ကွာလွန်ချမ်းသာ

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၇-၉-၂၀၂၁ တနင်္လာနေ့

**MRTV HD**

- **၀၆:၀၀** ပေဋ္ဌာနသုတ်၊ ရတနသုတ်၊ မေတ္တာသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
- **၀၇:၀၀** နံနက်ခင်းသတင်း
- **၀၈:၃၅** မှုဝေအသိပေး ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေး
- **၀၉:၁၅** မွေးမြူရေးရာအဖြာဖြာ
- **၀၉:၅၀** ဖိတ်ခေါ်ပါသည် ကျိုက်သလဲ CBT
- **၁၀:၀၀** သတင်းထဲကသတင်း
- **၁၀:၃၅** ရာဇဝင်ထဲက သမိုင်းအနုပညာ
- **၁၃:၃၀** MRTV National News
- **၁၅:၀၀** Grade-11 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ 'မြန်မာစာဘာသာရပ်'
- **၁၆:၃၅** အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ
- **၁၇:၀၅** This Week's Special Interest
- **၁၇:၄၀** ကျန်းမာရေးမဂ္ဂဇင်း
- **၁၈:၀၀** ပြည်တွင်းသတင်း
- **၁၈:၃၀** သံစဉ်ချိုမြ မြန်မာတေးအလှ
- **၁၉:၂၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'ပြောင်းလဲနိုင်သော အချိန်စက်ဝန်း' (အပိုင်း-၆)
- **၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- **၂၁:၀၀** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- **၂၁:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'နှလုံးသားခေါ်ဆောင်ရာ' (အပိုင်း-၇၃)
- **၂၂:၀၀** ရုပ်မြင်သံကြားဇာတ်လမ်း 'လျှာ'

**mitv**

- **07:01** News
- **07:27** Unique Art of Stucco Work
- **07:43** Natural Mineral Water
- **08:01** Myanmar Masterclass: Cubism
- **08:07** A Festival on Buddha's Life Story (Part-I)
- **08:34** Myanmar's Traditions and Culture: Novicehood in Myanmar
- **09:01** A Journey To Southern Shan State (Ep-2)
- **09:23** TKayah
- **09:40** Let's Taste Delicious Insects: Red Ant Spaghetti & Crickets, Soy Chips & Fragrant Root Curry
- **09:55** Hip-Hop and Design
- **10:00** Dances of Myanmar "Lisu Traditional Dance"
- **10:29** Myanmar's Bamboo Hat
- **11:42** Ngapali, Unique Spot To Relax

**MRTV NRC**

- **ကယား (၀၆:၀၀ မှ ၀၈:၀၀)** ဒေါ်ဝယ်ရေရွာကလေးနှင့်လူနေမှုဘဝ
- **ဝကြောကရင် (၀၈:၀၀ မှ ၀၉:၀၀)** ကြက်သားကာလသားချက်
- **အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)** စီးပွားဖြစ်တဲ့ပီလောပီနံ
- **အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)** သာယာလှပသော ကျူထော်ရေတံခွန်သို့ သွားလည်ကြရအောင်
- **ချင်း (လိုင်ဇိုး) (၁၁:၀၀ မှ ၁၂:၀၀)** ပိုင်လင်း(သီချင်းကြီး)
- **ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)** မိုးဘိုင်းဖုန်းနှင့်ကျန်းမာရေး
- **မွန် (၁၃:၀၀ မှ ၁၅:၀၀)** မွန်ဘာသာစကားပြောကြရအောင် (အပိုင်း-၂)
- **ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)** Arakan Talented Star တေးသံရှင် ဒိုကလေး(အင်တာဗျူး)
- **ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)** ပင်လောင်းသို့ခရီးသွားခြင်း(အပိုင်း-၃)
- **ဝ (၁၉:၀၀ မှ ၂၁:၀၀)** လားရှိုးမြို့သို့အလည်တစ်ခေါက်
- **ကချင် (၂၁:၀၀ မှ ၂၃:၀၀)** မြန်မာ့မြေမှုစိုက်ပျိုးစီးပွားလူမှုဘဝများ (အင်းတော်ကြီးဇီဝအဝန်းနယ်နှင့် ရာသီပေါ်ဂရိတ်ဖုသီးအကြောင်း)

**MRTV PARLIAMENT**

- **၀၉:၀၀** အဖွင့်၊အလံ
- **၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက် သတင်းများ
- **၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း(အပိုင်း-၇)
- **၁၁:၀၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'တံစိုးလက်ဆောင်ရယူခြင်း'
- **၁၁:၃၀** အတွေးအမြင် (အပိုင်း-၇)

**MRTV SPORTS**

- **၀၆:၀၀** အဖွင့်
- **၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
- **၀၇:၀၀** Sports News
- **၀၇:၃၀** Soccer View/ Weekly Sports Info
- **၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
- **၀၈:၀၀** ပြန်လည်ခံစား မြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- **၂၀:၀၀** ပြည်တွင်းသတင်း

MRTV Farmers' Channel ကို နေ့စဉ် နံနက် (၆:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေမှအပ နံနက် (၁၀:၀၀)နာရီမှ ညနေ(၆:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။
SCAN ME
www.mrtv.gov.mm twitter.com/mrtvwebportal t.me/mrtvnews

# အကြမ်းဖက် PDF အဖွဲ့များနှင့် ဆက်သွယ်၍ အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်နေသူ မင်းကင်းမြို့နယ် NLD ပါတီဝင် ကျော်မင်းထွဋ်နှင့် ဆက်စပ်တရားခံ သုံးဦး ဖမ်းဆီးရမိ

## တရားမဝင်ငွေကြေးကောက်ခံမှုများ၊ အကြမ်းဖက်လုပ်ငန်းများနှင့် အပြစ်မဲ့ပြည်သူများကို ဒလန်အဖြစ် စွပ်စွဲသတ်ဖြတ်ခြင်းများ လုပ်ဆောင်

**နေပြည်တော် စက်တင်ဘာ ၂၆**

နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားထိခိုက်စေရန် ရည်ရွယ်၍ အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသော စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ်ရှိ အကြမ်းဖက် PDF အဖွဲ့များကို ထောက်ပံ့မှုများပြုလုပ်ပေးနေသူ ပပလှိုင်အား စက်တင်ဘာ ၅ ရက် ညနေပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ အောင်မင်္ဂလာရပ်ကွက် မင်္ဂလာလမ်းတွင် ဖမ်းဆီးရမိခဲ့သည်။

**ခိုင်းစေချက်အရ**


တရားခံ ပပလှိုင်၏ ထွက်ဆိုချက်အရ ၎င်းသည် တရားခံပြေး ကျော်မင်းထွဋ် (မင်းကင်းမြို့နယ် NLD ပါတီ ဥပဒေအထောက်အကူပြုအဖွဲ့ဝင်)၏ ခိုင်းစေချက်အရ မင်းကင်းမြို့နယ်ရှိ အကြမ်းဖက် PDF အဖွဲ့များကို ငွေကြေးလွှဲပြောင်းပေးပို့ခြင်း၊ ဆေးဝါးများပေးပို့ခြင်း၊ လက်လုပ်သေနတ်ပြုလုပ်ရန် ပစ္စည်းကိရိယာများ ဝယ်ယူရေးတို့ကို လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

**ဖမ်းဆီးရမိ**

တရားခံ ပပလှိုင်၏ ထွက်ဆိုချက်အရ စက်တင်ဘာ ၆ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အကြမ်းဖက် PDF အဖွဲ့များနှင့် ဆက်သွယ်၍ အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်နေသူ မင်းကင်းမြို့နယ် NLD ပါတီဝင် ကျော်မင်းထွဋ်၊ ကျော်မင်းအောင်နှင့် အကြမ်းဖက်အဖွဲ့ဝင်များကို လက်ခံထားရှိသူ အောင်မျိုးမင်းတို့အား စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မြဝတီရပ်ကွက်ရှိ နေအိမ်တွင် ဖမ်းဆီးရမိခဲ့သည်။

တရားခံကျော်မင်းထွဋ်၏ ထွက်ဆိုချက်အရ ၎င်းသည် တရားခံပြေး အောင်ထွန်းလွင်(NLD) ပါတီဝင် မင်းကင်းမြို့နယ် အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်ဟောင်း)နှင့် ဆက်သွယ်၍ မင်းကင်းမြို့နယ် ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့နှင့် အကြမ်းဖက် NUG ၏ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဖြစ်မြောက်ရေးကော်မတီတွင် အဖွဲ့ဝင်အဖြစ်ပါဝင်ခဲ့ကြောင်း သိရသည်။

ထို့ပြင် တရားမဝင်ဖွဲ့စည်းထားသည့် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားပြု ကော်မတီ (CRSH)အဖွဲ့ဝင်တရားခံပြေး သန့်ဝေကျော် (ကလေးမြို့နယ် အမှတ်(၁) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဟောင်း)၏ ခိုင်းစေချက်အရ အကြမ်းဖက် PDF အဖွဲ့များနှင့်ဆက်သွယ်၍ အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်ရန် မင်းကင်းမြို့နယ်ကိုယ်စားလှယ်အဖြစ် လုပ်ဆောင်ခဲ့ကြောင်း သိရသည်။




**တရားခံပြေးရည်မွန်နှင့်ချိတ်ဆက်**

၎င်းအပြင် တရားခံကျော်မင်းထွဋ်သည် တရားမဝင်ဖွဲ့စည်းထားသော အကြမ်းဖက် အဖွဲ့အစည်းများဖြစ်သည့် CRPH၊ NUG အဖွဲ့ဝင် တရားခံပြေး ရည်မွန်နှင့် ချိတ်ဆက်ကာ Zoom Meeting များတက်ရောက်ခြင်း၊ မင်းကင်းမြို့နယ်အတွင်း လက်လုပ်သေနတ်စက်ရုံ ဆောက်လုပ်ရေးအတွက် အစီအစဉ်များချမှတ်ကာ ငွေကြေးတောင်းခံခြင်း၊ မင်းကင်းမြို့နယ် အကြမ်းဖက် PDF အဖွဲ့ဝင်များ၏ စာရင်းများကောက်ယူကာ တရားခံပြေး ရည်မွန်ထံ ပေးပို့ခြင်းများကို လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

ထို့အပြင် တရားခံပြေးညွန့်အောင် (NLD ပါတီဝင် မုံရွာမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဟောင်း)၊ တရားမဝင်ဖွဲ့စည်းထားသော အကြမ်းဖက်အဖွဲ့အစည်းဖြစ်သည့် NUG အဖွဲ့ဝင် ဝင်းမြတ်အေး၊ အမေရိကန်နိုင်ငံနေ Moe Cho Thinn၊ စင်ကာပူရောက်မြန်မာများ စုပေါင်းဖွဲ့စည်းထားသည့် Spring Revolution Support တို့နှင့် ဆက်သွယ်၍ တရားမဝင် ငွေကြေးကောက်ခံမှုများ လုပ်ဆောင်ခဲ့ပြီး မင်းကင်းမြို့နယ်အတွင်း အကြမ်းဖက်လုပ်ငန်းများနှင့် အပြစ်မဲ့ ပြည်သူများကို ဒလန်အဖြစ် စွပ်စွဲသတ်ဖြတ်ခြင်းများ လုပ်ဆောင်နေသည့် မုဿာကျေးရွာ၊ တုံကျေးရွာနှင့် သံပေါက်ကျေးရွာများရှိ PDF အဖွဲ့များနှင့် နယ်စည်းမခြား မိုးကြိုးမုန်တိုင်းအဖွဲ့ထံသို့ ဖြန့်ခွဲပေးပို့ခဲ့ကြောင်း သိရသည်။

**ဆန္ဒပြပွဲများ၌ ပါဝင်ခဲ့**

တရားခံ ကျော်မင်းအောင်၏ ထွက်ဆိုချက်အရ ၎င်းသည် မင်းကင်းမြို့နယ်အတွင်း ဆန္ဒပြပွဲများ၌ပါဝင်ခဲ့ကာ ဓာတ်ပုံများရိုက်ယူခဲ့ပြီး အင်တာနက် လူမှုကွန်ရက်ပေါ်တွင်ဖြန့်ဝေခြင်း၊ ပြည်သူလူထုအတွင်း ဆူပူအုံကြွဆန္ဒပြမှုများ ဖြစ်ပေါ်စေရန် လှုံ့ဆော်ခြင်း၊ တရားမဝင်ငွေကြေးကောက်ခံ၍ မင်းကင်းမြို့နယ် လောင်းပြည့်ကျေးရွာ PDF ခေါင်းဆောင် ဝင်းမင်းစိုးထံသို့ပေးပို့ခြင်းများ လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

အထက်ပါ ဖမ်းဆီးရမိတရားခံများအား ဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အကြမ်းဖက်မှုဆောင်ရွက်နေသူများကို ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် ဆက်စပ်တရားခံများအား အမြန်ဆုံး ဖမ်းဆီးရမိရေးအတွက် ၎င်းတို့ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများကို ထိုက်တန်စွာလျှို့ဝှက်၍ ဆုငွေများ ချီးမြှင့်ပေးမည်ဖြစ်ကြောင်းနှင့် မြို့ရွာများ အမြန်ဆုံး အေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံ အသိပေးထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

■

# မဟာအောင်မြေမြို့နယ်၊ ပုသိမ်ကြီးနှင့် တာချီလိတ်မြို့နယ်တို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၂၆**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့ နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် မဟာအောင်မြေမြို့နယ် ၄၃ လမ်းနှင့် ၁၀၁ လမ်းကြား၊ ၆၄ လမ်းမတွင် ခင်မောင်ကျော်ဦး (ခ)ဖိုင်ဇဲလ် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၅၀ သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်အရ မွန်းလွဲ ၁ နာရီခွဲတွင် ချမ်းမြသာစည်မြို့နယ် ၁၁၂ လမ်းနှင့် ၁၁၃ လမ်းကြား၊ ၆၁ လမ်းတွင် ဝင်းလှိုင်(ခ)အလီဘိုင်အား ဖမ်းဆီးရမိခဲ့ပြီး မွန်းလွဲ ၃ နာရီတွင် ပုသိမ်ကြီးမြို့နယ် မဲကင်းကုန်းကျေးရွာ အုပ်စု တဲကုန်းကျေးရွာရှိ ၎င်း၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၆၁၅ ပြားထပ်မံသိမ်းဆည်းရမိခဲ့သည်။

ထို့အတူ ယင်းနေ့ မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် တာချီလိတ်မြို့နယ် ဝမ်လုံးကျေးရွာအုပ်စု ဟွေရဲကျေးရွာအနီးတွင် အမျိုးသားတစ်ဦး(စိစစ်ဆဲ) မောင်းနှင်လာသည့် ဆိုင်ကယ်ကို စစ်ဆေးရန် ရပ်တန့်ခိုင်းစဉ် ၎င်းအမျိုးသားမှာ ဆိုင်ကယ်အား လှဲချ၍ လမ်းဘေးရှိလျှိုအတွင်းသို့ ထွက်ပြေးသွားသဖြင့် ဆိုင်ကယ်အားရှာဖွေရာ ဆိုင်ကယ်ခွကြားရှိ ကတ်ထူပုံးများအတွင်းမှ အိုက်စ် ၂၃ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

# တောင်တွင်းက အမှောင်ခွင်းသမား အမျိုးသားစာပေတစ်သက်တာဆုရှင် ဆရာကြီး ဦးအောင်သင်း

ကိုခက်ဝေ(စာပေဗိမာန်)

အမျိုးသားစာပေတစ်သက်တာဆုရ ဆရာကြီး ဦးအောင်သင်းအကြောင်း ရေးသားမည်ကြံရွယ် မိစဉ်မှာပင် “ဟော့ကောင်လေးတွေ ကောင်မလေး တွေ ငါပြောမယ်ကွ...” ဟူသည့် ဆရာကြီးလေသံ ကို နားထဲ၀ေ့၀ေ့ကြားယောင်မိသည်။ အင်္ကျီလက် ကို ပင့်ကာပင့်ကာ လက်သီးလက်မောင်းတန်း လျက် မာန်ပါပါဟောပြောတတ်သည့်ဟန်ပန်ကို လည်း အာရုံထဲမြင်ယောင်လာသည်။ မျိုးဆက် သစ်လူငယ်များအတွက် စိတ်ဓာတ်ခွန်အားနှင့် နှလုံးသားအာဟာရဆေး တိုက်ကျွေးခဲ့သူဆရာကြီး အကြောင်း ရေးသားရသည့်အတွက်လည်း ဝမ်းမြောက်ကြည်နူးရပါသည်။




**စာပေလှူကြမ်းမင်းသား၊ စာပေရမ်ဘို**

ဆရာကြီးဦးအောင်သင်းဟု ဆိုလိုက်လျှင် နိုင်ငံနှင့်လူမျိုး အညွန့်မညှိုးစေရန်၊ ဖွံ့ဖြိုးစေရန် ပခုံးစွမ်းအားမြှင့်တင်ပေးခဲ့သူ၊ ဦးနှောက်ကို ခါးတောင်းကျိုက်ဖို့ တွန်းတွန်းတိုက်တိုက် လှုံ့ဆော်ခဲ့သူအဖြစ် မြင်ယောင်ကြားယောင်ကြ မည်ဟု ယူဆမိပါသည်။ မြန်မာစာလောက တိုးတက်ရေးဟူသည့် စေတနာရှေ့သွားဖြင့် ဝေဖန် ရေးစာပေများ ရေးသားခဲ့သည့်ကာလအတွင်း စာပေလှူကြမ်းမင်းသား၊ စာပေရမ်ဘိုဟူသည့် ဘွဲ့တံဆိပ်များ ခတ်နှိပ်ခံခဲ့ရသည်။ မျိုးဆက်သစ်တို့ တိုးတက်ရစ်ဖို့၊ ကိုယ်ကျင့်နဲ့ပညာ၊ ပေးသူနှင့်ယူသူ၊ မျိုးဆက်သစ်အတွက် ပိဋကတ်နှင့် ဂန္ထဝင်မိတ်ဆက် စသည့်ဆောင်းပါးများ၊ စာအုပ်များ၊ ဟောပြောပွဲ တိပ်ခွေများမှတစ်ဆင့် အသိအမြင်တံခါးပွင့်သွား သူ စာပေပရိသတ်များကမူ တောင်တွင်းကြီးဇာတိ ဆရာကြီးကို ကျမ်းတစ်ဆူ၊ လူတစ်ယောက်အဖြစ် တင်စားခဲ့ကြသည်။


စာရေးသူအဖို့ ထိုသို့သော တိုင်းသိပြည်သိ ဆရာကြီးနှင့် ဆုံစည်းခွင့်ရခဲ့သည်မှာ တစ်ခုသော စာပေဟောပြောပွဲတွင် ဖြစ်သည်။ ထိုစာပေဟော ပြောပွဲကား နေပြည်တော် တပ်ကုန်းမြို့၏ နှစ်စဉ် မပြတ် ကျင်းပမြဲဖြစ်သော နတ်တော်လဆန်း ၁ ရက်နေ့ (စာဆိုတော်နေ့) အထိမ်းအမှတ်ပွဲ ဖြစ်ပါ သည်။ အဆိုပါနှစ်တွင် တပ်ကုန်းမြို့ သာသနာ့ ဗိမာန်အတွင်း ဆရာကြီးနှင့်အတူ ဆရာမ လေးသူစံ၊ ဆရာ မြေလတ်မောင်မြင့်သူတို့ပါဝင် ဟောပြောခဲ့ သည့် ၁၉၉၄ခုနှစ် ဟောပြောပွဲဖြစ်ကြောင်း မှတ်မိနေသည်။ စာရေးသူအဖို့ နယ်ခံစာပေမိသားစု ပီပီ ဆရာကြီး၏ဝေယျာဝစ္စတချို့ကို ဆောင်ရွက်ပေး ရသည်။ ဟောပြောပွဲညတွင် အစီအစဉ်အရ ဆရာမ လေးသူစံ ၊ ဆရာ မြေလတ်မောင်မြင့်သူတို့ ဟောပြော ပြီးမှ ဆရာကြီးက နောက်ဆုံးပိတ်ဟောပြောရမည် ဖြစ်ရာ အလှည့်ရောက်ခါနီးမှ လာခေါ်ဖို့မှာကြားပြီး သာသနာ့ဗိမာန်ဝင်းအတွင်းရှိ နားနေဆောင် အခန်းမှာပင် အနားယူနေသည်။ ဆရာ မြေလတ် မောင်မြင့်သူ၏ ဟောပြောမှုနိဂုံးချုပ်အစတွင် စာရေးသူက ဆရာကြီးကို နားနေဆောင်အတွင်းမှ ဟောပြောမည့်ခန်းမထဲသို့ ဖေးမခေါ်ဆောင်လာရာ “ကောင်လေး ...အခမ်းအနားမှူးကို ကြိုပြောထားကွ.. ငါ့ကိုစင်ပေါ်ဖိတ်ခေါ်တဲ့အခါ ဘဘဦးအောင်သင်း၊ ဆရာကြီး ဦးအောင်သင်းလို့ မခေါ်စေနဲ့ကွ... ငါ အောင်သင်း တစ်ပြားသားမှ မလျှော့နိုင်ဘူး” ဟူ၍ ရယ်သံစွက်ပြီး တကူးတကမှာပါသည်။


ဆရာကြီး ကြိုတင်မှာသည့်အတိုင်း အခမ်း အနားမှူးကို တီးတိုးပြောကြားရာ “စာပေရေးရာ များပြောပေးပါရန် ဆရာအောင်သင်းကို ဖိတ်ခေါ် အပ်ပါတယ်” ဟူသည့်အတွက် ဆရာကြီး ကျေနပ်စွာ ပြုံးနေသည်ကို ယခုထိ မြင်ယောင်မိပါသေးသည်။

ထိုစဉ်က စာရေးသူအဖို့ မှတ်မှတ်ထင်ထင်ရှိ နေခဲ့သည့်အချက်မှာ ဆရာ့လေသံနှင့် ဆရာ့မာန်ပင် ဖြစ်သည်။ ၆၇ နှစ်အရွယ်ရှိနေပြီဖြစ်သည့် ဆရာကြီး အနေဖြင့် သွက်သွက်လက်လက် ချက်ချက်ချာချာ မဟုတ်တော့။ ဟောပြောပွဲပေါင်းများစွာတွင် ဟောပြောခဲ့ဖူးသလို ဟောပြောစင်ကို မာန်ပါပါ ထုထုပြီးပြောနိုင်သည့်အရွယ် မဟုတ်တော့။ ကြိုတင် စီစဉ်ပေးထားသည့်ထိုင်ခုံပေါ်တွင်ထိုင်ရင်း ခါးကိုရှေ့ သို့ ကိုင်းကာကိုင်းကာ ပြောနေသည့်ကာလဖြစ်ငြား အရှိန်လေးရလာသည်နှင့်အမျှ မျက်မှန်လေးပင့်တင် လိုက်၊ အင်္ကျီလက်မောင်းပင့်တင်လိုက်နှင့် အရိုး အကြောတို့ အတိုင်းသားတွေ့မြင်နေရသည့် လက်ရုံး ကို ဆန့်တန်းကာ မာန်နှင့်ဌာန်နှင့် ဟောပြော နေဆဲပင်။

**ဝမ်းမြောက်ဖွယ် ကြားသိခဲ့ရ**

ထိုနေ့ရက်များမှ ပြန်လည်တွက်ဆလျှင် ၁၃ နှစ်အကြာ စာရေးသူ စာပေဗိမာန်တွင် တာဝန် ထမ်းဆောင်နေသည့်အခိုက် ၂၀၁၂ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသား စာပေဆုနှင့် စာပေဗိမာန်စာမူဆု ချီးမြှင့်သည့်အခါ



အမျိုးသားစာပေတစ်သက်တာဆုရှင်
ဆရာကြီး ဦးအောင်သင်း

ဆရာမကြီးဒေါ်ခင်ဆွေဦး၊ ဆရာကြီးသိပ္ပံမှူးတင် တို့နှင့်အတူ ဆရာကြီးဦးအောင်သင်းပါ အမျိုးသား စာပေတစ်သက်တာဆု ဆွတ်ခူးရရှိသည့်သတင်းကို ဝမ်းမြောက်ဖွယ် ကြားသိခဲ့ရသည်။

ဆရာကြီးက “ကျွန်တော်ကျောင်းဆရာဘဝ ကနေ မတော်တဆ စာရေးဆရာဖြစ်လာတဲ့သူပါ” ဟု အခါအားလျော်စွာ ဆိုဖူးသည်။ သြော်... “မတော် တဆ စာရေးဆရာဖြစ်လာခဲ့သူလို့ ဆိုခဲ့တဲ့ဆရာကြီး ခုတော့ အမျိုးသားစာပေတစ်သက်တာဆုကြီးကို ထိုက်ထိုက်တန်တန်ချီးမြှင့်ခံရပါပကော” ဟု ကြည်နူးပီတိဖြစ်ခဲ့ရသည်။ ဆရာကြီး၏ မတော် တဆသည်ပင် နိုင်ငံ၏ မျိုးဆက်သစ်များအတွက် ကြီးမားသည့် ဉာဏစွမ်းအားအမွေကို ရရှိနိုင်ခဲ့ရာ ရည်ရွယ်ချက်ရှိရှိ စာရေးဆရာဖြစ်လာခဲ့ပါမူဟူသည့် အတွေးတစ်စ ပေါ်လာခဲ့ဖူးသည်။

**အဖိုးထိုက်တန်သည့် မတော်တဆ**

မတော်တဆဟုဆိုရာတွင် တက္ကသိုလ်ဆရာဘဝ က မြန်မာစာပေသဘောတရား၊ မြန်မာစာပေ ဝေဖန် ရေး လေ့လာဆန်းစစ်ချက်များကို သင်ကြားပို့ချရာမှ ဝါသနာပါရာ စာအုပ်စာစောင်များတွင် ဆွေးနွေး တင်ပြဖြစ်ရင်း စာပေနယ်သို့ရောက်ရှိလာခဲ့သည်ဟု ဆိုလိုဟန်ရှိပါသည်။ ဆရာ့အဖို့မတော်တဆဟုဆိုငြား နိုင်ငံအတွက် အသိပညာအမွေများစွာ ရလိုက်သည့် အတွက် အဖိုးထိုက်တန်သည့် မတော်တဆဟုလည်း ယူဆမိသည်။

စာရေးသူတို့ လူငယ်ဘဝတွင် ဆရာကြီး၏ စာအုပ်အချို့နှင့် ထိတွေ့ခွင့်ရခဲ့သည်။ အမွေ၊ အောင်သင်း အတွေးစကား၊ ကိုယ်ကျင့်နှင့်ပညာ၊ မျိုးဆက်သစ်တို့တိုးတက်ရစ်ဖို့ စသည်....။ စာရေးသူ အဖို့ ဆွဲခန့်ကျောင်းဆရာ၊ ကျူရှင်ဆရာအဖြစ် ဘဝဖြတ်သန်းရာတွင်လည်း ဆရာကြီး၏ စာအုပ် စာပေများက ပညာဝမ်းစာဖြစ်ခဲ့သည်။ နည်းမှီးပို့ချ စရာဖြစ်ခဲ့သည်။ အထူးသဖြင့် ပညာသင်ယူမှုနှင့် သက်ဆိုင်သည့် အတွေးအမြင်များကို ပြောဆိုရာတွင် “ပညာဆိုတာ အကြောင်းတရားကို ရှာဖွေခြင်း” ဟူသည့်အချက်မှာ များစွာတာသွား ကျယ်ပြန့် လှကြောင်း ကိုယ်တွေ့အသိ ရရှိခဲ့သည်။ ဆရာဟူ သည် ဝမ်းဆွဲသည်နှင့်တူအပ်ကြောင်း၊ မိခင်ဝမ်းထဲရှိ သန္ဓေသားရော မိခင်ပါ အန္တရာယ်ကင်းစွာ ချောချော မောမော အပြင်ရောက်အောင် ကူညီပေးသကဲ့သို့ ဆရာကောင်းဟူသည် တပည့်၏ဉာဏ်ကို နိုးလာ အောင်နှိုးပေးရကြောင်း” မှတ်သားခဲ့ရသည်။ စာတစ်ပုဒ်၊ စာတစ်အုပ်ဖတ်မိလျှင်လည်း ဆရာကြီး ၏ “ဝတ္ထုရေးရာဆောင်းပါးများ” စာအုပ်ကျေးဇူး ကြောင့်ပင် အရသာခံဖတ်ရမည့်စာ၊ ဖတ်ပြီး တစိမ့်စိမ့်တွေးယူရမည့်စာ၊ ရည်ရွယ်ချက်ကို ဆွဲထုတ်မှတ်သားရမည့်စာ စသည်ဖြင့် မိမိအတွက် အကျိုးရှိစေမည့် အကြောင်းခြင်းရာများကို ရွေးထုတ်မှတ်သားကျင့်ကို ရရှိခဲ့ပြန်သည်။

ထိုသို့သော အတွေးအမြင်များစွာကို ရေးသား မျှဝေခဲ့သူ ဆရာကြီး စာပေလောကသို့ရောက်ရှိ လာပုံမှာ စိတ်ဝင်စားဖွယ်ကောင်းလှသည်။ ပွဲဦး ထွက်စာပေဆောင်းပါးမှာ “သရက်ထောင် ဖောက်ခဲ့စဉ်က” ဟူသည့် ကိုယ်တွေ့ဖြစ်ရပ်နှင့် စတင်ခဲ့သည်။ ထို့နောက် “ကံ့ကော်မြိုင်စာတမ်း” တွင် စာတမ်းငယ်သုံးစောင်ရေးသားပြီးနောက် မည်သည့်စာမျှ ဆက်မရေးဖြစ်တော့ဘဲ ၁၉၇၀ ပြည့်နှစ်နောက်ပိုင်းရောက်မှသာ ရှုမဝအယ်ဒီတာ (ဆရာ မောင်မြင့်မြတ်)နှင့်ဆုံမိပြီး ကာရန်မဲ့ကဗျာ




များအကြောင်း ဆွေးနွေးမိရာမှ “မြန်မာဘာသာ စကားနှင့် ကာရန်မဲ့ကဗျာ” ဟူသော ဆောင်းပါးကို ပြန်လည်ရေးသားဖြစ်ခဲ့သည်။

ကာရန်ပါမှ ကဗျာ၊ ကာရန်မပါသော်လည်း အတွေးလှလှ၊ ဝေါဟာရကောင်းကောင်းရေးလျှင် ကဗျာဟု ယူဆဝိဝါဒကွဲလွဲနေချိန်တွင် ဆရာကြီးက “စကား၏သဘာဝကို ထည့်သွင်းစဉ်းစားအပ် ကြောင်း၊ အသံနိမ့်၊ မြင့်၊ တက်၊ ကျရှိသော စကားလုံး တို့ကို အခြေခံသည့် ဘာသာစကားဖြစ်ခြင်းကြောင့် အသံရှာရာတွင်လည်းကောင်း၊ သံစဉ်ညှိရာတွင် လည်းကောင်း၊ ကာရန်ထပ်ရာတွင်လည်းကောင်း မြန်မာဘာသာစကားသည် အင်္ဂလိပ်ဘာသာစကား မျိုးထက် ပို၍ပျော့ပျောင်းကြောင်း၊ ဘာသာစကား ၏ပျော့ပျောင်းမှုကြောင့် ကာရန်ငြိသံကို အသုံးများ လှကြောင်း၊ ကဗျာရေးသူတို့သည် ကဗျာရေးရာ တွင် ဖတ်ရန်သက်သက်ကိုသာ ရည်ရွယ်သလား၊ ရွတ်ရန်ကိုပါ ရည်ရွယ်သလား၊ ပြည်သူတို့က ဖတ်ရုံ သာအလိုရှိသလား၊ ရွတ်ရန်ကိုပါ အလိုရှိသလား ဟူသည့် မေးခွန်းပေါ်လာကြောင်း” ရေးသားခဲ့ရာ ကဗျာစာပေလောကတွင် များစွာလှုပ်ခတ်သွားခဲ့ သည်။

စာမျက်နှာ ၁၇ သို့ ○

**ဆရာကြီးဦးအောင်သင်းဟုဆိုလိုက်လျှင် နိုင်ငံနှင့်လူမျိုး အညွန့်မညှိုးစေရန်၊ ဖွံ့ဖြိုးစေရန် ပခုံးစွမ်းအားမြှင့်တင်ပေးခဲ့သူ၊ ဦးနှောက်ကို ခါးတောင်းကျိုက်ဖို့ တွန်းတွန်းတိုက်တိုက် လှုံ့ဆော်ခဲ့သူအဖြစ် မြင်ယောင်ကြားယောင်ကြမည်ဟု ယူဆမိပါသည်။ မြန်မာစာလောကတိုးတက်ရေးဟူသည့် စေတနာရှေ့သွားဖြင့် ဝေဖန်ရေးစာပေများ ရေးသားခဲ့သည့်ကာလအတွင်း စာပေလူ့ကြမ်းမင်းသား၊ စာပေရမ်ဘိုဟူသည့် ဘွဲ့တံဆိပ်များ ခတ်နှိပ်ခံခဲ့ရသည်။ မျိုးဆက်သစ်တို့ တိုးတက်ရစ်ဖို့၊ ကိုယ်ကျင့်နဲ့ပညာ၊ ပေးသူနှင့်ယူသူ၊ မျိုးဆက်သစ်အတွက် ပိဋကတ်နှင့် ဂန္ထဝင်မိတ်ဆက် စသည့် ဆောင်းပါးများ၊ စာအုပ်များ၊ ဟောပြောပွဲ တိပ်ခွေများမှတစ်ဆင့် အသိအမြင်တံခါးပွင့်သွားသူ စာပေပရိသတ်များကမူ တောင်တွင်းကြီးဇာတိ ဆရာကြီးကို ကျမ်းတစ်ဆူ၊ လူတစ်ယောက်အဖြစ် တင်စားခဲ့ကြ**

○ စာမျက်နှာ ၁၆ မှ

### ပဋိပက္ခဝိဝါဒစာပေများဖြင့် စာပေလောကတွင် ထင်ရှား

"သိန်းဖေမြင့်သည် ပစ္စည်းမဲ့တို့၏ ဘက်တော်သားရှေ့နေကောင်းကြီးနှင့်တူ၍ သော်တာဆွေသည် သက်သေကောင်းကြီးနှင့်တူပါသည်"ဟူသော "ရှေ့နေကောင်းနှင့်သက်သေကောင်း" ဆောင်းပါး၊ ဆရာကြီးမောင်စွမ်းရည်၏ "ဒီနေ့ကဗျာပြဿနာ" စာတမ်းနှင့်ပတ်သက်၍ "မောင်စွမ်းရည်၏ စာတမ်းမှာ သုတေသနစာတမ်းမဟုတ်ပါ။ မကြိုက်သည်ကို ရှုတ်ချခြင်း၊ ကြိုက်သည်ကို မြှောက်ပင့်ခြင်းတို့ဖြင့် သူ့အဆိုကို ကြားနာသူက လက်ခံလာအောင် သိမ်းသွင်းဟောပြောသော သာမန်အရပ်စာတမ်းမျှသာဖြစ်ကြောင်းဟူ၍ ကလောင်စွမ်းပြခဲ့သည့် "အညာစာတမ်းတစ်စောင်ကို သုံးသပ်ခြင်း" ဆောင်းပါးများ ဆက်တိုက်ပေါ်ထွက်လာခဲ့ပြီး ပဋိပက္ခဝိဝါဒစာပေများဖြင့် စာပေလောကတွင် ထင်ရှားလာခဲ့သည်။ အဆိုပါ ဆောင်းပါးများမှစတင်ကာ စာပေဆောင်းပါးရေးသူဖြစ်လာပြီး နောက်ပိုင်းတွင် သဘင်မဂ္ဂဇင်းတွင် ရေးသားသည့် အကြိုက်ဆုံးဝတ္ထုတိုဆောင်းပါးများ၊ ရှုမဝမဂ္ဂဇင်းတွင် ရေးသားသည့်ဝတ္ထုရေးရာ ဆောင်းပါးများကြောင့် "စာပေလူ့ကြမ်းမင်းသား" အဖြစ် ပိုမိုထင်ရှားလာခဲ့တော့သည်။ ဆရာကြီးကိုယ်တိုင်ကမူ "ပဋိပက္ခဖြစ်ရတဲ့ကိစ္စတွေဟာ သဘောတရားအယူအဆ ငြင်းခုံကြတာမျိုးတွေသာလျှင်ဖြစ်ပါတယ်။ ကျွန်တော့်စာပေအားလုံးကို ပြန်ပြီးစစ်ဆေးကြည့်မယ်ဆိုရင် စာပေတိုးတက်ဖို့၊ လောကကိုအကျိုးပြုတဲ့စာပေ ထွန်းကားဖို့သာလျှင် စေတနာထားပြီးရေးတယ်လို့ ပြောဝံ့ပါတယ်" ဟုဆိုခဲ့သည်။ ဆိုခဲ့သည့်အတိုင်းပင် စာပေဝေဖန်ရေးဆောင်းပါးများကြောင့် လူ့ကြမ်းအသွင်ဖြစ်သော်ငြား စာပေလောက၊ အနုပညာလောကအတွက် တန်ဖိုးရှိသောအသိအမြင်များ မျှဝေခြင်းကြောင့်လည်း စာဖတ်ပရိသတ်များ၏ နှစ်သက်အားပေးမှုကိုခံရသည့် မင်းသားဖြစ်သွားခဲ့သည်ဟု ယူဆမိသည်။

ဆရာကြီးဦးအောင်သင်း အခါအားလျော်စွာ ဟောပြောရေးသားလေ့ရှိသည့် စကားတစ်ခွန်းရှိပါသည်။ "ကလေးတွေကို လူရာသွင်းမှ ကလေးတွေလူရာဝင်လာမည်၊ လူရာဝင်သောကလေးဖြစ်ပါမှ လူရာဝင်သောလူကြီးတွေဖြစ်လာမည်"ဟူ၍ ဖြစ်သည်။ လူရာဝင်သောကလေးများဖြစ်ရန် လိုအပ်သောဝန်းကျင်တံခါးများ ဖွင့်ထားဖို့လိုပေမည်။ အဆိုပါတံခါးများအနက် အစဉ်ဖွင့်လှစ်အပ်သော တံခါးတစ်ချပ်ဖြစ်သည့် ကျောင်းစာကြည့်တိုက်အကြောင်းကို "စာရိတ္တမာန" စာအုပ်ပါ "ကျောင်းတော်အင်္ဂါ" ဟူသော ဆောင်းပါးတွင် ရေးသားခဲ့သည်။

### လေ့ကားတက်တတ်အောင် ထူထောင်

"ကျွန်တော်တို့ တန်းမြင့်ကျောင်းတွေမှာ ကျောင်းစာကြည့်တိုက်မရှိတတ်သည်မှာ အင်္ဂါတစ်ခုလျော့နေသလို ခံစားမိသည်။ ကျောင်းစာကြည့်တိုက်မရှိမဟုတ်၊ ရှိပါ၏။ သို့သော်လည်း စာကြည့်တိုက်ဟု မဆိုသာ။ စာအုပ်ဗီရိုဟုသာ ဆိုသင့်ပါသည်" ဟု ရင်နာစကားဆိုခဲ့သည်။ "စာဖတ်တတ်ပါလျက် စာမဖတ်လျှင် လေ့ကားရှိနေပါလျက် မတက်သူဖြစ်သည်။ လူတစ်ယောက်ချင်းတက်မှ တိုင်းပြည်တစ်ခုလုံး တက်လာပါမည်။ လေ့ကားတရမ်းရမ်းနှင့် လမ်းသလားနေဖို့ လေ့ကားဆင်ထားခြင်းမဟုတ်၊ ကလေးတွေကို စာဖတ်ခန်းလုပ်ပေးခြင်းအားဖြင့် လေ့ကားတက်တတ်အောင် ထူထောင်ပေးရပါလိမ့်မည်" ဟု ယတိပြတ်ဆိုခဲ့ပေသည်။

ဆရာကြီးကိုယ်တိုင် ငယ်စဉ်ဘဝက ကျောင်းစာကြည့်တိုက်၊ ရပ်ကျေးစာကြည့်တိုက်များမှတစ်ဆင့် ဘဝအခြေမြင့်မားခဲ့သည်ကို ကိုယ်တွေ့နှိုင်းညှိကာ အနာဂတ်ကို ပုံဖော်ပြုပြင်ပြောင်းလဲလိုစိတ် ပြင်းပြခဲ့ဟန်တူသည်။ ထိုသို့သော ဆရာကြီး၏စာပေစွမ်းအားများကြောင့်ပင် ကျောင်းစာကြည့်တိုက်ဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးတက်လာခဲ့ကြောင်း ကြားသိခဲ့ရသည်။

### ဆရာလက်စွဲအဖြစ် အသုံးပြုခဲ့ရ

ဆရာကြီး၏ ကလောင်သက်တမ်းတစ်လျှောက် ရေးသားပြုစုထုတ်ဝေခဲ့သည့် စာအုပ်များစွာတွင် "ကိုယ်တွေ့စာစီစာကုံး" သည်လည်း အပါအဝင်ဖြစ်သည်။ စာအုပ်များစွာအနက် အဆိုပါစာအုပ်ကို ထုတ်နုတ်တင်ပြရခြင်းမှာ အကြောင်းထင်ရှားရှိပါသည်။ စာရေးသူအဖို့ တက္ကသိုလ်ကျောင်းသားဘဝဖြင့် ဆွဲခန့်ဆရာတာဝန်ထမ်းရွက်စဉ်အတွင်း မြန်မာစာသင်ကြားပို့ချရာတွင် ဆရာကြီး၏ ကိုယ်တွေ့စာစီစာကုံးစာအုပ်ကို ဆရာလက်စွဲအဖြစ် အသုံးပြုခဲ့ရခြင်းကြောင့် ဖြစ်သည်။

ဆရာကြီး၏အာဘော်အတိုင်းပင် စာစီစာကုံးဟူသည် အခြေခံအားဖြင့် ကျောင်းသား ကျောင်းသူတို့၏ အတွေ့အကြုံနှင့် အတွေးအကြံကို စမ်းသပ်စစ်ဆေးခြင်းဖြစ်ရာ အများအားဖြင့် အလွတ်ကျက်မှတ်ဖြေဆိုလိုသည့် အလယ်တန်း၊ အထက်တန်း ကျောင်းသားကျောင်းသူများ၏ ပင်ကိုဉာဏ်နိုးထအောင် နှိုးဆွကာ ကိုယ်တွေ့အတွေ့အကြုံနှင့် ကျိုးကြောင်းဆင်ခြင် သုံးသပ်ဆုံးဖြတ်နိုင်စွမ်း အတွေးအကြံဖြင့် စာစီစာကုံးတစ်ပုဒ်ရေးသားနိုင်စေရန် လမ်းညွှန်နိုင်သည့်နည်းနာများစွာ ရရှိခဲ့သည်။

### အလေ့အကျင့်မျိုးစေ့ချပေး

ဆရာကြီး၏ အဆိုပါစာအုပ်သည် အဆင်သင့်ရေးသားပြီးဖြစ်သည့် စာစီစာကုံးများကို စုစည်းထားခြင်းမဟုတ်၊ စာစီစာကုံးတစ်ပုဒ်ရေးသားမည်ကြံလျှင် မည်သည့်အကြောင်းကို မည်သို့ချဉ်းကပ်ရှုမြင်၊ တင်ပြ၊ သုံးသပ်ခြင်းဟူသည့်အချက်ကို ဦးစွာသတိပြုစီစဉ်နိုင်ရန် အလေ့အကျင့်မျိုးစေ့ ချပေးထားခြင်းဖြစ်သည်။ ကျောင်းသားကျောင်းသူများ၏ ပင်ကိုဉာဏ်အလျောက် ဗဟုသုတ၊ ဆင်ခြင်တုံတရားနှင့်သုံးသပ်မှုအပေါ် တစ်ဖက်သားနားလည်အောင်၊ နားဝင်အောင် ပြောတတ်ရေးတတ်စေရန် ပျိုးထောင်ပေးခြင်းဖြင့် ဝန်းကျင်အပေါ် "စွင့်အပ်သောနား၊ နိုးကြားသောမျက်စိ၊ သတိရှိသောစိတ်အစဉ်" ကို လေ့ကျင့်ပေးနိုင်ခဲ့သည်။

ဆရာကြီး၏ စာပေဟောပြောပွဲများ၊ ဟောပြောပွဲတိပ်ခွေများကို နားဆင်ကြည့်လျှင် စာပေရေးရာများနှင့်အတူ အကြောင်းညီညွတ်သည့်သီချင်းများကို သီဆိုပြလေ့ရှိကြောင်း ကြားဖူးကြမည်ထင်ပါသည်။ သူ့ကျွန်အဖြစ် နှံ့နစ်ခဲ့ရသည့် မြန်မာပြည်သူတို့အဖို့ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ထွက်ပေါ်လာစေရန် တေးသီချင်းများကလည်း အထောက်အပံ့တစ်ခုဖြစ်စေခဲ့ကြောင်း ထိုခေတ်ထိုအခါကာလတွင် ထင်ရှားခဲ့သော တေးသီချင်းများကို မာန်နှင့်ဌာန်နှင့် သီဆိုပြလေ့ရှိသည်။ တေးသီချင်းတွင် ပါဝင်သည့်အကြောင်းအရာ၊ ရည်ရွယ်ချက်များကြောင့်ပင် မြန်မာပြည်သူတို့၏ အသွေးအသား၌ အမျိုးသားရေးနှင့် လွတ်လပ်ရေးစိတ်ဓာတ်များ ကိန်းအောင်းနိုးကြားခဲ့ပုံကို အခါအားလျော်စွာ သီဆိုပြခဲ့ရာ ဆရာကြီးသည် အရေး၊ အဟောအပြောသာမက သီချင်း၊ ဂီတဘက်တွင်လည်း နှံ့စပ်သူဖြစ်ကြောင်း သိရှိခဲ့ရသည်။ **(ဆက်လက်ဖော်ပြပါမည်)**

## လှည်းကူးမြို့နယ်၌ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်း ဆောင်ရွက်ပေး

**ရန်ကုန် စက်တင်ဘာ ၂၆**



ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးက ဦးစီးမှူးနှင့် ဝန်ထမ်းများသည် လှည်းကူးမြို့နယ် ဟိုင်းကူးကျေးရွာအုပ်စု ဥယျာဉ်ဝကျေးရွာ၌ ပန်းခင်းစီမံချက်အစီအစဉ်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် အိမ်ထောင်စုလူဦးရေစာရင်းများကို ယမန်နေ့မွန်းလွဲပိုင်းတွင် ပြုလုပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ပြုလုပ်ဆောင်ရွက်ပေးနေမှုအား ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးအောင်ဝင်းသိန်းနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေး စကားများ ပြောကြားခဲ့ကြကာ ပြည်သူတစ်ဦးချင်းလက်ဝယ်သို့ ပြုလုပ်ဆောင်ရွက်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် အိမ်ထောင်စု လူဦးရေစာရင်းများကို ပေးအပ်သည်။

ယခုနှစ် လှည်းကူးမြို့နယ်အတွင်း၌ မေ ၃ ရက်မှစတင်ပြီး ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်း ၃၁၂ ခုနှင့် အသက် ၁၆ နှစ်အထက်ပြည်သူ ၂၃၅၀ အား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးညီဇော်ဌေးထံမှ သိရသည်။

**ဉာဏ်ဟိန်း**

## ကျိုက်လတ်မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားပြုလုပ်ရေး အသိပညာပေး ဆိုင်းဘုတ်စိုက်ထူ၊ လက်ကမ်းစာစောင်ဖြန့်ဝေ

**ကျိုက်လတ် စက်တင်ဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ဦးဆောင်ပြုလုပ်သည့် "လူမှုဘဝ ပြည့်စုံဖို့ နိုင်ငံသားကတ်ကိုင်ကြစို့" ဆိုင်းဘုတ်စိုက်ထူပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီခွဲက ကျိုက်လတ်မြို့အမှတ် (၂)ရပ်ကွက် (၂)လမ်းတွင်ကျင်းပရာ ကျိုက်လတ်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် ပရဟိတအဖွဲ့များ တက်ရောက်ကြသည်။ ထို့နောက် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ပရဟိတအဖွဲ့များက ပန်းခင်းစီမံချက် လက်ကမ်းစာစောင် ၁၀၀၀ အား ပြည်သူများသို့ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ဝဇဖ**



### မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၂၆**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၂ ပေခန့်ရှိနိုင်သည်။ **မိုး/ဇလ**

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၅၃၄ ဦး တွေ့ရှိ၊ ယနေ့အထိ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း ၄၅၈၁၅၄ ဦးရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း
(၂၆-၉-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် -

- တတ်နိုင်သမျှ အိမ်တွင်း၌သာ နေထိုင်ခြင်း၊
- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့်နှာခေါင်းစည်း(Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊
- လက်ကို မကြာခဏဆေးကြောခြင်း၊
- တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း၊
- မိမိတို့နေအိမ်တွင် အသက် ၆၅ နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို၊ သွေးတိုး၊ နှလုံး စသည့်နာတာရှည်ရောဂါတစ်ခုခုခံစားနေရသူရှိပါက ထိုသူအား ပါးစပ်နှင့်နှာခေါင်းစည်းကို တပ်ဆင်ထားစေခြင်း၊
- ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းတို့ကို အထူးဂရုပြုပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ (၂၅-၉-၂၀၂၁)ရက်နေ့၊ ည(၈:၀၀)နာရီမှ (၂၆-၉-၂၀၂၁)ရက်နေ့၊ ည(၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၈,၄၃၆)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁,၅၃၄) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၈.၃၂) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း(၄,၂၄၃,၂၃၄)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၄၅၈,၁၅၄) ဦးရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁,၉၂၂) ဦးဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၄၁၁,၉၅၅)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၆၂) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၇,၅၂၇)ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၂၅-၉-၂၀၂၁) ရက်နေ့အထိ လူဦးရေစုစုပေါင်း (၇,၂၀၅,၉၁၃)ဦးအား ထိုးနှံပေးပြီးဖြစ်၍ ကာကွယ်ဆေး နှစ်ကြိမ်အပြည့် ထိုးနှံပြီးစီးသူ (၃,၇၂၉,၇၅၈) ဦးနှင့် ပထမအကြိမ် ထိုးနှံပြီးစီးသူ (၃,၄၇၆,၁၅၅) ဦးရှိပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (၂၅-၉-၂၀၂၁) ရက်နေ့အထိ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ရေစုစုပေါင်း (၁၀,၉၃၅,၆၇၁) ကြိမ် ထိုးနှံပြီး ဖြစ်ပါသည်။

- ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်"နှင့်"တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ
(၂၆-၉-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၆၂၇)ခု | (၁၀၃)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၄၇)ခု | (၉)ဦး |
| ရန်ကုန်မြို့ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅၂၄)ခု | (၁၉)ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၀၅)ခု | (၂၆)ဦး |
| လားရှိုးမြို့ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၁၆၄)ခု | (၃၉)ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၃၂၉)ခု | (၅)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆၇၅)ခု | (၁၄၂)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၅,၈၆၅)ခု | (၁,၁၉၁)ဦး |
| **စုစုပေါင်း** | **(၁၈,၄၃၆)ခု** | **(၁,၅၃၄)ဦး** |

### ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်မှုအခြေအနေ
(၂၅-၉-၂၀၂၁) ရက်နေ့

| ကာကွယ်ဆေးထိုးနှံမှု | အရေအတွက် |
|---|---|
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေ | (၃,၄၇၆,၁၅၅) ဦး |
| ကာကွယ်ဆေး (၂) ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေ | (၃,၇၂၉,၇၅၈) ဦး |
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေနှင့် (၂) ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေစုစုပေါင်း | (၇,၂၀၅,၉၁၃) ဦး |
| စုစုပေါင်း ထိုးနှံပြီးသော ကာကွယ်ဆေး အကြိမ်ပေါင်း (Vaccine Doses) | (၁၀,၉၃၅,၆၇၁) ကြိမ် |

- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၄၃၇၂၅၆၀၄ | ၃၃၁၆၂၀၄၄ | ၇၀၆၀၅၈ |
| ၂။ | အိန္ဒိယ | ၃၃၆၅၂၇၄၅ | ၃၂၉၀၂၃၅၁ | ၄၄၆၉၄၈ |
| ၃။ | ဘရာဇီး | ၂၁၃၄၃၃၀၄ | ၂၀၃၃၃၉၀၈ | ၅၉၄၂၄၆ |
| ၄။ | ဗြိတိန် | ၇၆၃၁၂၃၃ | ၆၁၅၉၁၃၅ | ၁၃၆၁၀၅ |
| ၅။ | ရုရှား | ၇၄၂၀၉၁၃ | ၆၆၀၄၆၀၄ | ၂၀၃၉၀၀ |
| ၆။ | တူရကီ | ၇၀၁၃၆၃၉ | ၆၄၇၂၄၀၀ | ၆၂၉၃၈ |
| ၇။ | ပြင်သစ် | ၆၉၈၉၆၁၃ | စိစစ်ဆဲ | ၁၁၆၄၄၉ |
| ၈။ | အီရန် | ၅၅၃၃၅၂၀ | ၄၉၄၄၀၈၇ | ၁၁၉၃၆၀ |
| ၉။ | အာဂျင်တီးနား | ၅၂၄၉၈၄၀ | ၅၁၀၉၈၅၃ | ၁၁၄၈၄၉ |
| ၁၀။ | ကိုလံဘီယာ | ၄၉၅၀၂၅၃ | ၄၇၉၀၁၂၈ | ၁၂၆၁၀၂ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၄၂၀၈၀၁၃ | ၄၀၂၃၇၇၇ | ၁၄၁၄၆၇ |
| ၂။ | ဖိလစ်ပိုင် | ၂၄၉၀၈၅၈ | ၂၂၉၂၀၀၆ | ၃၇၄၀၅ |
| ၃။ | မလေးရှား | ၂၁၈၅၁၃၁ | ၁၉၆၈၅၃၈ | ၂၅၁၅၉ |
| ၄။ | ထိုင်း | ၁၅၆၁၆၃၈ | ၁၄၂၂၉၀၇ | ၁၆၂၆၈ |
| ၅။ | ဗီယက်နမ် | ၇၅၆၆၈၉ | ၅၂၇၉၂၆ | ၁၈၅၈၄ |
| ၆။ | မြန်မာ | ၄၅၈၁၅၄ | ၄၁၁၉၅၅ | ၁၇၅၂၇ |
| ၇။ | ကမ္ဘောဒီးယား | ၁၀၉၀၈၇ | ၁၀၀၆၅၅ | ၂၂၄၃ |
| ၈။ | စင်ကာပူ | ၈၅၉၅၃ | ၇၄၁၃၅ | ၇၆ |
| ၉။ | လာအို | ၂၁၈၁၉ | ၁၇၃၁၁ | ၁၆ |
| ၁၀။ | ဘရူနိုင်း | ၆၅၄၀ | ၄၃၂၆ | ၃၇ |

# ကိုဗစ်-၁၉ ရောဂါ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ တင်သွင်းပေးလျက်ရှိ



**နေပြည်တော် စက်တင်ဘာ ၂၆**

နိုင်ငံတော်အတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် အရေးတကြီး လိုအပ်လျက်ရှိသည့် အောက်ဆီဂျင်အရည်၊ အောက်ဆီဂျင်ဓာတ်ငွေ့၊ အိမ်သုံးအောက်ဆီဂျင်စက်နှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ ပြတ်လပ်မှု မရှိစေရန် အများပြည်သူရုံးပိတ်ရက်များတွင် လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ စဉ်ဆက်မပြတ် တင်သွင်းနိုင်ရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် မူဆယ်၊ ချင်းရွှေဟော်နှင့် မြဝတီကုန်သွယ်ရေးစခန်းသုံးခုတို့မှ တင်သွင်းရာ၌ ကုမ္ပဏီသုံးခုမှ ယာဉ်စီးရေ ၁၂ စီးဖြင့် အောက်ဆီဂျင်(အရည်) Bowser ယာဉ်တစ်စီးဖြင့် တန် ၂၀ နှင့် နှာခေါင်းစည်း ၈၈ တန်တင်သွင်းခဲ့သည်။ အောက်ဆီဂျင် (အရည်) Bowser ယာဉ်တစ်စီးမှာ ရန်ကုန်မြို့သို့ဖြစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသရေးပစ္စည်းများ တင်သွင်းရာတွင် လွယ်ကူမြန်ဆန်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသလို အကူအညီလိုအပ်ပါကလည်း သက်ဆိုင်ရာ တာဝန်ရှိသူများထံ တိုက်ရိုက်ဆက်သွယ်နိုင်ရေးအတွက် ဌာနများအလိုက် ဆက်သွယ်မေးမြန်းနိုင်သည့် တာဝန်ခံ(Contact Person)များကိုလည်း ဝန်ကြီးဌာန ဝက်ဘ်ဆိုက်ဖြစ်သည့် www.commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေးစီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

သတင်းစဉ်

## အစိမ်းရောင်ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ကျေးရွာအဆင့်ခေါင်းဆောင်မှု အသိပညာပေးသင်တန်းဖွင့်

**မောက်မယ် စက်တင်ဘာ ၂၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မောက်မယ်မြို့နယ်တွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေရှိပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်သော ကျေးရွာများပေါ်ထွက်လာစေရန်၊ ကျေးရွာလူနေမှုဘဝ အဆင့်မြင့်မားလာစေရန် စသည့် ရည်ရွယ်ချက်ဖြင့် အစိမ်းရောင်ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ကျေးရွာအဆင့်ခေါင်းဆောင်မှု အသိပညာပေးသင်တန်းဖွင့်ပွဲကို ယမန်နေ့နံနက်ပိုင်းက ထီတခေါ့ကျေးရွာခန်းမဆောင်၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းစံထွန်းလင်းက အမှာစကားပြောကြားပြီး သင်တန်းနည်းပြများက အစိမ်းရောင်ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ပါ GAP နှင့် GAHP၊ ကျေးရွာအဆင့်ခေါင်းဆောင်မှု စသည့် သင်ခန်းစာများကို စာတွေ့၊ လက်တွေ့လေ့ကျင့်သင်ကြားပို့ချပေးခဲ့သည်။

တစ်ရက်တာဖွင့်လှစ်ခဲ့သည့် အစိမ်းရောင်ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ကျေးရွာအဆင့်ခေါင်းဆောင်မှု အသိပညာပေးသင်တန်းသို့ ထီတခေါ့၊ ဆိုင်းငင်း၊ ဈေးကုန်း၊ စက်ကုန်း၊ လွိုင်ခွင်ဟောင်း၊ ပုန်းအောင် စသည့်ကျေးရွာများမှ တာဝန်ရှိသူများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မင်းမြင့်မိုရ်

**ဆရာကြီး ကာတွန်းမောင်စိန်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။** **စာတည်း**




## ခေါင်လန်ဖူးမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဒုတိယအသုတ် စတင်ထိုးနှံပေး



**ခေါင်လန်ဖူး စက်တင်ဘာ ၂၆**

ကချင်ပြည်နယ် ခေါင်လန်ဖူးမြို့နယ် အတွင်းရှိ ပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဒုတိယအသုတ် စတင်ထိုးနှံခြင်းကို စက်တင်ဘာ ၂၅ ရက် နံနက် ၉ နာရီက ခေါင်လန်ဖူးမြို့ မြို့နယ် ခန်းမ၌ ဦးတည်အုပ်စုများအား စတင်ထိုးနှံပေးခဲ့ကြောင်း သိရသည်။

ကာကွယ်ဆေးထိုးနှံပေးခြင်းကို ဆေးထိုးအဖွဲ့နှစ်ဖွဲ့ဖြင့် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ သတ်မှတ်နေရာများတွင် ကျန်းမာရေးဝန်ထမ်းများနှင့် တာဝန်ရှိသူများက ထိုးနှံပေးခဲ့ရာ ကာကွယ်ဆေးလာရောက်ထိုးနှံသူ စုစုပေါင်း ၁၂၅ ဦးအား ထိုးနှံပေးခဲ့ပြီး ကျန်ရှိသည့် ကာကွယ်ဆေးများကိုလည်း ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## မိုင်းရယ်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံ

**မိုင်းရယ် စက်တင်ဘာ ၂၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ်အတွင်းရှိ အသက်(၅၅)နှစ်အထက် အုပ်စုအတွင်းရှိ ပြည်သူများအား စက်တင်ဘာ



၁၉ ရက်မှစ၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဒုတိယအသုတ် ပထမအကြိမ် စတင်ထိုးနှံပေးရာ ယမန်နေ့က မိုင်းရယ်မြို့ ပြည်သူ့ဆေးရုံနှင့် စလန်းပုန်းထွန်ကျေးလက်ကျန်းမာရေးဌာနခွဲတို့တွင် ပြည်သူ ၁၃၅ ဦးအား ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ထိုးနှံပေးကြောင်း သိရသည်။

**ထိုးနှံပြီးစီးသူ ၅၈၀**

မိုင်းရယ်မြို့နယ်တွင် ကာကွယ်ဆေးဒုတိယအသုတ် ပထမအကြိမ်ထိုးနှံမည့် အသက်(၅၅)နှစ်နှင့်အထက် လူဦးရေ ၂၂၅၅ ဦးရှိသည့်အနက် ယနေ့အထိ လာရောက်ထိုးနှံပြီးစီးသူ ၅၈၀ ရှိပြီဖြစ်သည်။

ကျော်ဇင်ထိုက်

## ကိုဗစ်-၁၉ ရောဂါ ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေး

**နေပြည်တော် စက်တင်ဘာ ၂၆**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများအား လေကြောင်းနှင့် နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကုမ္ပဏီတစ်ခုမှ Bherumn-S Powder For Injection (Cefoperazone) အခု ၅၀၀၀၀၊ နယ်စပ်(မူဆယ်၊ မြဝတီ၊ ချင်းရွှေဟော်)တွင် ကုမ္ပဏီ ကိုးခုတို့မှ နှာခေါင်းစည်း ၉၀၉၅၆ ကီလိုဂရမ်၊ အောက်ဆီဂျင်ထုတ်သည့်စက် တစ်ခု၊ အောက်ဆီဂျင်အရည် ၁၅၂၃ ကုဗမီတာ၊ အောက်ဆီဂျင်အရည် တန် ၂၀ တို့ကို ထုတ်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ စနစ်တကျ လက်ဆေးစို့**

ခမ္မ ပုံပြင်

# ရဲရင့်သူနှင့် သူရဲဘောကြောင်သူ

**မင်းယုဝေ**

**တစ်**ရံရောအခါ လူတစ်ယောက်သည် သင်္ချိုင်းတစ်ခုအနီးတွင် နေထိုင်သည်။

တစ်ညသ၌ သူသည် သင်္ချိုင်းအတွင်းရှိ ဂူတစ်ခုထဲမှ အသံတစ်ခုကို ကြားရသည်။ နားစွင့်ထောင်ရာ သူ့ကို လှမ်းခေါ်နေသော အသံဖြစ်ကြောင်း သိရသည်။ သို့ရာတွင် သူသည် အသံကြားရာဆီသို့ သွားရောက်စူးစမ်းခြင်း မပြု။ ထိတ်လန့်ကြောက်ရွံ့လှသဖြင့် တံခါးပိတ်၍ ဖွတ်မှိတ် အိပ်နေလိုက်လေသည်။

နံနက်လင်းသောအခါ သူသည် ထိုအကြောင်းကို မိတ်ဆွေတစ်ယောက်အား ပြောပြသည်။ မိတ်ဆွေကား သူကဲ့သို့ သူရဲဘောကြောင်သူမဟုတ်၊ ရဲရင့်သူ ဖြစ်သည်။ ထို့ကြောင့် အကျိုးအကြောင်းသိရန်အတွက် ထိုညတွင် သူ့တဲသို့ လာ၍ စောင့်နေလေသည်။

မိုးချုပ်သောအခါ ယခင်ညကနည်းတူပင် ခေါ်သံကြားရသည်။ သူရဲဘောကြောင်သူမှာ ထိတ်လန့်ကြောက်ရွံ့ပြီး တုန်တုန်ယင်ယင်ဖြစ်နေသည်။

ရဲရင့်သူကမူ အဖြစ်မှန်ကို စုံစမ်းကြည့်မည်ဆိုကာ အသံကြားရာဆီသို့ သွားမည်ပြုသည်။ သူရဲဘောကြောင်သူကို ခေါ်သည်။ သူရဲဘောကြောင်သူက မလိုက်။ ရဲရင့်သူသည်သာ တစ်ယောက်တည်း ဂူသို့ သွားသည်။ ရဲရင့်စွာဖြင့် မေးမြန်းစုံစမ်းသည်။

"သင် မည်သူနည်း'

ဂူထဲမှ အသံရှင်ကလည်း ထူးဆန်းစွာ ပြန်ကြားပြောဆိုသည်။

"အကျွန်ုပ်သည်မြေအောက်တွင် မြှုပ်နှံခံရသော ရတနာတစ်ပါးဖြစ်သည်"

"သင် ဘာကြောင့် ကျွန်ုပ်ကို ခေါ်သနည်း"

"သင့်အား ရတနာများကို ပေးအပ်လို၍ ခေါ်ယူခြင်းဖြစ်သည်။ မနေ့ညက ကျွန်ုပ်သည် လူတစ်ယောက်ကို ခေါ်သေးသည်။ ထိုသူသည် သူရဲဘောကြောင်သူ ဖြစ်သည်။ ကျွန်ုပ်ထံမလာဝံ့။ သင်သည် ရဲရင့်သူဖြစ်သောကြောင့် ကျွန်ုပ်ထံ လာပေသည်။ သင်သည် ရတနာများနှင့် ထိုက်တန်သည်။ သင့်ကို ကျွန်ုပ်တို့၏ ရတနာများ ပေးအပ်မည်"

"ကျွန်ုပ်ကို ရတနာများ သင် မည်သို့ ပေးအပ်မည်နည်း"

"နက်ဖြန် နံနက်စောစောတွင် ကျွန်ုပ်သည် အဖော်ခုနစ်ဦးနှင့် အတူသင့်အိမ်သို့ လာမည်"

"ကျွန်ုပ် အသင့်စောင့်နေပါမည်။ သင်တို့အား ကျွန်ုပ် မည်ကဲ့သို့ ဧည့်ခံပြုစုရမည်ကို ပြောကြားပါ"

"ကျွန်ုပ်တို့အားလုံး သင်္ကန်းကိုယ်စီဆင်မြန်းလျက် ရဟန်းအသွင် ဖန်ဆင်း၍ ကြွလာမည်။ ကျွန်ုပ်တို့အတွက် သီးသန့်အခန်းတစ်ခု ပြင်ဆင်ထားပါ။ နေရာထိုင်ခင်းများကိုလည်း အသင့်ပြင်ထားပါ။ အားလုံးကို သန့်ရှင်းစင်ကြယ်အောင် ပြုထားပါ။ သင့်ခန္ဓာကိုယ်ကိုလည်း သန့်ရှင်းစင်ကြယ်အောင် ပြုထားပါ။ ကျွန်ုပ်တို့ ရောက်ရှိသောအခါ ယာဂုဆွမ်း ကပ်လှူပါ။ ဆွမ်းဘုဉ်းပေးပြီးသောအခါ ကျွန်ုပ်တို့ကို နီးရာအခြားအခန်း တစ်ခုထဲသို့ တစ်ပါးစီ ပို့ဆောင်ပေးပါ။ ထို့နောက် အခန်းတံခါးကို ပိတ်ထားပါ။ တစ်ခဏအတွင်းမှာပင် ကျွန်ုပ်တို့အားလုံး ရွှေအပြည့်ထည့်ထားသော မြေအိုးကြီးများအသွင်သို့ ကူးပြောင်းသွားကြပါလိမ့်မည်။ ရွှေများကို သင်အလိုရှိရာ အသုံးပြုပါ"

နောက်တစ်နေ့ နံနက်စောစောတွင် ရဲရင့်သူသည် အသံရှင်မှာကြားသည့်အတိုင်း ပြင်ဆင်ထားသည်။

အချိန်ကျသောအခါ အသံရှင်နှင့် အဖော်ခုနစ်ဦး ရောက်ရှိလာသည်။ သူတို့အားလုံးပင် ရဟန်းအသွင် ဖန်ဆင်းလာကြသည်။ ရဲရင့်သူကလည်း ရိုသေစွာ နေရာထိုင်ခင်းပေးသည်။ ယာဂုဆွမ်း ကပ်လှူသည်။

အသံရှင်နှင့် အဖော်များသည် ယာဂုဆွမ်းဘုန်းပေးပြီးသောအခါ အနီးရှိ အခန်းတွင်းသို့ တစ်ပါးပြီးတစ်ပါး ဝင်သွားကြသည်။ တစ်ခဏကြာသောအခါ သူတို့အားလုံးပင် ရွှေအပြည့် ထည့်ထားသော အိုးကြီးရှစ်လုံးအဖြစ်သို့ အံ့ဖွယ် ပြောင်းလဲသွားကြလေသည်။

ထိုရွာတွင် အလွန်လောဘကြီးသူတစ်ယောက်ရှိသည်။ သူသည် ထိုအကြောင်းကိုကြားသောအခါ ရွှေများကို ငမ်းငမ်းတက် လိုချင်လာသည်။ ရဲရင့်သူနည်းတူ ရွှေများရအောင် ပြုမည်ဟူ၍ ကြံဆောင်သည်။ ရွာတွင်းရှိ ရဟန်းတော် ရှစ်ပါးကို ဆွမ်းဖိတ်ကျွေးသည်။ ရဟန်းများ ဆွမ်းဘုဉ်းပေးပြီးသောအခါ နီးရာအခန်းတစ်ခုသို့ ပို့ဆောင်သည်။ ထို့နောက် အခန်းတံခါးပိတ်ပြီး သော့ခတ်ထားလိုက်သည်။

သို့ရာတွင် သူမျှော်လင့်သလိုရဟန်းတော်များသည် ရွှေအိုးများ ဖြစ်မလာကြ။ အခန်းတွင်းမှ ထွက်လိုသဖြင့် ဟစ်အော်ကြသည်။ အခန်းတံခါးကို ထုရိုက်ကြသည်။ လောဘကြီးသူက တံခါးဖွင့်မပေး။ နောက်ဆုံးတွင် ရွာသူကြီးသိကာ အခန်းတံခါးကို လာ၍ ဖွင့်ပေးရသည်။ လောဘကြီးသူကိုလည်း ရဟန်းတော်များအား မတရားချုပ်နှောင်ထားမှုဖြင့် ဖမ်းဆီးအရေးယူလေသည်။

ထိုအချိန်တွင် သူရဲဘောကြောင်သူသည် ရဲရင့်သူ၏အိမ်သို့ ရောက်လာသည်။ သူက သင်္ချိုင်းတွင်းမှ အသံကိုမိမိဦးစွာကြားရသည်။ ထို့ကြောင့် ရွှေများကို မိမိသာရသင့်သည်ဟု ဆိုသည်။ ဆိုသည့်အတိုင်းလည်း အခန်းတွင်းသို့ အတင်းဝင်သည်။ ရွှေများကို သယ်ဆောင်ယူမည်ပြုသည်။

ထိုအခါ အိုးအတွင်းရှိ ရွှေများသည် မြွေများအသွင်ကူးပြောင်းသွားသည်။ ပါးပျဉ်းများထောင်ကာ သူရဲဘောကြောင်သူကို ပေါက်မည်ပြုသည်။ သူရဲဘောကြောင်သူသည် ထိတ်လန့်စွာဖြင့် ထွက်ပြေးသွားရသည်။ သူ ထွက်ပြေးသွားသောအခါ မြွေများသည် မူလရွှေအသွင်သို့ ပြန်လည်ရောက်ရှိသွားလေသည်။

ထိုအကြောင်းကို ရွှေမြို့တော်မှ ဘုရင်မင်းမြတ် ကြားသိသွားသည်။ ချက်ချင်းပင် ရဲရင့်သူနှင့် သူရဲဘောကြောင်သူ နှစ်ဦးလုံးကို ရှေ့တော်မှောက်သို့ ခေါ်ယူသည်။

"ရွှေများသည် ရဲရင့်သူ၏ စွန့်စားဆောင်ရွက်မှုဖြင့် ရရှိသော ရတနာများ ဖြစ်သည်။ ယင်းတို့ကို ရဲရင့်သူသာ ရပိုင်ခွင့်ရှိသည်"


ဟူ၍ အမိန့်တော် ချမှတ်လိုက်သည်။ ထို့နောက် ဘုရင်က မှူးမတ်တို့အား...

"သူမိုက်တို့သည် ကောင်းကျိုးချမ်းသာကိုသာ အလိုရှိကြသည်။ ထိုသို့ရရှိအောင် စွန့်စားဆောင်ရွက်ရန်မူ မဝံ့ကြ၊ တွန့်ဆုတ်ကြသည်။ ထို့ကြောင့်လည်း ကောင်းကျိုးချမ်းသာကိုမရခြင်း ဖြစ်သည်။ ထို့အတူ ထိုသူတို့သည် စိတ်ကိုထိန်းချုပ်ရန် မဝံ့ကြ၊ တွန့်ဆုတ်ကြသည်။ ထို့ကြောင့်လည်း ငြိမ်းချမ်းမှုကို မရရှိခြင်းဖြစ်သည်။ လောကတွင် စိတ်ကို ရဲရင့်စွာ ထိန်းချုပ်နိုင်မှသာ စစ်မှန်သောငြိမ်းချမ်းမှုကို ခံစားရရှိနိုင်ပေသည်"

ဟူ၍ ဆုံးမပြောဆိုလေသည်။ ။ **(ဗုဒ္ဓအဆုံးအမကျမ်းမှ)**

**ဆရာကြီး မင်းယုဝေ၏ လက်ရွေးစင်ပုံပြင်ပေါင်းချုပ်စာအုပ်မှ ပုံပြင်ကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။**

ဆရာကြီးသန်းကြွယ်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။




ရွှေသွေးဂျာနယ် အတွဲ(၁)၊ အမှတ်(၁၈)၊ (၃-၅-၆၉)

## ကဗျာ

# အညတြ

မလင်းလှသည့်
ပျပျမီးဝန်း၊ ညှိုကိုင်ထွန်းသော်
ရွှန်းဘူးဆိုလိမ့်မလားကွယ်။
ဆင်းမလှသည့်
ဖူးစငုံဆိုင်၊ ပန်းတစ်ခိုင်ကို
ကြိုင်ဘူးဆိုလိမ့်မလားကွယ်။
မလင်းပြားလည်း
မှောင်ကြားမှာတော့ ဝင်းပါလိမ့်။
ဆင်းမကြွားလည်း
ပျံ့ရှားကာတော့ သင်းပါလိမ့်။

**ငွေတာရီ**

ဆရာမ ငွေတာရီ၏ ငွေတာရီကဗျာပေါင်းချုပ်မှ ကဗျာကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

လူမှု ဘဝ

# ဆယ်ကျော်သက်များ၏ ဒေါသကို ညင်သာစွာ ထိန်းကျောင်းပါ

**မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)**

ဆယ်ကျော်သက်များ၏ ဒေါသကို မဟာဗျူဟာကျကျ သုံးပြီး မောင်းထုတ်ပေးနိုင်ပါက ရေရှည်မှာ ပိုမိုပျော်ရွှင်ပြီး ကျန်းမာသောဘဝကို ရှာဖွေနိုင်မည်ဖြစ်သည်။ ဆယ်ကျော်သက်များသည် ဒေါသကို ထိန်းချုပ်နိုင်ခြင်း မရှိသောအခါ ၎င်းသည် ပေါင်းသင်းဆက်ဆံရေးနှင့် အသက်ကိုပင် ပျက်စီးစေနိုင်သည်။ ဆယ်ကျော်သက် အရွယ်များတွင် ပြင်းထန်သော ဒေါသထွက်မှု အပြုအမူသည် အချိန်ကြာလာသည်နှင့် အမျှ နာတာရှည် စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေးအခြေအနေများသို့ ဦးတည်သွားစေနိုင်သည်။ သို့ဖြစ်ရာ ဆယ်ကျော်သက်များ၏ တွေးခေါ်စဉ်းစားပုံ၊ ခံစားပုံနှင့် ပြုမူပုံတို့အကြား ဆက်စပ်မှုများကို နားလည်ရန် အရေးကြီးသည်။ မိဘများအနေဖြင့် ဆယ်ကျော်သက်များ၏ ဒေါသနှင့် ပေါက်ကွဲနိုင်သော အပြုအမူများကို သိမြင်နားလည်ပြီး သူတို့၏ စိတ်ခံစားမှုများကို စီမံခန့်ခွဲတတ်စေရန် လိုအပ်လာပြီဖြစ်သည်။

ဆယ်ကျော်သက်များနှင့် မိဘများ၏ ဆက်ဆံရေးတွင် သူတို့၏ ဒေါသထွက်လွယ်မှုကို မကုစားဘဲထားလျှင် ရေရှည်ထိခိုက်ပျက်စီးစေနိုင်သော စိတ်ခံစားချက်များ ဖြစ်ပေါ်စေနိုင်သည်။ မိဘများသည် ယင်းအချက်ကို စောစောသိရန် အရေးကြီးသော်လည်း ဒေါသဖြစ်စေသော အကြောင်းရင်း သို့မဟုတ် အစပျိုးသော အချက်များကို ရှင်းရှင်းလင်းလင်းသိမှသာ သူတို့အား အကောင်းဆုံး ကူညီပြီး သူတို့၏ မကျေနပ်မှုများကို ဖြေရှင်းကိုင်တွယ်နိုင်မည်ဖြစ်သည်။ ဆယ်ကျော်သက်များ၏ ဒေါသကို အသိအမှတ်မပြုဘဲ မိဘများက နားလည်ရန် ပျက်ကွက်ပါက ဆယ်ကျော်သက်များတွင် စိုးရိမ်ပူပန်စိတ်နှင့် စိတ်ကျရောဂါ အပါအဝင် နာတာရှည်စိတ်ကျန်းမာရေး ပြဿနာများ ဖြစ်ပေါ်စေနိုင်သည်ဟု Travis (2012) က ဆိုသည်။




ဒေါသသည် ပုံမှန်အားဖြင့် အသက်အရွယ်ပေါ်မူတည်၍ ကွဲပြားခြားနားသည်။ ဆယ်ကျော်သက်အရွယ်များသည် သူတို့၏ဒေါသကို အရွယ်ရောက်လာသည့် နည်းများဖြင့် ပြသကြသည်။

ဆယ်ကျော်သက်တို့၏ အပြုအမူသည် အလွန်အကျွံ ဖြစ်နိုင်ပြီး မူးယစ်ဆေးဝါးအလွဲသုံးမှု၊ အပြုအမူမှားယွင်းခြင်း၊ ကျူးလွန်ခြင်း၊ နှုတ်ဖြင့် ခြိမ်းခြောက်ခြင်းနှင့် လိင်ပိုင်းဆိုင်ရာ အပြုအမူများတွင် ပါဝင်ခြင်းတို့ ဖြစ်နိုင်သည်။ ဆယ်ကျော်သက်များကို ကူညီရန် မိဘ၊ အုပ်ထိန်းသူ၊ ဆရာနှင့် ကုထုံးဆရာတို့သည် ပုံမှန်ဖြစ်သော ဒေါသ သို့မဟုတ် ထိန်းချုပ်မှုမရှိသော ဒေါသ အစပျိုးဖြစ်စေသောအရာကို နားလည်ရမည်ဖြစ်သည်။ ဒေါသထွက်မှုဖြစ်စဉ်ကို ရှောင်ရှားရန် သို့မဟုတ် စိတ်တည်ငြိမ်စေသော နည်းများကို မည်သို့ သင်ကြားပေးရမည်ကို နားလည်ရမည်ဖြစ်သည်။ ဆယ်ကျော်သက် ဦးနှောက်ဓာတုဖွဲ့စည်းမှုသည် အဆက်မပြတ်ပြောင်းလဲနေသော အခြေအနေ၌ရှိသည်ဟု သုတေသနပြုချက်များက ဖော်ပြထားသည်။

ဆယ်ကျော်သက်များအတွက် ဖြစ်နိုင်ခြေရှိသော အကြောင်းရင်းများစွာ ရှိသောကြောင့် ၎င်းကဲ့သို့ ဆက်စပ်သည့် အမူအကျင့်များသည် အောက်ပါအချိန်များတွင် ဖြစ်ပေါ်တတ်သည်ကို သတိပြုရန် အရေးကြီးသည်။

ကျောင်းပြီးသည့်အချိန်၊ ဆာလောင်သောအခါ သို့မဟုတ် ပင်ပန်းသောအခါ၊ လုပ်ရိုးလုပ်စဉ်များသို့ အပြောင်းအလဲများ လိုက်ပါလာသောအခါ၊ တီဗွီရှိုးပွဲများ၊ ရုပ်ရှင်များ သို့မဟုတ် အွန်လိုင်းအကြောင်းအရာ တစ်ခုခုကို ကြည့်ပြီးသည့်အခါ။

ဆယ်ကျော်သက်များတွင် ရှိသော ဒေါသနှင့်ဆိုင်သော အပြုအမူများကို လေ့လာကြည့်ရာတွင် ဆယ်ကျော်သက်များသည် ငယ်ရွယ်သူများထက် သိသိသာသာ ပိုမိုလွတ်လပ်မှု လိုချင်ကြသည်။ သူတို့၏ ဒေါသကို လူကြီးများအပေါ် မောက်မာစွာ ပြုမူခြင်းနှင့် မခန့်လေးစားပြုမူခြင်း စသော မသင့်လျော်သော လုပ်ရပ်များ အပါအဝင် ဒေါသထွက်ခြင်း၊ ရန်လိုခြင်းနှင့် အန္တရာယ်မြင့်မားခြင်းတို့သည် ဆယ်ကျော်သက်များ၏ ဒေါသနှင့် ဆက်နွှယ်သော အပြုအမူများပင်ဖြစ်သည်။

ဆယ်ကျော်သက်များသည် တစ်ခါတစ်ရံ အခြားကျောင်းသားများနှင့် ရန်ဖြစ်တတ်သည်။ ရန်ဖြစ်ခြင်းဖြင့် ဒေါသထွက်တတ်သည်။ ဒေါသထွက်လျက်ပြောဆိုမှုသည် အပြစ်ရှိသူပမာ ဖြစ်လာသည်။ တစ်ခါတစ်ရံ ဆယ်ကျော်သက်များသည် ပြန်လည်ပေးဆပ်ခြင်းနှင့် လက်စားချေခြင်းဖြင့် လှုံ့ဆော်သော အပြုအမူ ရှိတတ်သည်။ မူးယစ်ဆေးဝါးသုံးစွဲမှုတွင် ပါဝင်ပတ်သက်သည်။ ဤသို့ဖြင့် ပညာရေးတွင် စိတ်ပါဝင်စားမှု နည်းပါးသွားနိုင်သည်။ ဆယ်ကျော်သက်များသည် အနီးကပ်ရှိနေသော မိသားစုနှင့် သူငယ်ချင်းများကို စိတ်ပျက်မိသောအခါ ဒေါသကို ပုံမှန်ထက် ထိန်းချုပ်နိုင်ခြင်း မရှိတော့ချေ။ ၎င်းသည် ပြင်းထန်ပြီး လေးနက်သော စိတ်ခံစားမှုဆိုင်ရာ ပြဿနာများသို့ ဦးတည်နိုင်ကြောင်း မိဘများ နားလည်သင့်သည်။ ထို့ကြောင့် ဆယ်ကျော်သက်များ၏ ဒေါသစက်ဝန်း (Anger cycle) ကိုဖြတ်တောက်ရန် အလွန်အရေးကြီးသည်ဟု Anger Management စာအုပ်၌ Judy Dyer က ရေးသားထားသည်။

ဒေါသတုံ့ပြန်မှုတိုင်းသည် အဖြစ်အပျက်တစ်ခုနှင့် အစပြုသည်။ ၎င်းသည် အခြားသူ တစ်ဦး၏ လုပ်ရပ်များ၊ အဖြစ်အပျက်တစ်ခု သို့မဟုတ် အမှတ်တရတစ်ခု ဖြစ်နိုင်သည်ဟု Dyer က ဆိုသည်။ ထို့နောက်တွင် များစွာသော ဆင်ခြင်တုံတရား မရှိသည့် အတွေးများ စတင်ဖြစ်ပေါ်လာပြီး အနုတ်လက္ခဏာဆောင်သော စိတ်ခံစားမှုများ ဆက်တိုက်ဖြစ်လာသည်။ တုန်လှုပ်ခြင်း၊ ချွေးထွက်ခြင်း၊ ဖျားနာခြင်းကဲ့သို့သော ရုပ်ပိုင်းဆိုင်ရာလက္ခဏာများ ပေါ်လာတတ်သည်။ ထို့နောက် နောက်ဆုံးတွင် ထိန်းချုပ်မှု မရှိခြင်း၊ ဒေါသထွက်ခြင်း၊ ရန်လိုခြင်း သို့မဟုတ် ဖျက်ဆီးတတ်သော အပြုအမူများ စတင်နိုင်သည်ဟု Dyer က ဆိုသည်။ ၎င်းသည် အဆင့်များစွာ ပါဝင်သော ရှုပ်ထွေးသည့် လုပ်ငန်းစဉ်တစ်ခုကဲ့သို့ ရှိနေသော်လည်း ၎င်းသည် ဆယ်ကျော်သက် လူငယ်များသို့ မိမိကိုယ်ကို ထိန်းချုပ်နိုင်စွမ်း အကန့်အသတ်ဖြင့် ရုတ်တရက် အံ့ဩသင့်ဖွယ် ပေါက်ကွဲစေရန် အစပျိုးခြင်းမှ အရှိန်ရစေနိုင်သည်။

စင်စစ် ဆယ်ကျော်သက်တို့၏ ဒေါသအဆင့်ကို နှိမ်နင်းရန် သို့မဟုတ် လျှော့ချရန် နည်းလမ်းများစွာ ရှိသည်။

- မိဘအုပ်ထိန်းသူများနှင့်အတူ ကျန်းမာပြီး လေးနက်မှုရှိသောဆက်ဆံမှုများ တည်ဆောက်ခြင်း၊
- ကောင်းစွာတိုးတက်လာသော လူမှုဆက်ဆံရေးစွမ်းရည်များဖြစ်စေခြင်း၊
- မည်သည့်အသက်အရွယ်တွင်မဆို လုံလောက်သော အိပ်စက်ခြင်းသည် အရေးကြီးသည်။ ဆယ်ကျော်သက်များ၏ ပုံမှန်မဟုတ်သော အိပ်စက်မှုအလေ့အထများသည် သူတို့၏ စိတ်ခံစားမှုများပေါ်တွင် သိသိသာသာ သက်ရောက်မှုရှိသည်။ ဆယ်ကျော်သက်များ၏ စိတ်ပိုင်းဆိုင်ရာ သုခချမ်းသာရရှိရေးအတွက် ဆယ်ကျော်သက်များအား ထိန်းချုပ်ရာတွင် ယင်းအိပ်စက်ခြင်း အလေ့အထများက သိသာစွာ ထိခိုက်စေသည်။
- အသက် ၁၃ နှစ်နှင့် ၁၈ နှစ်ကြား ဆယ်ကျော်သက်များသည် တစ်ညလျှင် ၈ နာရီခွဲ အိပ်သင့်သည်ဟု Walker နှင့် Travis က ဆိုသည်။
- သင်ယူခြင်းနှင့် ကျွမ်းကျင်မှုအသစ်များ ရယူခြင်း
  (က) **ပြဿနာ ဖြေရှင်းခြင်း**
  ပြဿနာတစ်ခုအတွက် အဖြေတစ်ခုထက် ပိုမိုခြင်း။
  (ခ) **ဒေါသစီမံခန့်ခွဲမှု**
  လုပ်ဆောင်မှုမပြုမီ စဉ်းစားရန်နှင့် ဒေါသအတွက် ဖန်တီးမှု သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာ ထွက်ပေါက်များကို ရှာပါ။
- **မိမိကိုယ်ကို ပြန်လည်သုံးသပ်ခြင်း**
  အဖြစ်အပျက်များနှင့် ပတ်ဝန်းကျင်ကို ပိုမိုကောင်းမွန်သော အကဲဖြတ်မှုပြုလုပ်ရန် အခြေအနေများကို နားလည်ခြင်းနှင့် ပြန်လည်ပြင်ဆင်ခြင်း။
- **စိတ်ခံစားမှုဆိုင်ရာ အသိနှင့် စည်းမျဉ်း**
  ဆယ်ကျော်သက်များအပေါ် သက်ရောက်မှုရှိသော စိတ်ခံစားမှုများကို နားလည်ခြင်းနှင့် သူတို့အား တုံ့ပြန်မှုများကို စီမံခန့်ခွဲနိုင်စွမ်းရှိခြင်း။
- **ခိုင်မာမှု**
  လိုချင်သော ရလဒ်အတွက် တွန်းအားပေးရမည့် အချိန်ကို ခွဲခြားသတ်မှတ်ခြင်း။

သို့ဖြစ်ရာ ဆယ်ကျော်သက်များကို စီမံခန့်ခွဲရာတွင် အသုံးပြုသော အရင်းအမြစ်များသည် ဆယ်ကျော်သက်များကို မိဘများက လက်တွေ့ကျသော အကြံဉာဏ်ဖြင့် မြှင့်တင်ပေးနိုင်ရန် လိုသည်။ ဤသို့ဖြင့် ပိုမိုကောင်းမွန်သော စိတ်ပိုင်းဆိုင်ရာ စီမံခန့်ခွဲမှုစွမ်းရည်များ တိုးတက်လာမည်ဖြစ်သည်။ ထို့ပြင် ခံစားချက်များကို ပိုမိုပြောဆိုနိုင်စွမ်း ဖြစ်လာစေရန် ဘာသာစကား ကျွမ်းကျင်မှုများ တိုးတက်လာမည်ဖြစ်သည်။ ကိုယ်ပိုင်ထိန်းချုပ်နိုင်စွမ်း ကျွမ်းကျင်မှုများရရှိစေပြီး စိတ်ခံစားမှုများနှင့် ဒေါသထိန်းချုပ်မှုကို တိုးတက်လာစေမည်ဖြစ်သည်။

**[Ref: Anger Management for Teens by Jeremy Sutton, Ph.D]**

**မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်) ၏ ဆယ်ကျော်သက်အချစ်နှင့် ကံကြမ္မာစာအုပ်မှ စာရေးသူ၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

**အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့်**

**မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့ နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများ ဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

**၃။ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင် အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေး တပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင် အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင် အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM)လှုပ်ရှားမှုတွင် ငွေကြေးအရ ဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်**

## ရောဝတီလင်းပိုင်ထိန်းသိမ်းရေးနှင့် တရားမဝင်ငါးဖမ်းဆီးမှုမရှိစေရေး စစ်ဆေး

**စဉ့်ကူး စက်တင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်အတွင်း ရောဝတီမြစ်ကြောင်းတစ်လျှောက် ရောဝတီလင်းပိုင်ထိန်းသိမ်းရေးနှင့် ဘက်ထရီရှော့တိုက် ငါးဖမ်းဆီးမှုမရှိစေရေး ကွင်းဆင်းစစ်ဆေးခြင်းကို ပြင်ဦးလွင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး၊ စဉ့်ကူးမြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး၊ မတ္တရာမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန တာဝန်ခံနှင့် ဝန်ထမ်းများ ပူးပေါင်းအဖွဲ့ဖြင့် ငါးဖမ်းကိရိယာ စစ်ဆေးခြင်း၊ ရေတော်ကျေးရွာ၏ အနောက်ဘက်ဆောက်ကြီးအင်း နယ်စပ်သောင်ခုံပေါ်ရှိ ရေလုပ်သားများအား ရောဝတီလင်းပိုင်ထိန်းသိမ်းရေးနှင့် ငါးသယံဇာတထိန်းသိမ်းရေးအသိပညာပေးဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်နေစဉ် ရွှေလှေကျေးရွာ၏အနောက်ဘက် မြစ်ကမ်းစပ်အနီး ဒရွတ်ဆွဲပိုက်ကြိုးအားဖြုတ်၍မောင်းထွက်သွားသော စက်လှေတစ်စင်းကို တွေ့မြင်ရသဖြင့် ၎င်းပိုက်အား စစ်ဆေးကြည့်ရာ ဘက်ထရီရှော့ဝိုင်ယာကြိုးများ တပ်ဆင်ထားကြောင်း တွေ့ရှိရ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။ ရေလုပ်သားများအနေဖြင့် ဤကဲ့သို့ တရားမဝင် ငါးဖမ်းဆီးခြင်းများ ဆောင်ရွက်ခြင်းမပြုရန် ငါးလုပ်ငန်းဦးစီးဌာနမှ အသိပညာပေးဟောပြောပွဲများ၊ ပညာပေးစာစောင်များ ဖြန့်ဝေခြင်းလုပ်ငန်းများကို တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတွင် ဆောင်ရွက်နေသကဲ့သို့ နိုင်ငံပိုင်သတင်းစာများ၊ ရုပ်မြင်သံကြား၊ ရေဒီယိုများတွင်လည်း ပညာပေးအစီအစဉ်များ ဖော်ပြထုတ်လွှင့်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



## မန်းရွှေစက်တော်ဘုရားကြီးတွင် တည်ဆောက်နေသော ဓာတ်လှေကားအတွက် လျှောက်လမ်းသံပေါင်များ တပ်ဆင်

**မင်းဘူး စက်တင်ဘာ ၂၆**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူး(စကု) မြို့နယ်ရှိ မန်းရွှေစက်တော်ဘုရားကြီးတွင် တည်ဆောက်လျက်ရှိသော ဓာတ်လှေကားတာဝါ (Lift Tower နှင့် Walk Way Bridge) လျှောက်လမ်းအတွက် သံပေါင်များ တပ်ဆင်နေပြီဖြစ်သည်။

မန်းရွှေစက်တော်ဘုရားဓာတ်လှေကားတာဝါကို အလျား ပေ ၂၁၀၊ အမြင့် ၁၁၉ ပေ၊ အကျယ် ၁၂ ပေဖြင့် အတက်နှင့် အဆင်းဟူ၍ Lift Tower နှစ်စင်းကို တည်ဆောက်နေကြောင်း၊ ယခုအခါ ဓာတ်လှေကား နားနေဆောင်ဆောက်လုပ်ခြင်းနှင့် လျှောက်လမ်းသံပေါင် သုံးခန်းအနက် နှစ်ခန်းတပ်ဆင်ပြီးစီးသွားပြီဖြစ်ကြောင်း၊ လုပ်ငန်းများ ၆၃ ရာခိုင်နှုန်းကျော် ဆောက်လုပ် ပြီးစီးနေပြီဖြစ်ကြောင်း KyawThar Engineering Construction Group ကုမ္ပဏီမှ ပရောဂျက် မန်နေဂျာ ဦးသန်းလွင်က ပြောကြားသည်။

အဆိုပါ ဓာတ်လှေကား၏ လျှောက်လမ်းအကျယ်မှာ ၁၂ ပေရှိပြီး အတက်နှင့် အဆင်းဟူ၍ နှစ်စင်းဖြစ်သည့်အတွက် ဓာတ်လှေကား တစ်စင်းလျှင် လူ ၂၀ နှုန်းဖြင့် စုစုပေါင်းလူ ၄၀ လိုက်ပါစီးနင်းနိုင်မည်ဖြစ်ပြီး ဘုရားပွဲတော်ချိန်မတိုင်မီ အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြတ်စွာဘုရားရှင်ကိုယ်တော်တိုင် ကြွရောက်တော်ခဲ့မူသော ထူးကဲလှသည့်သမိုင်းဝင်မြတ်ဗုဒ္ဓ၏ ပါဒခြေတော်ရာနှစ်ဆူတည်ရှိရာ မန်းရွှေစက်တော်ဘုရားကြီးအား အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးရဟန်းရှင်လူ မိဘပြည်သူများ အပြင် သက်ကြီးဘိုးဘွားများ၊ ကလေးသူငယ်များနှင့် မသန်စွမ်းသူများအနေဖြင့် နှစ်ကျိပ်ရှစ်ဆူဘုရားစေတီတော်အနီးမှ အထက ကိုးခန်းကြီး ဘုရားရင်ပြင်အထိ အလွယ်တကူ တက်ရောက်ဖူးမြော်ကြည်ညိုနိုင်စေရန် အတွက် တည်ဆောက်ခြင်းဖြစ်ကြောင်း မန်းရွှေစက်တော်ဘုရားဂေါပကအဖွဲ့ထံမှ သိရသည်။

**မောင်မောင်**
**(မင်းဘူး)**

---

**❍ မြန်မာ့လက်ရွေးစင်မှ**

Gokulam Kerala FC အသင်းသည် နောက်ဆုံးကျင်းပသည့် ၂၀၁၉-၂၀၂၀ ရာသီ အိန္ဒိယအမျိုးသမီးလိဂ်ပြိုင်ပွဲတွင် ချန်ပီယံဖြစ်ခဲ့သဖြင့် AFC Women's Club Championship ပြိုင်ပွဲအတွက် ယှဉ်ပြိုင်ခွင့်ရခဲ့ခြင်းဖြစ်သည်။

**ပထမဆုံး ပြည်ပထွက်ကစားသူအဖြစ်**
**မှတ်တမ်းဝင်**

"အိန္ဒိယလိဂ်ရဲ့ လက်ရှိချန်ပီယံအသင်းဖြစ်သလို နိုင်ငံတကာအတွေ့အကြုံရှိတဲ့ နည်းပြ၊ လက်ရွေးစင်အဆင့် ကစားသမားတွေ ရှိနေတဲ့အသင်းကို ပြောင်းရွှေ့ခွင့်ရတာ တကယ်ကို ဝမ်းသာမိပါတယ်။ အသင်းဖော်တွေနဲ့အတူ အာရှအမျိုးသမီးကလပ်ချန်ပီယံရှစ်မှာ အောင်မြင်မှုရဖို့ ကြိုးစားသွားမှာပါ။ ပြည်ပထွက်ကစားခွင့်ရတဲ့ ပထမဆုံးအမျိုးသမီးဘောလုံးသမားဖြစ်လို့ ဝမ်းသာတယ်။ ဂုဏ်လည်းယူပါတယ်။ မြန်မာအမျိုးသမီး ဘောလုံးသမားတွေမှာ ပြည်ပထွက်ကစားနိုင်တဲ့ ခြေစွမ်းတွေ အရည်အချင်းတွေရှိတယ်။ ပထမဆုံး ထွက်ကစားရတာဖြစ်လို့ နောက်ကလိုက်လာမယ့် လူတွေအတွက်ပါ အစွမ်းကုန်ကြိုးစား ကစားသွားမှာပါ"ဟု ဝင်းသိင်္ဂီထွန်းက မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဝက်ဘ်ဆိုက်သို့ ပြောကြားခဲ့သည်။

ဝင်းသိင်္ဂီထွန်းသည် မြန်မာအမျိုးသမီး ဘောလုံးသမားများတွင် ပထမဆုံးပြည်ပ ထွက်ကစားသူအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

**သတင်း - ကိုညီလေး**
**ဓာတ်ပုံ - ရန်နိုင်**

---

**❒ မောင့်ပယ်လီယာမှ**

လက်ရှိမှာ အမှတ်ပေးဇယားဒုတိယနေရာက မာဆေးလ်အသင်းဟာ နှစ်ပွဲလျော့အနေအထားမှာ ရမှတ်စုစုပေါင်း ၁၄ မှတ်ရရှိထားတာကြောင့် ပီအက်စ်ဂျီအသင်းက မာဆေးလ်အသင်းကို ၁၀ မှတ်ဖြတ်ပြီး ဦးဆောင်ထားတာ ဖြစ်ပါတယ်။

ပီအက်စ်ဂျီအသင်းဟာ လာမယ့်ပြင်သစ်ပထမတန်း ပွဲစဉ်(၉)အဖြစ် အောက်တိုဘာ ၃ ရက်မှာ ရင်းနက်စ်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပြီး အဲဒီပွဲစဉ်မတိုင်မီ စက်တင်ဘာ ၂၉ ရက်မှာ ပရီမီယာလိဂ်ကလပ် မန်စီးတီးအသင်းနဲ့ ချန်ပီယံလိဂ်ပွဲစဉ် ယှဉ်ပြိုင်ကစားရမှာ ဖြစ်ပါတယ်။ **ငွေကြယ်**

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။

**၂၄-၉-၂၀၂၁ ရက်နေ့မှအဆက်**

"ဘွားဘွားအပူ မပါပါဘူး။ သူများလို လုချင်တိုင်း လုလို့မရတိုင်း ကန့်ကွက်မနေစမ်းပါနဲ့"

"မဟုတ်ပါဘူးအေ။ သူ့နေရာသူ့ဌာနနဲ့သူ၊ လုပ်သင့် လုပ်ထိုက်တာကို လုပ်ဖို့ ပြောတာပါ။ ညည်းပြင်နေတာက မင်္ဂလာဆောင်မယ့်ဆဲဆဲ သတို့သမီးကျနေတာပဲ။ ဒါကြောင့် ပြောတာပါ"

"ခင်ကြီးသာ မင်္ဂလာဆောင်ရင် အခုလိုတောင် မဟုတ်ဘူး။ လေးငါးဆယ်ညဘယ်သူမှ မအိပ်ရဘူးသာ မှတ်"

"အမလေး ဒီလိုဆိုရင် ညည်းမင်္ဂလာမဆောင်ဖြစ်ပါစေနဲ့လို့ ဆုတောင်းရမလို ဖြစ်နေပါပကော ခင်ခင်ကြီးရယ်"

ဘွားဘွား၏စကားကို အားလုံးက ဝိုင်း၍ ရယ်ကြသည်။

သို့နှယ်ဖြင့် နံနက်ငါးနာရီတွင် ခင်ခင်ကြီးနှင့်ပတ်သက်သော ကိစ္စဝိစ္စအလုံးစုံ ပြီးငြိမ်းသည်။ သည်တော့မှပင် ကိုယ့်ကိုယ်ကိုယ် ပြင်ကြဆင်ကြရသည်။

ခင်ခင်ကြီးကား မှန်ကြည့်၍ မဝသေး။ အားမရသေး။ ခေါင်းစည်းပိုးပဝါကို ခေါင်းတွင် အုပ်လိုက်ဖွင့်လိုက်နှင့် ရှိနေဆဲ။

စင်စစ်တွင်လည်း ခင်ခင်ကြီးအဖို့ ယင်းသို့ပြင်ဆင်ခွင့်၊ အပြင်ထွက်ခွင့်ကို တစ်နှစ်တွင် တစ်ကြိမ်သာ ရရှိသည်ဟု ဆိုနိုင်သည်။ ပင်းဘုရားပွဲတော်ရက်ကျမှပင် သည်အခွင့်အရေးမျိုးကို ရတတ်သည်။ သို့မဟုတ်လျှင်တော့ ထာဝစဉ် နန်းရွှေချိုင့်လှောင်ဘဝဖြင့်သာ အချိန်ကုန်ရသည်။

သို့ဖြစ်၍လည်း ခင်ခင်ကြီးမှာ လှုပ်လှုပ်ခတ်ခတ်ရှိနေခြင်းဖြစ်ပါသည်။ ပြင်ရဆင်ရမှမ်းမံ၍ မဝနိုင်အောင် ရှိနေရခြင်း ဖြစ်သည်။

နံနက်ငါးနာရီခွဲတွင် မှာထားသောလှည်းများ ရောက်လာသည်။

ယင်းအချိန်၌ ဘွားဘွားသည် အဝတ်မလဲရသေး။ မေမေသည် သနပ်ခါးလူးဆဲသာရှိသည်။

ခင်ခင်ကြီးသည် အိမ်အောက်သို့ ရောက်နှင့်နေလေပြီ။

"မြန်မြန်လုပ်ကြပါ၊ မိုးလင်းတော့မယ်"

ခင်ခင်ကြီးသည် စိတ်မရှည်နိုင်သလို လှမ်းအော်သည်။

"ဘွားဘွား မျက်ခုံးမွေးဆွဲလို့ မပြီးသေးဘူးလား" ဆိုသည်။

သည်တော့လည်း အိမ်ပေါ်မှ လူများ မနေသာ။ ကမန်းကတန်း၊ ကသုတ်ကရက်နှင့်ပင် ပြင်ဆင်ပြီး ဆင်းခဲ့ကြရသည်။

မျက်ခုံးမွေးကို အရာလောက်ချန်၍ နုတ်ကာ သေးသေးစင်းစင်းကလေးဖြစ်အောင် ဆွဲရသောကာလမျိုး။ ခင်ခင်ကြီး၏ အော်သံကြောင့် မေမေသည် မျက်ခုံးမွေးကို ကတိုက်ကရိုက် ဆွဲခဲ့ရဟန်တူသည်။ တစ်ဖက်သာ ဆွဲမိသည်။ မျက်ခုံးမွေးတစ်ဖက် ပါမလာ။ ဤသည်ကို ကြည့်၍ ရယ်ရသည်။ ဘွားဘွားသည် ထဘီကို အထက်ဆင့် ဖောက်ထိုးဝတ်လာမိသဖြင့် ကမန်းကတန်း အိမ်ပေါ် ပြန်တက်ပြီး လဲလှယ်ဝတ်ဆင်ရသည်။

ရယ်ကြမောကြ သောသောညံညံနှင့်ပင် ခြောက်နာရီထိုးတွင် အိမ်မှ စတင်ထွက်ခွာခဲ့ကြသည်။

လှည်းမှာ နှစ်စီးဖြစ်သည်။ ပထမလှည်းတွင် ခင်ခင်ကြီး၊ ကိုကို၊ မလုံးတင်နှင့် သူ၏ညီမ မလုံးရှင်တို့ ပါသည်။ ဒုတိယလှည်းတွင် ဘွားဘွား၊ မေမေ၊ ဦးလေးကိုထွန်းခင်နှင့် ထမင်းချိုင့်များ ဝန်စည်စလယ်များ ပါသည်။

ဖေဖေသည် ခင်ခင်ကြီးတို့နှင့်အတူ လိုက်ပါလေ့မရှိ။ တသီးတသန့် သွားတတ်သည်။ ထိုအတွက် ခင်ခင်ကြီး ပို၍သဘောကျသည်။ ဖေဖေမပါတော့ ပို၍ပျော်စရာကောင်းသည်။ ပို၍ မြူးထူးရသည်။ ပို၍ ရွှင်ပျရသည်။

ခင်ခင်ကြီးတို့လိုပင် သွားနေကြသော လူအုပ်၊ လှည်းအုပ်များကို မြင်ရသည်။ တနင်္ဂနွေနေ့ဖြစ်၍ အလုပ်များ၊ ရုံးများ၊ ကျောင်းများ ပိတ်သည်ဖြစ်ရာ မြို့လုံးကျွတ် နီးပါးပင် ဘုရားသို့ ရှေးရှုချီတက်ကြကုန်သည်ဟု ထင်မှတ်ဖွယ် ဖြစ်သည်။

ပင်းဘုရားသည် မြို့နှင့်လေးမိုင်မျှ ကွာလှမ်းသည်။ ပင်းချောင်းဝတွင် တည်ထားသည်။ ဘုရားဒါယကာမှာ အနော်ရထာမင်းဟု ဆိုပါသည်။ သထုံပြည်မှ ပိဋကတ်တော်များကိုပင့်အလာ ယင်းနေရာသို့အရောက်တွင် ဆင်မယဉ်သာသည် ရှေ့သို့ ခရီးမဆက်တော့ဘဲ အသေခံ၍ ဝပ်နေသည်။ ယင်းနေရာတွင် ဘုရားတည်ထားခြင်း ဖြစ်သည်။ ဘွဲ့မည်အပြည့်အစုံမှာ ပင်းစက္ကလမွ။

ရေနံချောင်းရှိဘုရားပွဲတော်များအနက် ပင်းဘုရားပွဲတော်သည် အစည်ကား အသိုက်မြိုက်ဆုံးပင်။ ပင်းဘုရား ပွဲတော်ကို မကွေးမြသလွန် ဘုရားပွဲတော်အပြီးမှာ ကျင်းပလေ့ရှိသည်။ မြသလွန်ဘုရားမှ ပွဲဈေးခင်းတစ်ခုလုံးလိုလို ပင်းသို့ပြောင်းလာသည်။ ဇာတ်ပွဲ၊ ရုပ်သေးရုပ်၊ ဈေးသည်များနှင့် စားသောက်ဆိုင်များ ပင်းတွင်လာရောက်တည်ခင်းသည်။ ထို့ကြောင့်လည်း မြသလွန်ဘုရားပွဲတော်ကဲ့သို့ပင် စည်ကားသိုက်မြိုက်ခြင်းရှိသည်။

လှည်းစ၍ထွက်ပြီဆိုလျှင်ပင် မလုံးတင်သည် တေးတစ်ပုဒ်ကို ညည်းစပြုလေသည်။




မြိုင်ထတစ်ပုဒ်ကို စ၍ဆိုသည်။

"မရှင်နှမ်းသလို၊ ခင်ပန်းမြိုင်နန်းတစ်ခို၊ မေပျို့ရွှေကိုယ် အသားဝင်း၊ ခြေကိုဆင်း၍ မလိုက်နိုင်ပါသကိုး၊ အလှမေမှာ သေလာစခန်း၊ ခြေနာလို့ မလှမ်းနိုင်ဘူး။ မထမ်း၊ ရင်မချီရင်၊ သည်တွင် ထိုင်တော့မယ်"

အချိန်မှာ မိုးမလင်းသေး။ လူလုံးမကွဲသေး။ လှည်းကလည်း ခေါင်မိုးပါသည်ဖြစ်၍ လှည်းအတွင်းသို့ လှမ်းမမြင်နိုင်။

အနီးအပါးရှိ လှည်းများမှ ကာလသားတစ်သိုက်သည် သီချင်းသံကြောင့် ခင်ခင်ကြီးတို့လှည်းကို ဂရုထားလာမိဟန်တူသည်။ သတိပြုလာမိဟန် တူသည်။ ခင်ခင်ကြီးတို့လှည်းနောက်သို့ လှည်းသုံးလေးစီး ဝိုင်းလာသည်။ ဩဘာသံ၊ ပွဲတောင်းသံ၊ ပါးစပ်ဆိုင်း လိုက်တီးသံများ ကြားရသည်။

စင်စစ် မလုံးတင်၏ အသံကလည်း မဆိုးလှ။ သီချင်းတွေကလည်း ရပါဘိ။ အိမ်မှာအိုးတိုက်၊ ပန်းကန်ဆေး၊ အဝတ်လျှော်ရာတွင်ပင် မလုံးတင် တေးတညည်းညည်းနှင့် နေတတ်သည်။

ယခုမှ ပညာခန်းပြရတော့မည်ဟု မှတ်ယူလေသည်လားမသိ။ မလုံးတင်က သီချင်းကို တစ်ပိုဒ်ကြော့၍ဆိုသည်။

"မထမ်းရင် မချီရင် သည်တွင်ထိုင်တော့မယ်" ဟု မလုံးတင်က ဆိုလိုက်သောအခါ အခြားလှည်းတစ်လှည်းမှ ယောကျ်ားသံတစ်သံ ထွက်လာသည်။

"ဟိုတောင်တန်းကျတော့ မောင်ထမ်းခေါ်မယ်၊ ဟိုတောင်ကွေ့ကျတော့ မောင်ပွေ့ခေါ်မယ်၊ ဟိုတောင်ရိုးကျတော့ မောင်ပိုးလို့ ခေါ်မယ်" ဆိုသော မလုံးတင်နှင့် အတိုင်အဖောက်ညီညီ အသံကြောင်အသံသေးဖြင့် ဆိုလိုက်သည့် အသံကို ကြားရသည်။ သည်တော့လည်း ခင်ခင်ကြီးတို့ ရယ်ကြရသည်။

မလုံးတင်က ဆက်၍ဆိုသည်။

"မေတစ်ပါး၊ ဖေမသနား၊ ရွှေအားတော်ငယ်၊ နှင်းပါ လေတော့တယ်။ ဒီမြိုင်လယ်ပျို တစ်ပါးကို ရှုစားပါတော့ကွယ်၊ မောင်ရယ်၊ အို ဖေမချစ်ရင် နေရစ်ပါတော့မယ်"

ထိုအခါ အနီးဝန်းကျင်ရှိ လှည်းများမှ "မနေရစ်ပါနဲ့ ဗျို့"ဆိုသော အသံများ ကျယ်လောင်ဆူညံစွာပေါ်ထွက်လာသည်။ တစ်ဆက်တည်းမှာပင် ရယ်မောသံများပါ ကြားရသည်။ လက်ခုပ်ဩဘာသံများလည်း ပေါ်ထွက်လာသည်။

မလုံးတင်၏ သီချင်းသံဆုံးလျှင် ဝိုင်း၍ တောင်းကြသည်။

"ဗျို့ ရွှေမင်းသမီး၊ လုပ်ပါဦးဗျ၊ နောက်တစ်ပုဒ်လောက်"

သည်တွင် မလုံးတင်က သီချင်းတစ်ပုဒ် စပြန်သည်။

"အကြောင်းစပေါ် အခြေခံနည်းတဲ့သူမို့၊ တပေါင်းလလို့ ရာသီပေါ်မှာ အော်ရွှေစာရံပွဲကိုလ၊ ချစ်တဲ့သူရဲ့ ဖေအမြန်ခဲပါလို့ ခေါ်လှည့်ရှင်...

"ထမင်းထုပ်ကယ်နဲ့ ဟင်းအုပ်ကလေးပါပျော်ပျော်၊ တူပွဲ၊ ပေါ်တော်မူစိန္တေယျဘုရားမှာ နားကြစို့ရှင်"

မလုံးတင်သည် ဆရာတင်ရေး၍ ရွှေခြေကျင်း မငွေမြိုင်ဆိုသော ရွှေစာရံသီချင်းကို ဆိုသည်။ ဘုရားဖူးသီချင်းဖြစ်၍ အခြေအနေနှင့် လိုက်ဖက်လှသည်။ ကာလသားတစ်သိုက် နှစ်ခြိုက်ပုံရသည်။

"ဟန်တစ်မျိုး ဒြပ်ဆင်ကာမောင်ရယ်၊ အခုလို အခြေအနေနဲ့ ပေါင်းချင်လိုတဲ့၊ ကန်ရိုးနတ်စင်မှာရှင် ဆုတွေတောင်းပြီးတော့၊ မြန်မြန်မောင်းမယ်ပ ဆယ့်နှစ်ရာသီ အချိန်တွင်၊ သရက်မဟာ မဟီတစ်ခွင်ကျခါမှ အညောင်းဖြေဆင်း ...။ ဆင်းလို့လည်း လမ်းလျှောက်ချင်။

"ငွေမြိုင်ကညာစင် မယားပျို့မဒီခင်၊ ရွှေစာရံကို သွားမလို့စီစဉ်၊ ဗိုလ်ကေမဟာလင် ယနေ့ညပူဆာမယ်ရှင်၊ လှည်းပြင်၊ လှည်းပြင်၊ ကို မလိုက်ချင်ရင် နေပါလားရှင်၊ သတင်းစာ ဖတ်ကာ အိမ်မှာစောင့်လို့ ငွေမြိုင်မလာခင်၊ နေရစ်လျှင်"

"မနေရစ်ခဲ့ဘူးဗျို့၊ တစ်ခါတည်းလိုက်မယ်"

တစ်စုံတစ်ယောက်က ဖောက်လိုက်ရာ ဝါးခနဲ ပွဲကျရပြန်သည်။

တစ်ယောက်က "လှည်းပြင်၊ လှည်းပြင်" ဆိုသည်ကို "ဖဲပြင်၊ ဖဲပြင်" ဟု နောက်သည်။

"ကလေးမရခင် သွားနိုင်သေးသရှင်"

"ဟုတ်ပါ့ ဟုတ်ပါ့ "

"လေးငါးခြောက်လ မကြာမီ အပျိုလိုလွတ်လပ်ပါတဲ့ခင်"

"ဒါ အမှန်ပဲဗျို့"

"တကယ်ပင် နည်းလမ်းကျလို့ ကျွန်မကိုပင်၊ ချစ်ပါလျှင်၊ ကြိုက်ပါလျှင်"

"ဘုရားစူး ချစ်ပါ့သဗျာ"

တစ်စထက်တစ်စ သီချင်းနားထောင်သည်ထက် ရွှတ်နောက် ကျီစယ်မှု လွန်ကဲလာသည်။ မလုံးတင်မှာ ဆက်ဆို၍ မရအောင်ဖြစ်လာသည်။

ခင်ခင်ကြီးတို့ကတော့ မလုံးတင်နှင့် ပရိသတ်တို့ အတိုင်အဖောက်ညီနေပုံကိုကြည့်ကာ ရယ်၍သာ နေမိကြသည်။ ရယ်ရလွန်း၍ ဝမ်းရေကြောများပင် နာလာသည်။

"တော်ပြီ၊ လူတွေကိုက သိပ်နောက်တာပဲ၊ မဆိုတော့ဘူး"

မလုံးတင် စိတ်ဆိုးသွားသည်။ သီချင်းကို ရပ်ပစ်သည်။

**ဆက်လက်ဖော်ပြပါမည်။**

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

**ရေနံချောင်းရှိ ဘုရားပွဲတော်များအနက် ပင်းဘုရားပွဲတော်သည် အစည်ကား အသိုက်မြိုက်ဆုံးပင်။ ပင်းဘုရားပွဲတော်ကို မကွေးမြသလွန် ဘုရားပွဲတော်အပြီးမှာ ကျင်းပလေ့ရှိသည်။ မြသလွန်ဘုရားမှ ပွဲဈေးခင်းတစ်ခုလုံးလိုလို ပင်းသို့ပြောင်းလာသည်။ ဇာတ်ပွဲ၊ ရုပ်သေးရုပ်၊ ဈေးသည်များနှင့် စားသောက်ဆိုင်များ ပင်းတွင်လာရောက်တည်ခင်းသည်။ ထို့ကြောင့်လည်း မြသလွန်ဘုရားပွဲတော်ကဲ့သို့ပင် စည်ကားသိုက်မြိုက် . . .**

# ကိုဗစ်ကာလအလွန် ခရီးစဉ်ဒေသသစ်ဖော်ဆောင်ထားသည့် ကျောက်ပန်းတောင်းမြို့နယ် လဲဂွရွာ၊ လက်ပံအိုင့်ရွာမှသည် ပုပ္ပားတောင်ပတ်လည်ခရီးစဉ်တစ်ခွင်သို့

**ကိုထိန်(KPD)**



ပုပ္ပားတောင်ပတ်လည်ခရီးစဉ်အတွင်း ပါဝင်သည့် သဘာဝကျောက်ရေကန်တစ်ကန်ကို တွေ့ရစဉ်။

မြန်မာပြည်အရပ်ရပ်မှ သဘာဝအလှတရားများရှိရာဒေသများ၊ ထူးခြားဆန်းကြယ်သောနေရာများ၊ သဘာဝကျောက်ရေအိုင်များ၊ ရေကန်များ၊ တောတွင်းစွန့်စားခရီးစဉ်သွားရောက်လိုသူများ၊ သစ်ခွမျိုးစိတ် စိတ်ဝင်စားသူများ၊ လိပ်ပြာမျိုးစုံ စိတ်ဝင်စားသူများအား လာရောက်လေ့လာလည်ပတ်နိုင်စေရန် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန (ပုဂံဌာနခွဲ) ရုံးမှ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ လာရောက်လည်ပတ်သည့်အခါ ခရီးစဉ်ဒေသငါးခုအပြင် ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင်မကြီးခရီးစဉ်အား တောတွင်းစွန့်စားခရီးစဉ်ဒေသအဖြစ် ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်းစဉ်တစ်ခုအဖြစ် ဖော်ဆောင်ထားရှိကြောင်း ညောင်ဦးမြို့နယ် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ပုဂံရုံးခွဲမှသိရသည်။

## ကြက်မောက်တောင်ဆည်၏ ရှုခင်းများကို လှေဖြင့်လေ့လာနိုင်

ပုဂံရှေးဟောင်းယဉ်ကျေးမှု ခရီးစဉ်ဒေသအပြင် ညောင်ဦးမြို့နှင့် မိုင် ၃၀ ခန့် ဝေးကွာသည့် ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင်မကြီးခရီးစဉ်အား ပုပ္ပားတောင်မကြီးတောင်ဘက်ခြမ်းရှိ ကျောက်ပန်းတောင်းမြို့မှ မိတ္ထီလာမြို့အထွက် ခုနစ်မိုင်ခန့်တွင် စတင်ဝင်ရောက်ရပြီး လဲဂွရွာ၊ လက်ပံအိုင့်ရွာသို့ စတင်ရောက်ရှိမည်ဖြစ်သည်။ လဲဂွရွာ၊ လက်ပံအိုင့်ရွာသို့မရောက်မီ မကျည်းတိုင်းအုပ်စု ပြည့်ဝရွာမြောက်ဘက် မတ်တစ်ထောင်(ငရုံ့တောင်) တန်းတွင် တည်ထားကိုးကွယ်ထားသည့် မဟာဗုဒ္ဓငါးထောင်၊ မဟာဗောဓိငါးထောင်ကို ဝင်ရောက်လေ့လာဖူးမြော်နိုင်ပြီး မဟာဗောဓိငါးထောင်၏အရှေ့ဘက်တွင် မြန်မာပြည်၌ ပထမဆုံးတည်ဆောက်ခဲ့သည့် ကြက်မောက်တောင်ဆည်၏ ပတ်ဝန်းကျင်ရှုခင်းများကို လှေဖြင့်လေ့လာနိုင်မည်ဖြစ်သည်။ ရုရှားနိုင်ငံမှ အင်ဂျင်နီယာများဖြင့် တည်ဆောက်ထားခဲ့သည့် ကျောက်ထက်အက္ခရာမော်ကွန်းကို ဖတ်မှတ်လေ့လာနိုင်ပြီး ကြက်မောက်တောင်ဆည်နယ်နိမိတ်များ၊ သတ်မှတ်ရေမှတ်တိုင်များ စိုက်ထူထားသည်များကို လေ့လာနိုင်ကြောင်း သိရသည်။

ကြက်မောက်တောင်ဆည်မှတစ်ဆင့် သုံးဖာလုံခန့်ကွာဝေးသည့် လဲဂွရွာထိပ်ရှိ ရွှေနတ်တောင်ဘုရားပွဲတော်တိုင်း ရွှေဖျင်းညီနောင်တို့ လာရောက်ဖူးမြော်သည့် ရွှေနတ်တောင်စေတီတော်အား ဖူးမြော်ကြည်ညိုနိုင်ကြောင်း၊ ထိုမှတစ်ဆင့် လဲဂွရွာ၏အနောက်ဘက် သုံးဖာလုံခန့်အကွာတွင် ငွေတွင်းတောင်စေတီကုန်းရှိ ငွေတွင်းတောင်စေတီနှင့်ဘုရားများ၊ လဲဂွရွာ၊ လက်ပံအိုင့်ရွာ၏ မြောက်ဘက်နှင့် အရှေ့မြောက်ဘက်တွင် သဘာဝအတိုင်းဖြစ်တည်နေသည့် ဂဲမိုးအိုင်၊ ဂဲတစ်လုံးဆို့အိုင်၊ ဗျောဗျောကျအိုင်၊ စကောဝိုင်းအိုင်၊ လက်ငါးချောင်းအိုင် ခေါ် ငါးကြင်းပုံအိုင်ကြီးများ သဘာဝအတိုင်းရေအပြည့်ဖြင့် တွေ့မြင်နိုင်ပြီး အနောက်ဘက်အခြေတွင် ကျောက်သားမိုးမျှော်လျှိုရိုးကြီးအတွင်း အေးမြကြည်လင်သည့်ရေများအတိုင်းဖြတ်ကာ သဘာဝကျောက်ကြားလျှိုကြီးကို အံ့သြဖွယ်တွေ့မြင်လေ့လာနိုင်မည်ဖြစ်သည်။

## ကျွမ်းကျင်လမ်းပြများနှင့် လိုက်ပို့ကြမည်ဖြစ်

ထိုအရပ်ဒေသအခေါ် ဂဲမိုးအိုင်သည် သဘာဝလေးထောင့်ကန်နက်ကြီးပေါ် ကျောက်ဆိုင်ကြီးမိုးနေသည့်သဏ္ဌာန်ရှိကြောင်း၊ ဗျောဗျောကျရေအိုင်သည် ရေတံခွန်အသေးစားသဖွယ်ဖြစ်နေပြီး လိုဏ်ထဲ ရေစီးကျသံတဗျောဗျောကြားခြင်းကြောင့် ခေါ်ကြကြောင်း၊ ဂဲတစ်လုံးဆို့အိုင်သည် ကျောက်နံရံနှစ်ခုကြား ကြီးမားသည့် ခဲလုံးကြီးဆို့နေသောကြောင့် ဂဲတစ်လုံးဆို့အိုင်ဟုခေါ်ဆိုကြောင်း၊ လက်ငါးချောင်းအိုင်သည် ကျောက်နံရံတွင် လက်ငါးချောင်းပုံထွက်နေပြီး ငါးကြင်းခန္ဓာကိုယ်နှင့်တူခြင်းကြောင့် ခေါ်ဝေါ်ခြင်းဖြစ်ကြောင်း၊ စကောဝိုင်းအိုင်သည် သဘာဝအတိုင်း ဝိုင်းဝိုင်းစက်စက်ဖြစ်နေခြင်းကြောင့် စကောဝိုင်းအိုင်ဟုခေါ်ကြောင်း သိရသည်။ ထိုမှတစ်ဆင့် ပုပ္ပားတောင်မကြီးတောင်ဘက်ခြမ်း သဘာဝတောတွင်းစွန့်စားခရီးစဉ်ကို ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ပုဂံရုံးခွဲမှ သင်တန်းပို့ချထားသည့် ကျွမ်းကျင်လမ်းပြများနှင့် မိမိတို့သွားလိုသည့်ခရီးစဉ်ကို လိုက်ပို့ကြမည်ဖြစ်ကြောင်း သိရသည်။

လျှိုမြောင်ခရီးစဉ်သွားလိုပါက လျှိုမြောင်အတိုင်း ထန်းလယ်ချောင်း၊ ထောင့်မုံးပင်အိုင့်၊ လက်တန်းပင်အိုင့်၊ ကြို့ပင်လယ်ကျင်းအိုင့်၊ လိပ်သည်းပင်အိုင့်၊ ငါးပေါအိုင့်၊ ဇရစ်ပွက်အိုင့်၊ ပေါက်ပင်လယ်ကျင်းအိုင့်များတွင် သဘာဝတောတောင်ရေမြေများ သဘာဝအတိုင်းလေ့လာနိုင်မည်ဖြစ်သည်။ ပုပ္ပားတောင်မကြီး တောင်ဘက်ခြမ်းသည် သဘာဝအတိုင်းကျန်ရှိနေသေးသည့် တစ်ခုတည်းသောသဘာဝပေါက်ပင်များ ပေါကြွယ်ဝစွာကျန်ရှိနေသေးသည့် ဇရိယာအလွန်ကျယ်သည့် သဘာဝတောကြီးဖြစ်ရာ ခရီးစဉ်ဒေသဖော်ဆောင်ခြင်းဖြင့် ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး သစ်တောပြုန်းတီးမှုရန်မှ ကာကွယ်ရာရောက်မည်ဖြစ်သည်။ သဘာဝရေထွက်များ လေ့လာလိုပါကလည်း ကြို့ချောင်းရေထွက်၊ ငဝစမ်းရေထွက်ကြီးများရှိနေသေးပြီး အဆိုပါရေထွက်ကြီးနှစ်ခုမှ ကျောက်ပန်းတောင်းမြို့ပေါ်နှင့် ဆည်ပေါက်စိုက်ပျိုးရေးခြံသို့ ရေပေးဝေနေသည်ကို လေ့လာနိုင်ကြောင်း၊ ရေထွက်ငယ်များဖြစ်သည့် ဩဇာတောရေထွက်၊ ဇရစ်ပွက်ရေထွက်နှင့် ငါးပေါအိုင့်ရေထွက်များကိုလည်း လေ့လာနိုင်မည်ဖြစ်သည်။ ပုပ္ပားတောင်မကြီးမှထွက်ရှိသည့် ရေထွက်များကို ဒေသခံများ လယ်ယာမြေလုပ်ကိုင်စားသောက်ခဲ့ရာ နှစ်ကာလကြာလာသည်နှင့်အမျှ သဘာဝဂေဟစနစ်များ ပျက်ယွင်းလာပြီး လယ်ယာမြေ လုပ်ကိုင်မရတော့သည့် ထန်းလယ်အိုင့်၊ ပေါက်ပင်အိုင့်၊ ထန်းလယ်ချောင်း၊ ကြို့ပင်လယ်ကျင်း လယ်ယာမြေများကို လေ့လာနိုင်မည်ဖြစ်သည်။

## သစ်ခွမျိုးစုံ ၅၀ ကျော်ရှိ

ပုပ္ပားတောင်မကြီးပတ်လည်တွင် သစ်ခွမျိုးစုံအမျိုးပေါင်း ၅၀ ကျော်ရှိပြီး ဖယောင်းသစ်ခွ၊ မိုးလုံးမှိုင်း၊ စာကလေးဂေါ်နီ၊ လိပ်ပြာသစ်ခွများသည် ဒေသမျိုးရင်းသစ်ခွများအဖြစ် နာမည်ကြီးကြောင်း၊ ရေထွက်များပတ်ဝန်းကျင်တွင်လည်း လိပ်ပြာမျိုးစိတ်များ အလွန်ပေါများသည့်အတွက် လေ့လာလိုသည့် မဟာတန်းသတ္တဗေဒကျောင်းသား ကျောင်းသူများနှင့် လေ့လာလိုသူများအတွက် သွားရောက်သင့်သည့်ခရီးစဉ်ဒေသဖြစ်နေပြီး ပုပ္ပားတောင်မကြီးထိပ်မှ မြောက်ဘက်အခြေ ချွန်းမချောက်ကြီးထဲတွင် ပုပ္ပားမျိုးစိတ်သစ်မျောက်မြီးရှည်ကိုလည်း ပုပ္ပားတောင်မကြီး ဘေးမဲ့တောဥယျာဉ်မှခွင့်ပြုချက်ဖြင့် လေ့လာနိုင်မည်ဖြစ်သည်။

ပုဂံရှေးဟောင်းယဉ်ကျေးမှုဇုန်မှတစ်ဆင့် ကျောက်မျက်မော်ဘုရား၊ သဲပြင်တောကျေးရွာရှိ ရွှေနတ်တောင်စေတီ ရှုခင်းကြည့်စေတီကုန်း၊ သက်စိုးတောင်ပေါ်ရှိ ကျောက်ရေကန်၊ ဇီးအိုကျေးရွာရှိ မန်ကျည်းကိုးခွနှင့် အင်ကြင်းတော၊ ငှါသရောက်မြို့ စက်စက်ယိုကျေးရွာမှ သျှောင်ပေစူးကျေးရွာနှင့် ပလင်းကမ်းသာယာဆင်စခန်းတို့အပြင် ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင်မကြီး တောင်ဘက်ခြမ်းခရီးစဉ်ကိုလည်း ကိုဗစ်ကာလအလွန် ရပ်ရွာအခြေပြုသဘာဝအခြေခံတောတွင်းခရီးစဉ်များကို သွားရောက်နိုင်မည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

**လဲဂွရွာ၏အနောက်ဘက် သုံးဖာလုံခန့်အကွာတွင် ငွေတွင်းတောင်စေတီကုန်းရှိ ငွေတွင်းတောင်စေတီနှင့်ဘုရားများ၊ လဲဂွရွာ၊ လက်ပံအိုင့်ရွာ၏ မြောက်ဘက်နှင့် အရှေ့မြောက်ဘက်တွင် သဘာဝအတိုင်းဖြစ်တည်နေသည့် ဂဲမိုးအိုင်၊ ဂဲတစ်လုံးဆို့အိုင်၊ ဗျောဗျောကျအိုင်၊ စကောဝိုင်းအိုင်၊ လက်ငါးချောင်းအိုင် ခေါ် ငါးကြင်းပုံအိုင်ကြီးများ သဘာဝအတိုင်းရေအပြည့်ဖြင့် တွေ့မြင်နိုင်ပြီး အနောက်ဘက်အခြေတွင် ကျောက်သားမိုးမျှော်လျှိုရိုးကြီးအတွင်း အေးမြကြည်လင်သည့်ရေများအတိုင်းဖြတ်ကာ သဘာဝကျောက်ကြားလျှိုကြီးကို အံ့သြဖွယ်တွေ့မြင်လေ့လာနိုင်**

# မှော်ဘီမြို့နယ်အတွင်းရှိ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ကွင်းဆင်းစစ်ဆေး

**ရန်ကုန် စက်တင်ဘာ ၂၆**

ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကရင်သင်တောရိုးကျေးရွာ၊ ရေတွင်းကုန်းလေးနှင့် နှောကုန်းကျေးရွာတို့တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ယနေ့နံနက်ပိုင်းက ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများအား တိုင်းဒေသကြီးတာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

## ကြည့်ရှုစစ်ဆေး

ထိုသို့ စစ်ဆေးရာတွင် ရန်ကုန်တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးဇော်ဇော်နောင်နှင့်အဖွဲ့သည် ကရင်သင်တောရိုးကျေးရွာတွင်၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဖြင့် ဆောင်ရွက်ပြီးစီးခဲ့သည့် ရွာတွင်းကွန်ကရစ်လမ်းနှင့် ၂၀၂၀-၂၀၂၁ဘဏ္ဍာနှစ် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေကျပ်သန်း ၂၀ ဒသမ ၉၀၉ ဖြင့် ဘရူနိုမားစ်ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်ခဲ့သည့် ကျေးရွာရေပေးရေးလုပ်ငန်းတို့အား ကြည့်ရှုစစ်ဆေးကြသည်။ ရေတွင်းကုန်းလေးကျေးရွာတွင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဖြင့် ဆောင်ရွက်ပြီးစီးခဲ့သည့် ရွာတွင်းကွန်ကရစ်လမ်းနှင့် နှောကုန်းကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

■




**အား**
**ကစား**
**မြင့်တင်**
**စိတ်**
**လန်းရှင်**
**ဆန့်ကျင်**
**မူးယစ်**
**ဆေး**

**သယံဇာတနှင့်**
**သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**
**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**
**ပြင်ပဝင်ပေါက်မှ ခေါ်ယူသည့်**
**ဒုတိယဦးစီးမှူး ရာထူး(၁၄၉)နေရာအတွက်**
**လူတွေ့အောင်မြင်သူစာရင်း ထုတ်ပြန်သည့်ကိစ္စ**
**အသိပေးကြေညာခြင်း**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်စာစစ်ဌာနများတွင် ၂၁-၉-၂၀၂၁ ရက်နေ့နှင့် ၂၂-၉-၂၀၂၁ ရက်နေ့တို့၌ လူတွေ့စစ်ဆေးခြင်း စာမေးပွဲဖြေဆိုခဲ့သည့် (လစာနှုန်းကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) ဒုတိယဦးစီးမှူးရာထူး (၁၄၉)နေရာအတွက် လူတွေ့အောင်မြင်သူအမည်စာရင်းအား မိမိတို့ဖြေဆိုခဲ့သည့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်ရုံးများ၌ ၂၇-၉-၂၀၂၁ ရက်နေ့တွင် ထုတ်ပြန်ကြေညာပေးထားပြီး ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

❖ ကျောဖုံးမှ

နိုင်ငံတော်အနေဖြင့် စိုက်ပျိုးရေးကဏ္ဍနှင့် ဆက်စပ်လျက်ရှိသည့် မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် လမ်းညွှန်မှုကြားမှုနှင့်အတူ ဝန်ကြီးဌာနများအနေဖြင့် မွေးမြူရေးနှင့် သားငါးကဏ္ဍထုတ်လုပ်တင်ပို့မှု ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မွေးမြူရေးကဏ္ဍတွင်လည်း တောင်သူနှင့် ထုတ်လုပ်သူများ ဈေးငွေများရရှိရန် ဆက်စပ်ဌာနများ၊ အဖွဲ့အစည်းများနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့ ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။

**ပြန်လည်တင်ပို့လျက်ရှိ**

ပြည်တွင်းသို့ အေးခဲအသားများတင်သွင်းခွင့်ကို ယခင်ကပိတ်ခဲ့ပြီး နိုင်ငံခြားခရီးသွားဝင်ရောက်မှုနှင့် ပြည်တွင်းစားသုံးမှုပုံစံပြောင်းလဲလာမှုတို့ကြောင့် အရည်အသွေးမြင့်အေးခဲအသားများတင်သွင်းခွင့်ကို စိစစ်ခွင့်ပြုခဲ့ရာ ၂၀၁၆ ခုနှစ်တွင် ကုမ္ပဏီ၂၇ ခုမှ ဘဲသားနှင့် ကြက်ဆင်သား ၁၇၃ ဒသမ ၃၆ တန် တင်သွင်းခဲ့ပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ကုမ္ပဏီ ၂၃ ခုမှ အေးခဲသားတန်ချိန် ၂၂၆၃ ဒသမ ၀၅ တန် တင်သွင်းခဲ့သည်။ ပြည်တွင်းသို့ အမဲသားနှင့် ကြက်သားတင်သွင်းမှုနှင့်အတူ ကျွဲသားကို အများဆုံးတင်သွင်းခဲ့ပြီး ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းများပိုမိုရရှိရန် ပြည်ပအေးခဲသားတင်သွင်းမှုမှ အသားခြောက်များပြုလုပ်၍ ပြည်ပသို့ အသားခြောက်များ ပြန်လည်တင်ပို့လျက်ရှိသည်။

သဘာဝနှင့် လိုက်ဘက်ညီသော ရေမြေရာသီဥတုကို ပိုင်ဆိုင်ထားသည့် မြန်မာနိုင်ငံတွင် မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုတွင် အခွင့်အလမ်းကောင်းများစွာ စောင့်ကြိုလျက်ရှိပြီး တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ခြင်း၊ မွေးမြူထုတ်လုပ်သည့် ပုဂ္ဂလိကကဏ္ဍများဖွံ့ဖြိုးလာခြင်း၊ ပို့ကုန်တိုးမြှင့်ရေးအတွက် အကောင်အထည်ဖော်ရာ၌ ပူးပေါင်းဆောင်ရွက်ခြင်း၊ ပို့ကုန်တိုးမြှင့်ရေးအတွက် အစီအမံကောင်းများ ရေးဆွဲအကောင်အထည်ဖော်ခြင်း၊ မျိုးကောင်းမျိုးသန့်နှင့် ခေတ်မီနည်းစနစ်အသုံးပြုနိုင်ရန် ဌာနဆိုင်ရာများပူးပေါင်းဆောင်ရွက်ခြင်းနှင့် မွေးမြူရေးတောင်သူနှင့် ထုတ်လုပ်သူတို့ လိုက်နာဆောင်ရွက်ရမည့် အခန်းကဏ္ဍအသီးသီးတို့ဖြင့် အသားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာဌာနတို့က ဖော်ဆောင်လျက်ရှိသည်။

**ကြိုးပမ်းဆောင်ရွက်နေ**

စိုက်ပျိုးရေးကိုအခြေခံသော မြန်မာနိုင်ငံတွင် မွေးမြူရေးကဏ္ဍဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် အထောက်အပံ့ကောင်းများရရှိစေမည်ဖြစ်ရာ နိုင်ငံတော်က စီမံကိန်းများချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ပြည်ပသို့ တိရစ္ဆာန်အရှင်တင်ပို့ခြင်းထက် တန်ဖိုးမြင့်နှင့် အရည်အသွေးမြင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်တင်ပို့နိုင်ရန် ကြိုးပမ်းဆောင်ရွက်နေကြောင်း သိရသည်။

သတင်း - ညိမ်းသူ(သတင်းစဉ်)
ဓာတ်ပုံ - ကနူး

**"ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၃/မာန်ပြေရပ်ကွက်၊ မာန်ပြေ(၂၁)လမ်းအနောက်၊ မြေကွက်အမှတ်(၁၃၄၄/ခ)၊ အိမ်အမှတ်(၂၃)ဟုခေါ်တွင်သော ဦးသက်ရှည် အမည်ပေါက် အကျယ်အဝန်း ပေ(၂၀x၆၀)အနက်မှ (ခေါင်းရင်းခြမ်း) အကျယ်အဝန်း ပေ(၁၀x၆၀)ရှိ မြေကွက်နှင့်နေအိမ် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်နိုင်ပါကြောင်း"**

အထက်ဖော်ပြပါ မြေနှင့်အိမ်အား အမည်ပေါက်နှင့်ဇနီး ကွယ်လွန်သဖြင့် အမည်ပေါက်၏သားသမီးများဖြစ်ကြသော ဦးစံရီ[၁၂/သကတ(နိုင်)၀၃၆၇၀၂]နှင့် ဦးသောင်းဝင်း[၁၂/သကတ(နိုင်)၀၃၀၇၈၂]တို့မှ ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်း၍ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်ညွန့်ဝေ[၁၂/မဂတ(နိုင်)၀၅၄၇၆၂]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက တိကျခိုင်လုံသော အထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ညွန့်ဝေ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင်းဝင်းခိုင်(LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၁၇)**
**အမှတ်(၂၃၈)၊ မာန်ပြေ(၆)လမ်းအရှေ့၊ ၃/မာန်ပြေရပ်ကွက်၊**
**သာကေတမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၃၀၆၅၉၃၉**




**ကန့်ကွက်နိုင်ပါသည်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃) မေတ္တာလမ်း၊ မြေကွက်အမှတ်(၉/ခ)ဂရန်အမည်ပေါက် ဦးမောင်မြင့် [၃/ကကရ(နိုင်)၀၃၅၇၃၉]ထံမှ စရန်ငွေတစ်စိတ်တစ်ဒေသပေးချေဝယ်ယူထားပြီးဖြစ်ပါသည်။ ၎င်းမြေကွက်နှင့်ပတ်သက်၍ ရောင်းဝယ်မှုအပေါ် ကန့်ကွက်ခြင်း၊ တားမြစ်ခြင်းရှိပါက ယခုကြေညာသည့်ရက်မှစ၍ (၁၄)ရက်အတွင်း တရားဝင်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်သည်အထိ ကန့်ကွက်သူမရှိပါက ရောင်းသူ/ဝယ်သူ နှစ်ဦးသဘောတူစာချုပ်အတိုင်း အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ဦးဝင်းလွင် [၁၂/ပဇတ(နိုင်)၀၁၅၀၄၇]**
**ဒေါ်ခင်ချိုဦး [၁၂/ကတန(နိုင်)၀၀၅၉၁၀]**

**အထူးကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းခြင်း**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁၀)ရပ်ကွက်၊ အင်းလျားရိပ်သာလမ်း၊ အမှတ်-၁၃(က)နေ ဒေါ်နှင်းသီတာ[၅/စကန(နိုင်)၁၄၇၁၈၀]မှ အမှတ် (၃၃၅)၊ မြိတ်လမ်းဟောင်း၊ ၆၆ ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့ ဦးသောင်းဝင်း[၁၂/သကတ(နိုင်)၁၂၄၉၃၄] ထံသို့ ၂၇-၅-၂၀၂၁ ရက်တွင် ရန်ကုန်မြို့စာချုပ်စာတမ်းရုံး၌ လွှဲအပ်ပေးခဲ့သော အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၂၄၀၀/၂၀၂၁)အား ဤကြော်ငြာပါသည့်ရက်မှစ၍ အထူးကိုယ်စားလှယ်လွှဲစာအား ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်း ကြေညာအပ်ပါသည်။ **ဒေါ်နှင်းသီတာ[၅/စကန(နိုင်)၁၄၇၁၈၀]**

**ဖုန်း-၀၉-၄၂၀၁၈၃၄၂**

**(၁၃-၉-၂၀၂၁)ရက်နေ့ထုတ် ကြေးမုံသတင်းစာ၊ စာမျက်နှာ(၃၁)ကြေညာချက်ပါ ဒေါ်ခင်မာလာ [၁၂/မဂတ(နိုင်)၀၁၄၇၀၇]၏ လွှဲအပ်ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေ ဒေါ်အေးအေးအောင်၏ "အများသိစေရန်ကြေညာခြင်း"အပေါ် အများသိစေရန် ရှင်းလင်းကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့မမြောက်ရပ်ကွက်၊ အောင်မင်္ဂလာ(၂)လမ်း၊ အမှတ်(၁၉)၊ (C-၃လွှာ)နေ ဦးထွန်းမင်းလတ်[၁၄/ပတန(နိုင်)၁၀၇၇၉၈]၊ ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့နယ်၊ မရမ်းကျေးရွာအုပ်စု၊ အေးပုံစုရွာတွင်နေထိုင်ကြသော ဒေါ်ဂျူမွှာဘီ(ခ)ဒေါ်သန်းသန်းဝင်း[၁၄/ပတန(နိုင်)၀၁၀၅၈၇]၊ ဒေါ်တင်ဝင်း[၁၄/ပတန(နိုင်)၀၁၀၈၁၆]၊ မရမ်းကျေးရွာတွင်နေထိုင်ကြသော မမင်းမင်းထွေး[၁၄/ပတန(နိုင်)၁၀၇၈၁၆]၊ ကိုနေမင်းထွန်း[၁၄/ပတန(နိုင်)၁၂၁၆၁၄]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ရှင်းလင်းကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေများတို့နှင့် ဒေါ်ခင်မာလာ၏ခင်ပွန်း ဦးစန်းကြိုင်၏ဖခင် ဦးကာသီသည် ဦးချိုကြီးပိုင်ဆိုင်လက်ရှိဖြစ်သော ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ပန်းတနော်မြို့နယ်၊ မရမ်းကျေးရွာအုပ်စု၊ မရမ်းကျေးရွာရှိ (အနံ ၄၈ ပေx အလျား ၆၀ ပေ)ရှိ ခြံမြေကို မိမိပိုင်ငွေကြေးဖြင့် ဝယ်ယူလက်ဝယ်ထားရှိခဲ့ပြီး နေအိမ်ဆောက်လုပ်ကာ ဇနီးဖြစ်သူ ဒေါ်ဘူဒီ၊ သမီးဖြစ်သူ မမင်းမင်းထွေး၊ သားဖြစ်သူ ကိုနေမင်းထွန်းမိသားစုတို့နှင့်အတူ သေဆုံးသည့်တိုင်နေထိုင်ခဲ့ကြခြင်းဖြစ်ပါသည်။ မည်သူတစ်ဦးတစ်ယောက်၏အမည်ခံ(အမည်ငှား)အဖြစ် ဝယ်ယူခဲ့ခြင်း မဟုတ်သလို၊ မည်သူ၏ခွင့်ပြုချက်ဖြင့် နေထိုင်ခဲ့ခြင်းလည်းမဟုတ်ခဲ့ပါ။ ကျွန်ုပ်၏မိတ်ဆွေများတို့သည် ဖခင်နှင့်မိခင်တို့အား စောင့်ရှောက်ပေးရန်အတွက် သားဖြစ်သူ ဒေါ်ခင်မာလာ၏ခင်ပွန်း ဦးစန်းကြိုင်အား ဘဏ်စာအုပ်ပေးအပ်၍ ထောက်ပံ့ပေးခြင်း၊ အိမ်ခြံမြေပိုင်ဆိုင်မှုစာချုပ်စာတမ်းများ အပ်နှံထားခြင်းတို့ဖြင့် ယုံကြည်စိတ်ချစွာထိန်းသိမ်းစေခဲ့ကြခြင်းဖြစ်ပါသည်။ ကျွန်ုပ်မိတ်ဆွေများ၏ဖခင်ဖြစ်သူ ဦးကာသီနှင့် သားဖြစ်သူ ဦးစန်းကြိုင်တို့ကြားတွင် ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ပန်းတနော်မြို့နယ်၊ မရမ်းကျေးရွာအုပ်စု၊ မရမ်းကျေးရွာရှိ (အနံ ၄၈ ပေx အလျား ၆၀ ပေ)ရှိ အိမ်ခြံနှင့် ပတ်သက်၍ မည်သည့်အရှုပ်အရှင်း တစ်စုံတစ်ရာမရှိခဲ့သလို၊ မည်သည့် "ဝန်ခံသဘောတူကတိစာချုပ်" တစ်စုံတစ်ရာချုပ်ဆိုခဲ့ခြင်းလည်းမရှိခဲ့ပါ။ ကျွန်ုပ်မိတ်ဆွေများ၏ဖခင် ဦးကာသီ ဝယ်ယူလက်ဝယ်ပိုင်ဆိုင်လျက်ရှိခဲ့သော အထက်ပါအိမ်ခြံမြေသည် ဦးကာသီ၏ အမွေစားအမွေခံ၊ သားသမီး၊ မြေးမြစ်တို့ အစ္စလာမ်တရားဥပဒေအရ နေထိုင်အကျိုးခံစားခွင့်ရှိသော အမွေဆိုင်အိမ်ခြံမြေဖြစ်ပါသည်။ ဒေါ်ခင်မာလာနှင့်သားများ မိသားတစ်စုတည်းပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသော အိမ်ခြံမြေမဟုတ်ပါ။ လက်ရှိနေထိုင်သော ဦးကာသီ၏အမွေစားအမွေခံများအား ဒေါ်ခင်မာလာမှ မိမိသဘောဖြင့် နှင်ထုတ်ခြင်း၊ လွှဲပြောင်းရောင်းချခြင်း၊ ပေါင်နှံပေးကမ်း၊ စွန့်လွှတ်လှူဒါန်းခွင့်မရှိပါကြောင်းနှင့် ဒေါ်ခင်မာလာမှ ဦးကာသီကျန်ရစ်သော အထက်ဖော်ပြပါအမွေဆိုင်ပစ္စည်းအပေါ် မိမိတစ်ဦးတည်းသဘောဖြင့် လက်ရှိနေထိုင်သူ အမွေခံများအား စိတ်ပြိုငြင်စေရန်ပြုမူခြင်း၊ လွှဲပြောင်းခြင်းပြုလုပ်ပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ရှင်းလင်းကြေညာအပ်ပါသည်။

| **လွှဲအပ်ညွှန်ကြားသူများ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
|---|---|
| **ဦးထွန်းမင်းလတ်** | **ဒေါ်အေးနန္ဒာ** |
| **ဒေါ်ဂျူမွှာဘီ(ခ)ဒေါ်သန်းသန်းဝင်း** | **(LL.B,D.BL,D.ML,D.IL)** |
| **ဒေါ်တင်ဝင်း** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၂၃၈/၂၀၁၂)** |
| **မမင်းမင်းထွေး** | **ဖုန်း-၀၉-၇၃၁၁၂၉၁၀၊ ၀၉-၂၅၄၆၁၇၂၂၁** |
| **မောင်နေမင်းထွန်း** | **ဒေါ်မြသီတာဖြိုးဝေ(LL.B,D.BL)** |
| | **အထက်တန်းရှေ့နေ (စဉ်-၅၀၉၈၉/၂၀၁၉)** |
| | **ဖုန်း-၀၉-၄၂၀၁၂၈၆၇၁** |

**အိမ်ခြံမြေရောင်းမည်**

မြေအကျယ် ပေ(၃၀x ၈၀)၊ အိမ်အကျယ် ပေ(၂၀x၄၀) တိုက်ခံ(၂)ထပ် ရွာမအနောက်၊ နယ်မြေ(၉) မြို့ပတ်လမ်း၊ အင်းစိန်မြို့နယ်။

**ဈေးနှုန်း-သိန်း၂၅၀၀/-**
**ညှိနှိုင်းရန်**

**ဆက်သွယ်ရန်ဖုန်း-၀၉-၄၂၈၅၀၃၀၆၇**

**"ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၃/မာန်ပြေရပ်ကွက်၊ မာန်ပြေ(၂၁)လမ်းအနောက်၊ (၁၃၄၄/ခ)၊ အိမ်အမှတ်(၂၃)ဟုခေါ်တွင်သော ဦးသက်ရှည်အမည်ပေါက် အကျယ်အဝန်း ပေ(၂၀x၆၀)အနက်မှ (ခြေရင်းခြမ်း) အကျယ်အဝန်း ပေ(၁၀x၆၀)ရှိ မြေကွက်နှင့် နေအိမ်အကျိုးခံစားခွင့် အရပ်ရပ်တို့အား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်နိုင်ပါကြောင်း"**

အထက်ဖော်ပြပါ မြေနှင့်အိမ်အား အမည်ပေါက် ကွယ်လွန်သဖြင့် အမည်ပေါက်၏ သားသမီးများထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ဝင်းဝင်းဝါ[၁၂/သကတ(နိုင်)၀၉၄၉၉၃]မှ ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်း၍ တရားဝင် လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ညွန့်ဝေ[၁၂/မဂတ(နိုင်)၀၅၄၇၆၂]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက တိကျခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ညွန့်ဝေ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင်းဝင်းခိုင်(LL.B)၊ တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၁၇)**
**အမှတ်(၂၃၈)၊ မာန်ပြေ(၆)လမ်းအရှေ့၊ ၃/မာန်ပြေရပ်ကွက်၊ သာကေတမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၄၃၀၆၅၉၃၉**

**ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း**

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၃/ ပေါင်းလောင်း-၃)၊ မြေကွက်အမှတ်(၁၆၃၆)၊ ဧရိယာ(၀.၀၅၅)ဧကရှိ ဦးမြင့်သိန်းအမည်ပေါက် (၁၀)နှစ်ဂရန် (သက်တမ်းကုန်)မြေကွက်အား ဒေါ်မီမီကျော်[၉/ပမန(နိုင်)၁၃၂၃၈၅]မှ အရောင်းအဝယ်စာချုပ်၊ ဝယ်ယူပိုင်ဆိုင်ကြောင်း ကျမ်းကျိန်ဆိုချက်၊ ပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုချက်၊ ရပ်ကွက်/ရဲစခန်း ထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး **မြေငှားစာချုပ်သစ်** လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ **မြေငှားစာချုပ်သစ်**လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး**
**ကော်မတီ**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၂)၊ လူနေရပ်ကွက်အမှတ်-ရွှေစံပယ်အိမ်ရာစီမံကိန်း၊ မြေကွက်အမှတ်(၃)၊ ဧရိယာ(၀.၀၅၅)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၄)ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ ရွှေစံပယ်ရိပ်မွန်၊ တိုက်အမှတ်(၁၅)ဟုခေါ်တွင်သော နေအိမ်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိထားအမည်ပေါက်ပိုင်ဆိုင်လျက်ရှိသူ ဦးကြည်ဝင်း[၁၂/ပဇတ(နိုင်)၀၁၅၇၃၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေ ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံတွင် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| **ဒေါ်အေးကျော့ဆွေ(LL.B)** | **ဒေါ်သက်ဆုလွင်မောင်(LL.B)** |
|---|---|
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၉၇၉၇)** | **(စဉ်-၁၆၆၆၄)** |

**အမှတ်(၉၇)၊ ပထမထပ်၊ (၃၉)လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၇၉၉၉၃၄၃၅၃၊ ၀၉-၇၈၅၀၀၉၈၉၃**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







မွှာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | မွှာရုံ(၂၁၃×၉၀×၄၆)ပေ | ၈၇၃၀. ၂၀ | ၁ လုံး | - | ၁ လုံး |
| ၂။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) | ၄၃၂၀ | ၁ ခု | - | ၁ ခု |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅ | ၁၈ ခု | - | ၁၈ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ(၁)တိုင်) | ၄၉၄ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း | ၄ ခန်း | ၁၉၆ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁ | ၄၅၅ ခန်း | ၁၄ ခန်း | ၄၄၁ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၁၂ တိုင် | ၃၈ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၂၉ တိုင် | ၁၅၁ တိုင် |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၅၁ ခု | ၆၀၁ ခု |
| ၁၀။ | စကျင်ကျောက်ပြား တစ်ကျင်း | ၄. ၇ | ၂၁၁၉. ၅၃ ကျင်း | ၆ ကျင်း | ၂၁၁၃. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှုနှင့် Expansion Joint) | ၄. ၁ | ၂၁၈. ၁၄ ကျင်း | ၁၀ ကျင်း | ၂၀၈. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထု ခင်းကျင်း | ၃. ၆ | ၅၉၁၀. ၆၆ ကျင်း | ၉ ကျင်း | ၅၉၀၁. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်း | ၂ | ၁၇၃၆. ၀၈ ကျင်း | ၃၅ ကျင်း | ၁၇၀၁. ၀၈ ကျင်း |
| ၁၄။ | Garden Light (၁ မီတာ(၁)တိုင်) | ၁. ၂ | ၉၀ တိုင် | ၂၆ တိုင် | ၆၄ တိုင် |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၁၅။ | မုစလိန္ဒအိုင်(၁ ကန်) | | |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆ | ၁ ခု |
| | (ခ) အဝင်မုခ်အဆောက်အဦ ပင်မလှေကား(၃၅ ပေ×၃၂ ပေ) | ၅၆၂ | ၁ စင်း |
| | (ဂ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄ | ၁ ကန် |
| | (ဃ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇ | ၁ ခု |
| | (င) ရေကန်အပြင်ပတ်လမ်း၊ ဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈ | ၁ ခု |
| | (စ) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃ | ၇၄ တိုင် |
| ၁၆။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၁၇။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## ဒေါ်သန်းမြင့်
## အသက်(၇၈)နှစ်

မြင်းခြံမြို့နေ (ဦးမောင်လေး–ဒေါ်ခင်လေး)တို့၏သမီး၊ (ဒေါ်ခင်ရီ)၊ (ဦးတင်ဝင်း)၊ ဒေါ်ရင်ရင်တို့၏ညီမ၊ ဒေါ်ထူးထူး၏ အစ်မ၊ (ဦးအောင်သိန်း)၏ ဇနီး၊ (ကိုဇော်သိန်း)၊ ကိုစိုးမြင့်သိန်း–မမြင့်မြင့်ထွေး၊ မဖြူဖြူအောင်၊ ကိုမင်းသိန်း– မဆွေဇင်၊ Capt. နေလင်းအောင်–မလှဲ့ဝါဖြူညွန့်သိန်းတို့၏ ကျေးဇူးရှင်မိခင်၊ မြေးငါးယောက်တို့၏အဘွား၊ နွားထိုးကြီး မြို့နေ ဒေါ်သန်းမြင့်သည် ၂၅–၉–၂၀၂၂ရက်တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးဆွေမျိုးမိတ်ဆွေများ အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

### ကျောင်းဒါယကာကြီး
## ဦးခင်မောင်မြင့်(MASTER)
CDC–15861

UNITEAM MARINE(Yangon) Limited

## အသက်(၅၆)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၃၄)ရပ်ကွက်၊ သရဖီလမ်း၊ အမှတ်(၁၃/၁၄)နေ [ဦးတင်မြင့်(ခ)တင်လှ–ဒေါ်လှမြင့်]တို့၏သား၊ (ဦးကြည်ဝင်း–ဒေါ်ခင်ငွေးမြင့်)တို့၏သားသမက်၊ ဦးနိုင်အောင်–(ဒေါ်ရီရီဝင်း)၊ ဦးဝေလွင်–ဒေါ်မြင့်မြင့်စိုး၊ ဦးခင်မောင်ဆွေ–ဒေါ်ရွှေရွှေမြင့်တို့၏ ညီ/မောင်၊ ဒေါ်ရီရီမြင့်၏အစ်ကို၊ ဒေါ်သန္တာလင်း၏ ချစ်လှစွာသောခင်ပွန်း ဦးခင်မောင်မြင့်သည် ၁၉–၉–၂၀၂၂ (တနင်္လာနေ့) နံနက် ၈:၃၀ နာရီတွင် အာယုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ကြွင်းကျန်ရစ် သော ရုပ်ကလာပ်ကို ရေဝေးသုသာန်၌ ကောင်းမွန်စွာသင်္ဂြိုဟ်ပြီး ဖြစ်ပါ ကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

### ခရစ်တော်၌အိပ်ပျော်ခြင်း
## စောလေးဝါးထူး (စင်ကာပူ)
## အသက်(၅၀)

မော်လမြိုင်၊ ခရစ်ယာန်အရေပြားဆေးရုံ (ဒေါက်တာ စောဝါးထူး–ဒေါ်နော်သာပလေး) တို့၏သားကြီး၊ အင်းစိန် မြို့နယ်နေ ဦးသာငြိမ်း–ဒေါ်ခင်သန်းဝင်းတို့၏သားသမက်၊ မသင်းသင်းထူး၏ခင်ပွန်း၊ ဖိုးသာထူး(ခ) Joseph Htoo၊ ဖိုးသာဝါး(ခ) Joshua Htoo တို့၏ဖခင်၊ စောဒေးဝါထူး– နော်ဆာထူး၊ စောဘလေးဝါးထူး–မချောစုရိန်တို့၏ အစ်ကို ကြီး စောလေးဝါးထူးသည် ၂၆–၉–၂၀၂၂(တနင်္ဂနွေနေ့) စင်ကာပူစံတော်ချိန် ၁၂:၃၀နာရီတွင် စင်ကာပူ၌ ခရစ် တော်၌ အိပ်ပျော်သွားပြီဖြစ်ကြောင်း အကြောင်းကြား အပ်ပါသည်။ ကျန်ရစ်သူမိသားစု

## (၃)နှစ်ပြည့် အလှူအမျှပေးဝေခြင်း
### (ဆရာမ–ဒေါ်ခင်သန်းတင်)
### အထပြ၊ အထက–၂–လသာ(ငြိမ်း)
### (၂၇–၉–၂၀၁၈ နေ့ ကွယ်လွန်သည်)

ကွယ်လွန်သူ အစ်မ ဒေါ်ခင်သန်းတင်နှင့်တကွ ကွယ်လွန်သူ မိဘ၊ ဆွေမျိုးများအားလုံးအားရည်စူး၍ သံဃာတော် (၂၄၉) ပါး သီတင်းသုံးသည့်လင်းလွန်ပင် ပရိယတ္တိစာသင်တိုက်အား–

- ၇–၈–၂၀၂၂ – အရုဏ်ဆွမ်းအလှူဒါန
- ၁၆–၉–၂၀၂၂ နေ့ဆွမ်းဟင်းအလှူဒါန
- ၁၇–၉–၂၀၂၂ အရုဏ်ဆွမ်းဟင်း အလှူဒါန၊ အရန်ဟင်းအတွက် ဟင်းသီးဟင်းရွက်သစ်သီးဝလံများ အလှူဒါန
- ဆရာတော်နှင့် ဘုန်းတော်ကြီးများအား နဝကမ္မငွေ လှူဒါန်းခြင်း
- မိုးကုတ်ဆရာတော်ဘုရားကြီး၊ မဟာစည်ဆရာတော်ဘုရားကြီး များ၏ ဝိပဿနာ တရားစာအုပ်များဓမ္မဒါန အလှူများကို အမျှ– အမျှ–အမျှ ပေးဝေပါ၏။
- အားလုံးကုသိုလ်အမျှရရှိ၍ ဝမ်းမြောက်စွာ သာဓုခေါ်ဆိုနိုင်ကြပါစေ။

ကျန်ရစ်သူမိသားစု

## လွမ်းဆွတ်သတိရခြင်း
## ဦးသိန်းဇံ
### ညွှန်ကြားရေးမှူး(ငြိမ်း)
## အသက်(၈၂)နှစ်

၂၇–၇–၂၀၂၂ရက် ည ၈ နာရီခန့်က ရုတ်တရက် နှလုံးရောဂါဖြင့် ကွယ်လွန်ခဲ့သော(အငြိမ်းစား ငွေစာရင်းမင်းကြီး သရေစည်သူ ဆရာကြီးဦးဘခင်–ဒေါ်အုန်းသွင်)တို့၏ တစ်ဦးတည်းသောသား ကျေးဇူးရှင်ဖခင်ကြီးအား အခါခါကုသိုလ်ကောင်းမှု ပြုရင်းနေ့စဉ်သတိရ တမ်းတနေဆဲပါ။ ကျေးဇူးရှင် ဖခင်ကြီးပြုခဲ့သော ဒါန၊ သီလ ဘာဝနာ ကုသိုလ်များ ကြောင့် မြင့်မြတ်သော ဘုံဘဝသို့ ရောက်ရှိနေပြီလို့ ယုံကြည်လျက်ပါ ဖေဖေ........

ချစ်ဇနီး– ဒေါ်စန်းစန်းမြင့်
ချစ်သမီးကြီး– ခက်ခက်
ချစ်သမီးငယ်–စန္ဒီ

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဒုတိယဗိုလ်မှူးကြီးမြင့်ထွန်း(ငြိမ်း)
## ကြည်း(၇၂၀၃)၊ OTS–15
## ဗိုလ်သင်တန်းကျောင်းအုပ်ကြီး(ငြိမ်း)
## အသက်(၉၀)

ပဲခူးမြို့၊ ရှင်စောပုရပ်ကွက်၊ ထန်းတပင်(၄)လမ်းနေ (ဒေါ်ခင်အုန်း)၏ ချစ်လှစွာသော ခင်ပွန်း၊ [ဗိုလ်ညွှန့်သန်း(တေဇ–၇)]၊ နေပြည်တော်နေ ဦးဟန်ဝင်းအောင်(ညွှန်ကြားရေး မှူးချုပ်)–ဗိုလ်ကြီးညွှန့်ညွှန့်ဝေ(ငြိမ်း)၊ (ဦးလွင်လွင်ထွန်း)–ဒေါ်လှဲ့လှဲ့ဝင်း(အ.ထ.က–၁၊ ပဲခူး)၊ ဦးအောင်ဇော်မိုး–ဒေါ်ခင်မိုးဝေ(အ.ထ.က–၁၊ ပဲခူး)၊ ဦးတင်ထွန်း–ဒေါ်သော်တာရွှေတို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မြေး ၁၀ယောက်၊ မြစ် လေးယောက်တို့၏ဘိုးဘိုးကြီးသည် ၂၆–၉– ၂၀၂၂ (တနင်္လာနေ့) နံနက် ၁၁:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈–၉–၂၀၂၂ (အင်္ဂါနေ့)မွန်းတည့် ၁၂ နာရီတွင် ပဲခူးမြို့၊ ဆင်ဖြူကွင်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ် မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

၂၀၀၉ခုနှစ်မှစတင်ကာ ရန်ကုန်ယူနိုက်တက်အသင်း၏ ကျန်းမာရေးကိစ္စရပ်များကို အကောင်းဆုံး ထမ်းဆောင်ပြီး ဝန်ထမ်းကောင်း တစ်ဦးအဖြစ် တာဝန်ကျေပွန်ခဲ့သော ဦးမြင့်ဌေး အသက်(၃၄)နှစ် သည် ၂၆–၉–၂၀၂၂ရက် နံနက် ၁:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုများနှင့် ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်ယူနိုက်တက်ဘောလုံးအသင်းဥက္ကဋ္ဌ ဦးပြည့်ဖြိုးတေဇနှင့် အုပ်ချုပ်မှုအဖွဲ့၊ နည်းပြ၊ ကစားသမားများနှင့် အသင်းဝန်ထမ်းမိသားစုဝင်များ**

### အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်–သန်လျင်တံတားအနီး၊ ကြယ်စင် မြို့တော်အိမ်ရာစီမံကိန်းအတွင်းရှိ သံလွင်ရိပ်မွန်အိမ်ရာစီမံကိန်းအဆင့်၊ တိုက်အမှတ်(ဘီ–၄)၊ အခန်းအမှတ်(၁၂၀၅)၊ အမျိုးအစား(စီ)ခန့်မှန်းခြေ ကြမ်းခင်းဧရိယာ(၆၅၁)ရှိတိုက်ခန်းနှင့် ယင်းတိုက်ခန်းရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သဇင်ဦး [၁၂/မရက (နိုင်)၀၀၇၂၉၆]မှ (၂၀–၇–၂၀၂၂)ရက်စွဲပါ "ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်း တိုက်ခန်းအရောင်းအဝယ်ကတိစာချုပ်"ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ဝယ် ထားရှိသော တိုက်ခန်းဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ငြိမ်းငြိမ်းအောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၄၁၁)**
**အမှတ်(၁၈)၊ ဥက္ကာ(၁)လမ်း၊ (ဂ)ရပ်ကွက်၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၅၀၄၂၂၉၆**

### အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ မြေကွက်အမှတ်(၈၅၈/က)၊ သံသုမာလမ်း၊ မြေအကျယ်အဝန်း(၂၁'x၆၀')၊ ဧရိယာ(၀.၀၂၉)ဧကရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ဌေးဌေးဝင်း[၁၀/သဖရ(နိုင်)၀၀၀၂၃၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေ အဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့် နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက် သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ငြိမ်းငြိမ်းအောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၄၁၁)**
**အမှတ်(၁၈)၊ ဥက္ကာ(၁)လမ်း၊ (ဂ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း–၀၉–၅၀၄၂၂၉၆**

### ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ပျဉ်းမနား မြို့နယ်၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်း ရပ်ကွက်အမှတ်၊ ၃၃/ပေါင်းလောင်း–၁၊ ဧရိယာ(၀.၀၅၅)ဧကရှိ ဒုအရာခံဗိုလ် စိုးမြိုင်အမည်ပေါက် ပါမစ်မြေကွက်အမှတ် (၁၆၀၀)နှင့် ဒုအရာခံဗိုလ်ကျော်စိုးအမည် ပေါက် မြေကွက်အမှတ်(၁၆၀၁)တို့အား ဒေါ်ဝင်းစန္ဒာဌေး[၉/မနမ(နိုင်)၁၂၀၃၉၅] မှ ပျဉ်းမနားမြို့ မြို့မြေတိုင်းချဲ့နေရာချ ထားရေးကော်မတီသို့ ပေးသွင်းထားသည့် မြေကွက်တန်ဖိုး ငွေသွင်းပြေစာ၊ အရောင်း အဝယ်စာချုပ်၊ ဝယ်ယူပိုင်ဆိုင်ကြောင်း ကျမ်းကျိန်ဆိုချက်၊ ရပ်ကွက်/ရဲစခန်း ထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများ တင်ပြပြီး မြေငှားစာချုပ်လျှောက်ထား လာပါသဖြင့် ကန့်ကွက်လိုသူများအနေ ဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်း များ၊ တရားရုံးအမိန့်ဒီကရီများ အထောက် အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံ ကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာ ချက်ပါရှိသည့်နေ့ရက်မှစ၍ (၁၅)ရက် အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း နှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှု မရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့် အညီ မြေငှားစာချုပ်လျှောက်ထားလာမှု အား ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး ကော်မတီ**

### "သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း"

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဘလုတ်ညွှန့်ရပ်ကွက်၊ သန္တာလမ်း၊ အိမ်အမှတ်(၃၁)နေ ဦးလှသိန်း[၁၄/ဒဒရ(နိုင်)၀၀၂၈၄၀]နှင့် ဒေါ်စိန်ဌေး[၁၄/ဒဒရ (နိုင်)၀၀၂၈၄၁]တို့၏ တတိယသားဖြစ်သူ မောင်ကျော်မင်းသန့်[၁၂/ကမတ(နိုင်) ၀၇၄၁၃၁]သည် မိဘနှစ်ပါး၏ ဆိုဆုံးမမှုကိုမနာခံဘဲ ၎င်း၏သဘောအတိုင်း ပြုမူဆောင်ရွက်နေပြီး မိဘနှစ်ပါးအား အမျိုးမျိုးစိတ်ဒုက္ခပေးနေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စ အဝဝသည် မိသားစုနှင့်မသက်ဆိုင်ကြောင်းနှင့် တာဝန်ယူဖြေရှင်းပေးမည်မဟုတ် ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးလှသိန်း–ဒေါ်စိန်ဌေး**
**အမှတ်(၃၁)၊ သန္တာလမ်း၊ ဘလုတ်ညွှန့်ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်။**
**ဖုန်း–၀၉–၆၇၇၉၀၀၈၃၅**

## မီးဘေး ရှောင် မလောင်ခင် တား

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၄)ရပ်ကွက်၊ ဗိုလ်စိန်မှန်လမ်း၊ အမှတ်(၇၉၇/က)ဟု ခေါ်တွင်သော အကျယ်အဝန်း အလျားပေ(၄၀)xအနံပေ(၆၀)အနက်မှ အလျားပေ(၂၅)xအနံပေ(၆၀) မြေကွက်နှင့်အိမ်အား နှစ်(၆၀)မြေငှားစာချုပ် အမည်ပေါက် ပိုင်ဆိုင်သူ ဦးကြည်[၁၃/ကတန(နိုင်)၀၈၀၄၈၀]၏ သားသမီးများဖြစ်သော (၁)ဒေါ်ခင်မာဦး[၁၂/ဥကမ(နိုင်)၀၃၁၀၆၄]၊ (၂)ဒေါ်မေ သန့်ဇင်ဦး[၆/ပလန(နိုင်)၀၀၁၆၆၃]၊ (၃)ဦးလင်းထိန်[၁၂/ဒဂမ(နိုင်)၀၀၆၆၅၈]၊ (၄)ဦးဌေးအောင်[၁၂/ဥကမ (နိုင်)၀၆၆၈၅၄]တို့သည် ၎င်းတို့သာရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုကမ်းလှမ်းလာသည်ဖြစ်၍ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးမင်းမင်းစိုး[၅/ ရဘန(နိုင်)၁၃၀၆၅၉]၊ ဒေါ်စန္ဒာမြင့်[၁၂/ဥကမ(နိုင်)၁၇၈၄၈၆]တို့မှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် အရောင်း အဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်ခွင့်ရှိသူများသည် ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ– ဦးမြင့်ဇော်ဦး(LL.B)**
**(စဉ်–၁၄၄၁၀)တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၇၃၅)၊ ညောင်ဦးဖီးလမ်း၊ (၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်။**
**Ph:09–420307568,09–794744866**

အဂတိ ပယ်ချ ပြည်သာယာ

နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး"မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**ကြေးမုံ ယနေ့ ဖတ်စရာ**

**အကြမ်းဖက် PDF အဖွဲ့များနှင့် ဆက်သွယ်၍ အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်နေသူ မင်းကင်းမြို့နယ် NLD ပါတီဝင် ကျော်မင်းထွဋ်နှင့် ဆက်စပ်တရားခံ သုံးဦး ဖမ်းဆီးရမိ**

**တရားမဝင်ငွေကြေးကောက်ခံမှုများ၊ အကြမ်းဖက်လုပ်ငန်းများနှင့် အပြစ်မဲ့ပြည်သူများကို ဒလန်အဖြစ် စွပ်စွဲသတ်ဖြတ်ခြင်းများ လုပ်ဆောင်**

စာမျက်နှာ » ၁၅



**ရသစုံလင် ပြီးပျော်ရွှင်**

စာမျက်နှာ » ၂၀၊ ၂၁

## မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းတိုက်စစ်မှူး ဝင်းသိင်္ဂီထွန်း အိန္ဒိယကလပ်၌ သွားရောက်ကစားမည်

**ရန်ကုန် စက်တင်ဘာ ၂၆**

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းတိုက်စစ်မှူး ဝင်းသိင်္ဂီထွန်းသည် အိန္ဒိယကလပ်အသင်းတွင် ကာလတိုစာချုပ်ဖြင့် သွားရောက်ကစားမည်ဖြစ်သည်။

ဝင်းသိင်္ဂီထွန်းသည် အိန္ဒိယအမျိုးသမီးလိဂ်ချန်ပီယံအသင်းဖြစ်သော Gokulam Kerala FC(GKFC)အသင်းသို့ ကာလတိုစာချုပ်ဖြင့် ပြောင်းရွှေ့ကစားမည်ဖြစ်ပြီး အောက်တိုဘာနောက်ဆုံးပတ်တွင် သွားရောက်ပူးပေါင်းမည်ဖြစ်သည်။ ဝင်းသိင်္ဂီထွန်းသည် မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်း အောက်တိုဘာ ၁၈ ရက်မှ ၂၄ ရက်အထိ ယှဉ်ပြိုင်ရမည့် အာရှဖလား အမျိုးသမီးခြေစစ်ပွဲအပြီးတွင် သွားရောက်ပူးပေါင်းမည်ဖြစ်သည်။ Gokulam Kerala FC အသင်းသည် နိုဝင်ဘာလအတွင်း ကျင်းပမည့် AFC Women's Club Championship ပြိုင်ပွဲအတွက် မြန်မာတိုက်စစ်မှူး ဝင်းသိင်္ဂီထွန်းကို ခေါ်ယူခြင်းဖြစ်သည်။

**စာမျက်နှာ ၂၂ ကော်လံ ၁ သို့ ❍**





## ပြည်ပသို့ တိရစ္ဆာန်အရှင်တင်ပို့ခြင်းထက် တန်ဖိုးမြင့်နှင့် အရည်အသွေးမြင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်တင်ပို့နိုင်ရန် ကြိုးပမ်းဆောင်ရွက်နေ

ရန်ကုန် စက်တင်ဘာ ၂၆

ကျွဲ၊ နွား အရှင်ကို ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချရာ၌ မွေးမြူသောတောင်သူနှင့် ထုတ်လုပ်သူတို့ အကျိုးအမြတ်ရရှိကြပြီး ထိုသို့ အရှင်တင်ပို့ခြင်းထက် တန်ဖိုးမြင့်နှင့် အရည်အသွေးမြင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်တင်ပို့နိုင်ပါက နိုင်ငံတော်နှင့် တောင်သူ၊ ထုတ်လုပ်သူတို့ ပိုမိုအကျိုးရရှိစေမည်ဖြစ်ရာ ပူးပေါင်းဆောင်ရွက်မှုဖြင့် ပြည်ပပို့ကုန် အသားကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် ကြိုးပမ်းဆောင်ရွက်နေကြောင်း သိရသည်။

စာမျက်နှာ ၂၅ ကော်လံ ၁ သို့ ❖

## မောင့်ပယ်လီယာအသင်းကို နှစ်ဂိုးပြတ်နဲ့ ပီအက်စ်ဂျီအသင်း အနိုင်ရ

ပီအက်စ်ဂျီအသင်းဟာ ပြင်သစ်ပထမတန်းပွဲစဉ်(၈)အဖြစ် စက်တင်ဘာ ၂၅ ရက် ညပိုင်းက မောင့်ပယ်လီယာအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရာ မောင့်ပယ်လီယာအသင်းကို နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာကြောင့် ရာသီအစ ရာနှုန်းပြည့်နိုင်ပွဲဆက်မှုကို ဆက်ထိန်းထားနိုင်ခဲ့ပြီ ဖြစ်ပါတယ်။

**သွင်းယူပေးခဲ့**

အဲဒီပွဲစဉ်မှာ ပီအက်စ်ဂျီအသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲကစားချိန် ၁၄ မိနစ်မှာ ဒီမာရီယာဖန်တီးပေးတဲ့ ဘောလုံးကို ဂူအိုင်းက တစ်ဂိုးသွင်းယူပေးခဲ့ပြီး ကျန်တစ်ဂိုးကိုတော့ ပွဲကစားချိန် ၈၉ မိနစ်မှာ ဒရက်ဇ်လာက တစ်ဂိုး အသီးသီးသွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

ပီအက်စ်ဂျီအသင်းဟာ အခုနှစ်ဘောလုံးရာသီ ပြင်သစ်ပထမတန်းပြိုင်ပွဲမှာ ရှစ်ပွဲကစားအပြီးမှာ ရှစ်ပွဲစလုံး အနိုင်ရရှိခဲ့တာကြောင့် ရမှတ်စုစုပေါင်း ၂၄ မှတ်နဲ့ အမှတ်ပေးဇယားထိပ်ဆုံးမှာ ဦးဆောင်နေတာ ဖြစ်ပါတယ်။

**စာမျက်နှာ ၂၂ ကော်လံ ၁ သို့ ❒**